ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှ စတင်ထုတ်ဝေသည်။
၁၉၅၇ ဖြို ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့။ Monday, 24 February 2025 ၁၁၇၄၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တွင် ဖော်ပြထားပါသည်။

### ယနေ့ ဖတ်စရာ

**ပဉ္စမအကြိမ် မြန်မာ- ရုရှား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင် အစည်းအဝေးကျင်းပ၊ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း ဆက်သွယ်မှုကွန်ရက်များ တိုးချဲ့နိုင်မည်**

စာမျက်နှာ » ၃

**ကမ်းဆင့်လို့ထိန်းသိမ်းရမယ့် သမိုင်းထဲက တောင်ငူအမွေအနှစ်**



ဆောင်းပါး စာမျက်နှာ » ၆

**လိင်မှုဆိုင်ရာ ကျန်းမာရေး ကောင်းမွန်စေရန် ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများ ကာကွယ်ခြင်း**

စာမျက်နှာ » ၁၀



ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ သုခဒဂုံ ပြည်သူ့အငှားအိမ်ရာစီမံကိန်းရှိ အဆောက်အအုံများကို တွေ့ရစဉ်။

# သုခဒဂုံ ပြည်သူ့အငှားအိမ်ရာစီမံကိန်းရှိ အဆောက်အအုံ ၁၇၁ လုံး တည်ဆောက်ပြီးစီး၊ အိမ်ထောင်စု ၂၇၃၆ စုအထိ နေထိုင်လျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ သုခဒဂုံ ပြည်သူ့အငှားအိမ်ရာစီမံကိန်းဧရိယာသည် ၁၈၁ ဧက ကျယ်ဝန်းပြီး လေးထပ် ၁၆ ခန်း နှစ်လုံးတွဲအဆောက်အအုံ ၂၇၂ လုံး တည်ဆောက်သွားမည်ဖြစ်ရာ လက်ရှိတွင် အဆောက်အအုံ စုစုပေါင်း ၁၇၁ လုံး ပြီးစီးနေပြီဖြစ်ပြီး လျှောက်ထားသူများအနက် မဲပေါက်သည့်အိမ်ထောင်စုပေါင်း ၂၇၃၆ စုကို နေထိုင်ခွင့်ပေးထားကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၄ သို့ ★



**မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၀၉ ဦး ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းခဲ့**

စာမျက်နှာ » ၉





**စားအုန်းဆီနှင့် နောက်ဆက်တွဲနှလုံးရောဂါ**

ဆောင်းပါး စာမျက်နှာ » ၁၉

ကြေးမုံ

# အထင်အမြင်လွဲမှားအောင်တိုက်ခိုက်မှုများ အသိ၊ သတိဖြင့်ယှဉ် စဉ်းစားဆင်ခြင်

ယနေ့အချိန်အခါတွင် နိုင်ငံတော်အတွင်း အကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများ၊ လက်နက်ကိုင်သောင်းကျန်းမှုများ ပြုလုပ်ခြင်းနှင့် နိုင်ငံတော်ကို ပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာရှိနေခြင်းသည် နိုင်ငံတော်အတွက် အန္တရာယ်အလွန်ကြီးမားလှသည်။ ထိုသို့ပြုလုပ်နေမှုများမှာ ပယောဂအမျိုးမျိုး၊ အကြောင်းအမျိုးမျိုးတို့ကိုအခြေခံသည့် ဤနိုင်ငံတွင် မွေးဖွားကြီးပြင်းခဲ့ကြသော မြန်မာနိုင်ငံသားများဖြစ်နေသည်ကို အံ့သြဖွယ်တွေ့ရသည်။ ဤမြေတွင်နေ၊ ဤရေကိုသောက်၍ မိမိနိုင်ငံကို မိမိတို့ကိုယ်တိုင်ဖျက်ဆီးကြသော လူမျိုးသည် ကမ္ဘာပေါ်တွင် ရှားပါးလွန်းလှသည်။

ဒီမိုကရေစီရေး၊ တိုင်းရင်းသားရေး၊ လူ့အခွင့်အရေးဟု ကြွေးကြော်ကြသော်လည်း လက်တွေ့တွင် ၎င်းတို့လုပ်ရပ်များမှာ မိမိဒေသ၊ မိမိလူမျိုး၊ မိမိပြည်ထောင်စုအား ပြိုကွဲပျက်စီးအောင်ပြုလုပ်နေသည်ကို ပြုလုပ်မှန်းမသိသည့် မိုက်တွင်းနက်သူများဟု ဆိုရမည်ဖြစ်သည်။ နိုင်ငံတော်နှင့် လူပုဂ္ဂိုလ် ကွဲကွဲပြားပြားနားမလည်ကြသည့် ဆင်ခြင်တုံတရားနည်းပါးသူများဟုလည်း ပြောနိုင်သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား နှစ်ပေါင်းထောင်ပေါင်းများစွာ ဖြစ်တည်လာခဲ့သည့် သံယောဇဉ်များနှင့် ချစ်ခင်တွယ်တာမှုတို့ကို ဖြိုခွဲဖျက်ဆီးလျက်ရှိသည့် ပြည်တွင်း၊ ပြည်ပမှ အဖျက်အင်အားစုများ၏ မြန်မာအချင်းချင်းမုန်းတီးစေရန်အတွက် သွေးခွဲရန်တိုက်ပေးမှုများ၊ ကျဉ်းမြောင်းသော လူမျိုးရေးအယူဝါဒ သွတ်သွင်းနေမှုများကို အထူးသတိပြုကာကွယ်ကြရန် လိုအပ်သည်။

ယနေ့ကြုံတွေ့နေရသော အကြမ်းဖက်လုပ်ရပ်များသည် ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုရလဒ် ပယ်ဖျက်ခံရသည့်အပေါ် အမှန်ကိုအမှန်အတိုင်း သုံးသပ်ရှုမြင်မှုမရှိဘဲ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် လိုချင်တပ်မက်သည့်ဆန္ဒကြောင့် ဖြစ်ပေါ်လာသော သွေးထိုးလှုံ့ဆော်မှုများမှ စတင်ခဲ့သည်မှာထင်ရှားသည်။ အာဏာအတွက် နိုင်ငံကို ပြိုကွဲပျက်စီးမည့်လမ်းကြောင်းပေါ်သို့ အရောက်ပို့ခဲ့သည့် မိုက်မဲသောလုပ်ရပ်ဖြစ်သည်။ နိုင်ငံတော်နှင့် ပြည်သူအပေါ် သဘောထားမမှန်ကန်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ကလည်း ဖြစ်ပေါ်လာသော နိုင်ငံရေးမတည်ငြိမ်မှုကို အခွင့်ကောင်းယူပြီး တည်ငြိမ်အေးချမ်းနေသောဒေသများအား အကြမ်းဖက်ဖျက်ဆီးတိုက်ခိုက်ခဲ့ကြသည်။ ထိုဖြစ်စဉ်များကြောင့် နယ်မြေဒေသများမှ အပြစ်မဲ့ ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ဥစ္စာများသာမက ပြည်သူပိုင်အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးကာ ဒုက္ခအခက်အခဲအမျိုးမျိုး ကြုံတွေ့နေရသည်မှာ အားလုံးအသိပင်ဖြစ်သည်။

လက်နက်ကိုင်အကြမ်းဖက်မှုများ၏ဆိုးကျိုးကို လက်တွေ့ခံစားနေရသည်မှာ ဒေသခံတိုင်းရင်းသားပြည်သူများပင်ဖြစ်သည်။ နိုင်ငံတော်၏အရင်းအမြစ်များနှင့် အခြေခံအဆောက်အအုံများပျက်စီးဆုံးရှုံးရသည်။ နိုင်ငံတော်ကို တိုးတက်အောင်၊ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် အားကောင်းလာအောင် အစွမ်းကုန်တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း ယခုကဲ့သို့ ဆင်ခြင်တုံတရားနည်းပါးစွာ ပြုလုပ်သည့်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးမှုများမှာ တောင့်တင်းခိုင်မာသည့် နိုင်ငံတော်၏အင်အားကို လျော့ပါးစေသည်။ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် အချိန်များစွာ၊ အကုန်အကျများစွာ၊ ခက်ခဲပင်ပန်းစွာ တည်ဆောက်ရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဟူသော နိုင်ငံရေးရည်မှန်းချက်(၂)ရပ်ကို ချမှတ်ထားပြီး တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေးဟူသော အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါရည်မှန်းချက်များအောင်မြင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ် ချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်း၍ တည်ငြိမ်အေးချမ်းသောပတ်ဝန်းကျင်ကောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်သည်။ ပြည်သူများလူမှုစီးပွားဖွံ့ဖြိုးရေးအတွက် စီးပွားရေးကို ဦးစားပေးဆောင်ရွက်ပြီး စီးပွားရေးကောင်းမွန်ပါက နိုင်ငံရေး၊ လူမှုရေး၊ ကျန်းမာရေးစသည်တို့ တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရနှင့် တပ်မတော်သည် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် သတင်း၊ နည်းပညာနှင့် ဆက်သွယ်ရေးကွန်ရက်စနစ်များ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဆန့်ကျင်ဘက်လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများက လူမှုကွန်ရက်များကိုအသုံးပြုပြီး တပ်မတော်ကို နိုင်ငံရေးသိက္ခာကျအောင်၊ ပြည်သူလူထု ယုံကြည်မှုပျက်ပြားအောင်နှင့် အထင်အမြင်လွဲမှားအောင် ထိုးနှက်တိုက်ခိုက်မှုများ၊ အခြေအမြစ်မရှိသည့် ပြောဆိုရေးသားထုတ်လွှင့်မှုများ ပြုလုပ်လျက်ရှိရာ တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကို ဆိုးဆိုးရွားရွားထိခိုက်စေနိုင်သောကြောင့် နိုင်ငံသားအားလုံးအနေဖြင့် အသိ၊ သတိဖြင့် စဉ်းစားဆင်ခြင် သုံးသပ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ကံမမြို့နယ်အတွင်းရှိ သမဝါယမအသင်းများသို့ တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**မကွေး ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်းရှိ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေသည့် ပုဇင်းနိမ့်ကျေးရွာ၊ သူရတံခွန်လယ်ယာနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသားများ၏ ကြက်၊ ဝက်၊ ငါး၊ နို့စားနွားမွေးမြူရေးလုပ်ငန်းများအား တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။



ဆက်လက်၍ သပြေစောင်းကျေးရွာ၊ ငွေးမီကျေးရွာ၊ အင်ဖက်တောကျေးရွာ၊ ထန်းလေးပင်ကျေးရွာတို့ကို ကွင်းဆင်းပြီး အသင်းအမှုဆောင်များ၊ အသင်းသားများနှင့်တွေ့ဆုံ၍ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များမှာကြားဆွေးနွေးပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၃ - ၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၅၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဦးဝင်းနိုင် | | **အကြီးတန်း သတင်းထောက်များ** - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး | | **အငယ်တန်း သတင်းထောက်များ** - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | | **သုတေသန** - | ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |




ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပဉ္စမအကြိမ် မြန်မာ- ရုရှား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အစည်းအဝေးကျင်းပ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း ဆက်သွယ်မှုကွန်ရက်များ တိုးချဲ့နိုင်မည်









ပဉ္စမအကြိမ် မြန်မာ- ရုရှား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အစည်းအဝေး ကျင်းပစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လာစေရန်ရည်ရွယ်၍ ပဉ္စမအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အစည်းအဝေးကို ကော်မရှင်၏ ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မစ္စတာ မက်ဆင်းရယ်ရှဲသငြိကော့ဗ် တို့ဦးဆောင်၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ကော်မရှင်အစည်းအဝေးကို သီးသန့်အစည်းအဝေး၊ မျက်နှာစုံညီ အစည်းအဝေး၊ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်း အခမ်းအနားနှင့် စီးပွားရေးဖိုရမ်တို့ဖြင့် အပိုင်း ၄ ပိုင်းခွဲ၍ ကျင်းပပြုလုပ်သည်။

ကော်မရှင် အစည်းအဝေး၏ သီးသန့်အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်တို့က အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအဖြစ် တက်ရောက်ကြပြီး ဘာသာရပ်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် ပဉ္စမအကြိမ် မြန်မာ-ရုရှား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေး၏ မျက်နှာစုံညီအစည်းအဝေးကို ကျင်းပရာ ကော်မရှင်၏ ပူးတွဲဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ အိစ်ကန်ဒဲ အာဇီဇော့ဖ်တို့က အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် မြန်မာဘက်မှ ပူးတွဲကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ-ရုရှား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မိတ်ဖက်ဆက်ဆံရေးသည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့် အချိန်မှစပြီး အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဥရောပ - အာရှစီးပွားရေးသမဂ္ဂ (Eurasian Economic Union–EAEU) နှင့် ပူးပေါင်းကာ ဥရောပဈေးကွက်သို့ ဝင်ရောက်နိုင်ပြီး ရုရှားနိုင်ငံအနေဖြင့်လည်း အာရှဈေးကွက်သို့ ပိုမိုချဲ့ထွင်နိုင်မည့် အခွင့်အလမ်းများ ရှိပါကြောင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်ရေးနှင့် ခေတ်မီစက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် ရုရှားရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမို တိုးတက်လာစေရန်အတွက် တိုက်ရိုက်လေကြောင်းလိုင်းများ ပြေးဆွဲလျက်ရှိကြောင်း၊ ယခုအစည်းအဝေး၏ဆွေးနွေးမှုရလဒ်များနှင့် သဘောတူညီချက်များမှတစ်ဆင့် နှစ်နိုင်ငံအကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာအားကောင်းလာပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ကာ နှစ်နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရုရှားဘက်မှ ပူးတွဲကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မစ္စတာ မက်ဆင်းရယ်ရှဲသငြိကော့ဗ်က စတုတ္ထအကြိမ် ကော်မရှင်အစည်းအဝေးကျင်းပပြီး နောက်ပိုင်း ရုရှား-မြန်မာ နှစ်နိုင်ငံအကြား သိသာထင်ရှားသော ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့ကြောင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု သာမက အခြေခံအဆောက်အအုံ စီမံကိန်းများ၊ ဘဏ်လုပ်ငန်းကဏ္ဍ ပူးပေါင်း ဆောင်ရွက်မှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာစီးပွားရေး လုပ်ငန်းများကိုလည်း ရုရှားဈေးကွက်က ကြိုဆိုလျက်ရှိကြောင်း၊ ရုရှား-မြန်မာ စီးပွားရေးဖိုရမ်ကိုလည်း ဆက်လက်ကျင်းပကာ နှစ်နိုင်ငံစီးပွားရေး လုပ်ငန်းရှင်များ အချင်းချင်း ဆက်သွယ်မှု ကွန်ရက်များကို တိုးချဲ့နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

## ဆွေးနွေးတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ အိစ်ကန်ဒဲ အာဇီဇော့ဖ်က မြန်မာ-ရုရှား ကုန်သွယ်မှု ပမာဏတိုးမြှင့်ရေးအတွက် စွမ်းအင်၊ ချူကလီးယားနယ်ပယ်၊ စိုက်ပျိုးရေးနှင့် သတ္တုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံအလေးထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အစီအစဉ်အရ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများနှင့်စပ်လျဉ်း၍ မြန်မာဘက်မှ ကော်မရှင် ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ကလည်းကောင်း၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများ၏ ဖြစ်ပေါ် တိုးတက်မှုများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ရုရှားဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌတို့က လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ပဉ္စမအကြိမ်ကော်မရှင်အစည်းအဝေးတွင် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို ပံ့ပိုးပေးနိုင်မည့် ဥပဒေမူဘောင်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ ဘူမိဗေဒဆိုင်ရာ လေ့လာရှာဖွေမှု၊ ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အဏုမြူစွမ်းအင်အသုံးပြုမှု၊ ပို့ဆောင်ရေး၊ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေး နည်းပညာနှင့် သတင်းမီဒီယာ၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေး၊ စက်မှု၊ ခရီးသွားလုပ်ငန်း၊ ပညာရေး၊ သိပ္ပံနှင့် ကျန်းမာရေး စောင့်ရှောက်မှု၊ ယဉ်ကျေးမှုနှင့် အားကစား၊ အလုပ်သမား၊ ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အာကာသ စူးစမ်းရှာဖွေရေးနှင့် အသုံးပြုရေး၊ Circular Economy နှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များ ပါဝင်သည့် ဆွေးနွေးမှုမှတ်တမ်းတို့ကို ကော်မရှင်ပူးတွဲဥက္ကဋ္ဌများက အတည်ပြုလဲလှယ်ခဲ့ပြီး ပဉ္စမအကြိမ် မြန်မာ-ရုရှား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကော်မရှင် အစည်းအဝေးနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်သည်။




မြန်မာဘက်မှ ပူးတွဲကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ရုရှားဘက်မှ ပူးတွဲကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မစ္စတာ မက်ဆင်းရယ်ရှဲသငြိကော့ဗ်တို့ မြန်မာ- ရုရှားနှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များပါဝင်သည့် ဆွေးနွေးမှုမှတ်တမ်းကို လက်မှတ်ရေးထိုး လဲလှယ်ကြစဉ်။

## လက်မှတ်ရေးထိုးလဲလှယ်

မွန်းလွဲပိုင်းတွင် နှစ်နိုင်ငံ သဘောတူစာချုပ် စာတမ်းများ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ နှစ်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံ၊ ဘဏ်လုပ်ငန်း၊ ပညာရေး၊ ဆက်သွယ်ရေး၊ နည်းပညာနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ စာချုပ်စာတမ်း ၉ ခုကို သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များက လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ အကြား စီးပွားရေးဖိုရမ်ကို ကော်မရှင်ပူးတွဲဥက္ကဋ္ဌများက ဦးဆောင်ကျင်းပပြီး အဖွင့်အမှာစကားများ ပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းဆွေးနွေးပွဲ (၁)အဖြစ် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စကားဝိုင်း၊ စကားဝိုင်း ဆွေးနွေးပွဲ (၂)အဖြစ် ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာ စကားဝိုင်းနှင့် စကားဝိုင်းဆွေးနွေးပွဲ(၃)အဖြစ် အလုပ်သမားကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စကားဝိုင်းကို ကျင်းပကြပြီး နှစ်နိုင်ငံအစိုးရဌာနများမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက တက်ကြွစွာ ပါဝင်ဆွေးနွေးကြသည်။

အဆိုပါ ပဉ္စမအကြိမ် မြန်မာ-ရုရှား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကော်မရှင်အစည်းအဝေး၌ သီးသန့်အစည်းအဝေး၊ မျက်နှာစုံညီ အစည်းအဝေး၊ လက်မှတ်ရေးထိုးပွဲ အခမ်းအနားနှင့် စီးပွားရေးဖိုရမ်တို့သို့ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နှစ်နိုင်ငံကော်မရှင် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် မြန်မာ-ရုရှား စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆေးတက္ကသိုလ်(၁)ရန်ကုန်၌ (၉၈)နှစ်မြောက်ကျောင်းမွေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဆေးတက္ကသိုလ်(၁)ရန်ကုန်၌ (၉၈)နှစ်မြောက် ကျောင်းမွေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အဆိုပါဆေးတက္ကသိုလ်(၁)ဝင်းအတွင်း ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တက်ရောက်အားပေးသည်။

ဦးစွာ ဆေးတက္ကသိုလ်(၁)ရန်ကုန် (၉၈)နှစ်မြောက်ကျောင်းမွေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ပါမောက္ခချုပ် ဒေါက်တာကျော်ရွှေနှင့် ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ ကျောင်းသား ကျောင်းသူများက မင်္ဂလာပါတေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး ဆေးတက္ကသိုလ်(၁)ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာ ကျော်ရွှေက အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းများ၊ အကအလှများဖြင့် သီဆိုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြပြီး ဆေးတက္ကသိုလ်(၁)ရန်ကုန်၏ (၉၈)နှစ်မြောက် ကျောင်းမွေးနေ့ အထိမ်းအမှတ်အခမ်းအနားအတွက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများသည် ဆေးတက္ကသိုလ်(၁)ရန်ကုန်ကျောင်းဝင်းအတွင်း ပြသထားသည့် ပိုစတာ၊ နံရံကပ်စာစောင်ပြခန်းနှင့် ဈေးရောင်းပွဲတော်ကျင်းပသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

၁၉၂၇ ခုနှစ်မှ စတင်အုတ်မြစ်ချခဲ့သော ဆေးတက္ကသိုလ် (၁)ရန်ကုန်သည် ယနေ့ဆိုလျှင် (၉၈)နှစ်တိုင်ရှိပြီဖြစ်ပြီး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်နိုင်ရန်အတွက် ဆေးပညာသင်ကြားပို့ချပေးလျက်ရှိကာ ဆေးပညာရှင်ပေါင်းများစွာကို မွေးထုတ်ပေးလျက်ရှိကြောင်း သိရသည်။



ဖွဲ့ထက်ကို(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးရဲတင့် မွန်ပြည်နယ်အတွင်း စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့် လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

မော်လမြိုင် ဖေဖော်ဝါရီ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့်သည် မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်၊ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးတို့နှင့် အတူ ယမန်နေ့ နံနက်ပိုင်းက သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး စာကြည့်တိုက်နှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့် သထုံခရိုင် ပေါ်တော်မူကျေးရွာရှိ လူငယ်အလင်းရောင် စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

## လုပ်ငန်းဆိုင်ရာများမှာကြား

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့မှ ဦးစီးမှူးများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

မွန်းလွဲပိုင်းတွင် သထုံခရိုင် ပေါ်တော်မူကျေးရွာသို့ ရောက်ရှိပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဖြင့် ဆောက်လုပ်ပြီးစီး ဖွင့်လှစ်လျက်ရှိသော လူငယ်အလင်းရောင် စာကြည့်တိုက်၌ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံရာ စာကြည့်တိုက်ရှင်သန်တိုးတက်ရေး၊ လူငယ်များ အသိပညာဗဟုသုတလေ့လာရေး၊ မိဘဆရာများပူးပေါင်း၍ သားသမီးများကို ဗလငါးတန် ပြည့်ဝသူများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားကာ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းသည်။

ယင်းနောက် ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

မွန်းလွဲပိုင်းတွင် ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးသို့ ရောက်ရှိပြီး စာကြည့်တိုက်နှင့် လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ချောင်းဆုံမြို့နယ် သင်္ကြောစံပြကျေးရွာ သုတစံအိမ် စာကြည့်တိုက်သို့ ရောက်ရှိပြီး တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ စာကြည့်တိုက်ရှင်သန်အောင်မြင်ရေး၊ အကျိုးရှိစေရေးနှင့် လူငယ်များ လူမှုဝန်ထမ်းကိစ္စများတွင် ပူးပေါင်းပါဝင်လာစေရေးတို့ကို ဆွေးနွေးမှာကြားကာ စာအုပ်စာစောင်များ လှူဒါန်းသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ဝန်ထမ်းကောင်းပီသစွာ နိုင်ငံတော်နှင့် ပြည်သူအကျိုးကိုအလေးထားဆောင်ရွက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေး၊ မိမိတို့၏ စာကြည့်တိုက်များတွင် စာဖတ်သူ၊ စာငှားသူ များပြားပြီး လူငယ်များနှင့် ထိတွေ့ဆက်ဆံ၍ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေး၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး၊ ရေရှည်တည်တံ့ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို အလေးထားဆောင်ရွက်ရေး၊ နွေရာသီကျောင်းပိတ်ရက်ကာလတွင် ကျောင်းသား ကျောင်းသူများ အချိန်အလဟဿမဖြစ်စေဘဲ အသိပညာဗဟုသုတပြန့်ပွားစေရေး၊ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ပြပွဲပြိုင်ပွဲများဖြင့် အကျိုးရှိအောင် ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ရှေ့လုပ်ငန်းစဉ်နှင့်အညီ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုအပေါ် အောင်မြင်အောင် ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ဝန်ထမ်းများအား စာသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပျော်ဘွယ်မြို့နယ်၌ အသက်(၁၈)နှစ်အထက် လူဦးရေစာရင်း ကိုက်ညီမှုရှိ/မရှိ မြေပြင်ကွင်းဆင်းစစ်ဆေး

ပျော်ဘွယ် ဖေဖော်ဝါရီ ၂၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပျော်ဘွယ်မြို့နယ်ဦးစီးမှူးရုံးက အသက် (၁၈)နှစ်နှင့်အထက် လူဦးရေစာရင်းများ မှတ်ပုံတင်ထားမှုနှင့် မြေပြင်တွင် အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိ မြေပြင် ကွင်းဆင်းစစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မြင်းဘက်ရပ်ကွက်နှင့် မြို့သစ်ရပ်ကွက်တို့တွင် ဆောင်ရွက်သည်။



မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရာတွင် မြို့နယ်ဦးစီးမှူး ဦးဝေဖြိုးဆောင်က အသက်(၁၈)နှစ်နှင့်အထက် လူဦးရေအားမှတ်ပုံတင်ထားပြီး မြေပြင်တွင် အမှန်တကယ် နေထိုင်မှုရှိ/မရှိကို ဖေဖော်ဝါရီလဆန်းမှ မတ်လကုန်အထိ နှစ်လတာအတွင်း ပြီးစီးအောင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက် ရှိကြောင်း၊ မှတ်ပုံတင်ထားသည့် လူဦးရေစာရင်းနှင့်မြေပြင်ကွင်းဆင်းစစ်ဆေးနေမှုအား ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာစိုး၊ ကွင်းဆင်းကောက်ယူရေးအဖွဲ့တွင်ပါဝင်သည့် ဌာနဆိုင်ရာများက ကြည့်ရှုအားပေးခဲ့ပြီး အိမ်ထောင်စုပေါင်း ၁၀၀၀၀ ကျော် ကွင်းဆင်းစစ်ဆေးပြီးဖြစ်ကြောင်းသိရသည်။

ငွေကြယ်

# အောင်လံမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်ခြင်း သရုပ်ပြ

အောင်လံ ဖေဖော်ဝါရီ ၂၃

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးသရုပ်ပြပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြနန္ဒာဈေး၌ ဆောင်ရွက်သည်။

## လက်တွေ့သရုပ်ပြငြှိမ်းသတ်

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်းက ဈေးအတွင်းရှိဈေးဆိုင်ခန်းများအတွင်း မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အတွက် လိုအပ်သည်များ မှာကြားပြီး မြို့နယ်မီးသတ် ဦးစီးဌာနမှ ဒုတိယ မီးသတ်ဦးစီးမှူးက ဆီမီးငြှိမ်းသတ်ခြင်းကို ဈေးသူဈေးသားတစ်ဦးနှင့်အတူ မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြငြှိမ်းသတ်ခဲ့သည်။

ထို့နောက် မြို့ပေါ်ရပ်ကွက်များမှ မီးသတ်ယာဉ်ရှစ်စီး၊ သန္ဓေမီးသတ်ယာဉ်တစ်စီး စုစုပေါင်း ကိုးစီးဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်/ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြှိမ်းသတ်မှုသရုပ်ပြခြင်းကို ဆောင်ရွက်ကြောင်း သိရသည်။

မျိုးသိန်း(ပြန်/ဆက်)



# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ကန့်ဘလူမြို့၌ အခမဲ့မျက်စိခွဲစိတ်ကုသပေးခြင်းနှင့် သားဖွားမီးယပ်၊ ကလေး၊ အထွေထွေရောဂါများ ကွင်းဆင်းကုသပေး

မုံရွာ ဖေဖော်ဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကန့်ဘလူမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကန့်ဘလူမြို့နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများအား တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက ကြီးကြပ်၍ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ မျက်စိ၊ သားဖွားမီးယပ်နှင့် ကလေး အထူးကု ဆရာဝန်ကြီးများ၊ အထွေထွေရောဂါကု ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက အခမဲ့မျက်စိခွဲစိတ်ကုသခြင်းနှင့် အထူးကု ကွင်းဆင်းကုသပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လာရောက်ဆေးကုသမှုခံယူကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စကားများ ပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ စားသောက်ဖွယ်ရာများ ဝေငှပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မျက်စိလူနာ၊ သားဖွားမီးယပ်လူနာ၊ ကလေးလူနာနှင့် အထွေထွေရောဂါဆိုင်ရာ ရောဂါများအလိုက် စာရင်းများပေးသွင်းနေမှုများနှင့် ရောဂါများအလိုက် စစ်ဆေး၊ စမ်းသပ်၊ ကုသပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။



ယင်းသို့ ဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ကွင်းဆင်းကုသပေးသွားမည်ဖြစ်ပြီး ယနေ့တွင် မျက်စိလူနာ ၅၂၂ ဦး၊ သားဖွားမီးယပ်လူနာ ၃၈ ဦး၊ ကလေးလူနာ ၅၀ နှင့် အထွေထွေရောဂါလူနာ ၁၀၀ တို့အား စစ်ဆေး၊ စမ်းသပ်၊ ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကသာမြို့၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်

ကသာ ဖေဖော်ဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ၅ ရက်မြောက် ထောက်ပံ့ငွေများပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့တော်ခန်းမ၌ ပြုလုပ်သည်။



**စိစစ်ဆောင်ရွက်**

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာ ပြည်သူတစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် လူဦးရေ ၂၄၀ အတွက် ထောက်ပံ့ငွေကျပ် ၄၈၀၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ ကသာမြို့တွင် ယာယီနေရပ်စွန့်ခွာပြည်သူစုစုပေါင်း ၃၁၀၀ ကျော်ရှိပြီး ကျန်ရှိနေသော ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်နိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲလင်းထွန်း(ကသာ)**

## စစ်ကိုင်းမြို့၌ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်



စစ်ကိုင်း ဖေဖော်ဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တွင် ယာယီနေရပ်စွန့်ခွာပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်မှစတင်၍ ပေးအပ်သည်။

**ထောက်ပံ့ပေးအပ်**

ထောက်ပံ့ငွေပေးအပ်ရာတွင် ပြည်သူတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် လူဦးရေ ၂၄၈၂ ဦးအတွက် ငွေကျပ် ၄၉၆၄၀၀၀၀ ကို စစ်ကိုင်းခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ထောက်ပံ့ပေးအပ်သည်။

စစ်ကိုင်းမြို့အနေဖြင့် ယာယီနေရပ်စွန့်ခွာပြည်သူ ၆၀၀၀၀ ကျော်ရှိရာ ကျန်ရှိနေသော ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် ထောက်ပံ့ပေးအပ်နိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**

★ရှေ့ဖုံးမှ

အဆိုပါစီမံကိန်းအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းဘဏ္ဍာငွေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက လမ်းကွန်ရက်နှင့် အဆောက်အအုံအားလုံးကို တာဝန်ယူတည်ဆောက်ပေးလျက်ရှိပြီး ရေဆက်သွယ်ခြင်း၊ သန့်ရှင်းရေးလုပ်ငန်းနှင့် ဈေးများ တည်ဆောက်ခြင်းကို မြို့တော်စည်ပင် (YCDC) က တာဝန်ယူတည်ဆောက်ကာ လျှပ်စစ်မီးရရှိဆက်သွယ်မှုများကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတို့က သတ်မှတ်ကာလပြီးစီးနိုင်ရန် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သုခဒဂုံ ပြည်သူ့အငှားအိမ်ရာစီမံကိန်းသည် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်သွားလာလွယ်ကူစေရန် စီမံကိန်းဧရိယာအတွင်း အမှတ် (၂) လမ်းမှ ဖြတ်သန်းသွားလာနိုင်ပြီး ရန်ကုန်မြို့ပတ်လမ်းနှင့်လည်း ကပ်လျက်တည်ရှိသည်။

လက်ရှိတွင် မဲပေါက်နေထိုင်လျက်ရှိသော ပြည်သူများ အခက်အခဲမရှိ သွားလာနိုင်ရန် စီမံကိန်းအတွင်း အကျယ် ငါးဧက Bus Terminal၊ လူမှုဖူလုံရေးနေရာ၊ ရေပေးဝေစခန်း၊ အခြေခံပညာရေးကျောင်း၊ ခေတ်မီစည်ပင်သာယာဈေး၊ စီးပွားရေးလုပ်ကိုင်နိုင်သော နေရာများသည် မကြာမီကာလတွင် ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

သုခဒဂုံ ပြည်သူ့အငှားအိမ်ရာစီမံကိန်း တည်ဆောက်ပြီးစီးသော တိုက်ခန်းများကို ၂၀၂၄ ခုနှစ်တွင် လျှောက်ထားသူများအား ပွင့်လင်းမြင်သာ မဲစနစ်ကို သုံးကြိမ်ကျင့်သုံးပြီး မဲပေါက်သူပြည်သူများကို နေထိုင်ခွင့်များပြုခဲ့ပြီဖြစ်သည်။ ယခု ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီတွင် မဲပေါက်သူများကိုလည်း ထပ်မံနေထိုင်ခွင့်များ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းဧရိယာအတွင်းရှိ အခြေခံကွန်ကရစ်လမ်းများ၊ အုတ်ရေမြောင်းများ၊ Box Culvert များ၊ လူသွားစင်္ကြံများ၊ အဆောက်အအုံအဝင်လမ်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို အရွယ်အစားမျိုးစုံ ယာဉ်များ ဝင်ထွက်နိုင်ရန် အကျယ် ၄၈ ပေ၊ ဒု ၁၈ လက်မရှိ လမ်းများ၊ ၃၈ ပေ၊ ၂၄ ပေ၊ ၂၂ ပေ၊ ၁၈ ပေ အကျယ်ရှိ လမ်းကွန်ရက်များ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သုခဒဂုံ ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို လျှောက်ထားသူများအနက် မဲစနစ်လေးကြိမ်ပြုလုပ်ပြီးအထိ မဲပေါက်သူ အိမ်ထောင်စုပေါင်း ၂၇၃၆ ဦးအထိ နေထိုင်ခွင့်ပြုခဲ့ကြောင်း သိရသည်။

**စောသိန်းဝင်း**

# ကမ်းဆင့်လို့ထိန်းသိမ်းရမယ့် သမိုင်းထဲက တောင်ငူအမွေအနှစ်

ဗညားဦး

တူးဆွဖော်ယူထားသည့် မြေစာပုံများကြားမှ အုတ်ရိုးအုတ်ဟောင်းများသည် ထင်ရှားကျော်ကြားခဲ့သော သမိုင်းတစ်ခေတ်၏ အမွေအနှစ်အဖြစ် တည်ရှိနေသည်။ အချိန်ကာလ၏တိုက်စားမှုကြောင့် ပြိုပျက်ဟောင်းနွမ်းနေပြီဖြစ်သော်လည်း စည်ပင်ဝပြောခဲ့သည့် တောင်ငူမင်းဆက်၏ ရှေးဟောင်းမြို့တော် အသွင်အပြင်ကို အုတ်ရိုးအုတ်ဟောင်းတို့က လှစ်ဟပြသနေသည်။ ထိုအုတ်ရိုးအုတ်ဟောင်းတို့ကိုလေ့လာခြင်းဖြင့် ရှေးကဘိုးဘေးများ၏ ရှင်သန်နေထိုင်ခဲ့မှုနှင့် ဗိသုကာပညာရပ်ဆိုင်ရာစွမ်းရည်များကို သိရှိနိုင်သည်။

"Old but gold" ဟု ဆိုကြသည့်အတိုင်း ဟောင်းနွမ်းနေပြီဖြစ်သည့် အမွေအနှစ်များသည် နိုင်ငံသားတိုင်းအတွက် ရွှေကဲ့သို့ အဖိုးတန်သည့် အမွေအနှစ်များဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုးကို နိုင်ငံ၏ သက်ရှိ သက်မဲ့ အမွေအနှစ်များအပေါ် နိုင်ငံသားတို့ အလေးထားမှု၊ ထိန်းသိမ်းစောင့်ရှောက်မှုစွမ်းရည်ဖြင့် အကဲဖြတ်ကြသည့်အတွက် တောင်ငူမင်းဆက်၏ ကြွင်းကျန်ရစ်သော မြို့တော်ဟောင်း အသွင်အပြင်အရပ်ရပ်ကိုလည်း ဝိုင်းဝန်းထိန်းသိမ်းကြရမည်သာ။

ထို့အတွက်ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တောင်ငူမြို့ ကေတုမတီ မြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို အလေးပေး ဆောင်ရွက်လျက်ရှိသည်။ တောင်ငူမြို့တော်ဟောင်းသည် အရှေ့အနောက် တာ ၇၀၀၊ တောင်မြောက် တာ ၇၀၀ အကျယ်အဝန်းဖြင့် လေးထောင့်သဏ္ဌာန် တည်ရှိသည်။ မြို့တော်အတွင်း ရေကျုံး၊ နံ့ကျုံး၊ နှစ်ထပ်မြို့ထောင့်စေတီ လေးဆူ၊ မြို့တံခါး ၂၀၊ သိမ် ၂၀ နှင့် ကန်တော်ကြီးတို့ကို ထည့်သွင်း တည်ထားခဲ့ကြသည်။


### မြို့ဟောင်းသို့ အလွယ်တကူ သွားရောက်လေ့လာနိုင်


လက်ရှိအချိန်တွင် မြို့ဟောင်းသည် တောင်ငူမြို့မှ အနောက်ဘက်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအနောက်ဘက် ၁ ဒသမ ၄၇ မိုင် အကွာတွင် တည်ရှိပြီး မြို့ဟောင်းသို့ ဆိုင်ကယ်၊ ကားတို့ဖြင့် အလွယ်တကူ သွားရောက်လေ့လာနိုင်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ တောင်ငူမြို့ ကေတုမတီ မြို့ဟောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန် တူးဖော်သုတေသန လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှစတင်၍ လုပ်ငန်းများ ဆောင်ရွက်နေပြီ ဖြစ်သည်။

### အလျားလိုက် တူးဖော်သုတေသနဆောင်ရွက်

တူးဖော်သုတေသန လုပ်ငန်းဆောင်ရွက်ရာတွင် တောင်ငူ ကေတုမတီမြို့ရိုးနှင့် မြို့ဝင်ပေါက်များ ကြွင်းကျန်ရှိနေသည့် ပုံသဏ္ဌာန်များ အပြည့်အဝ ရရှိနိုင်ရန်အတွက် အလျားလိုက်တူးဖော်သုတေသန ဆောင်ရွက်ခြင်းနှင့် လိုအပ်သည့်နေရာများတွင် ယဉ်ကျေးမှုဆိုင်ရာ ဖြစ်စဉ်များကို သိရှိနိုင်ရန်အတွက် အနက်ချတူးဖော်သုတေသန ဆောင်ရွက်သည့် နည်းစနစ်များဖြင့် ချဉ်းကပ်တူးဖော်လျက်ရှိသည်။ ထို့သို့ တူးဖော်သုတေသနပြုနိုင်ရန် စာအုပ်စာပေအချက်အလက်များ ရှာဖွေစုဆောင်းခြင်း၊ တူးဖော်မှုခွင့်ပြုချက်ရယူခြင်း စသည့်လုပ်ငန်းစဉ်များကို ကြိုတင်ဆောင်ရွက်ကြရသည်။






တောင်ငူ ကေတုမတီမြို့ဟောင်းမြောက်ဘက် မြို့ရိုးပေါ်ရှိ မော်ကွန်းတံခါးနေရာ စမ်းသပ်တူးဖော်သုတေသနဆောင်ရွက်ခြင်း တည်နေရာပြမြေပုံ။

ထို့နောက် သုတေသန နည်းစနစ်များဖြင့် တူးဖော်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်သည့်အခါ တူးဖော်မှုလုပ်ငန်းရပ်တိုင်းကို စနစ်တကျ ဆောင်ရွက်ရသည့်အပြင် ယဉ်ကျေးမှုဆိုင်ရာ ဝတ္ထုပစ္စည်းများ ပြန်လည်ရယူခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း၊ အစီရင်ခံစာရေးသားတင်ပြခြင်း စသည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကိုပါ တစ်ပါတည်း ဆောင်ရွက်ရကြောင်း တူးဖော်သုတေသနလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ သိရသည်။

"လက်ရှိမှာ မြို့ဟောင်းတံခါးပေါက် ၂၀ ထဲက မော်ကွန်းတံခါးပေါက်ကို တူးဖော်သုတေသနပြုလုပ်ရှိပါတယ်။ ဒီကေတုမတီမြို့ဟောင်းရဲ့ အားသာချက်က မြို့ရိုးနဲ့ ရေကျုံး လေးဖက်လေးတန်လုံး မြို့ရိုးတန်း ထင်ထင်ရှားရှားကျန်နေတယ်။ ရေကျုံးမှာဆိုရင် ရေအပြည့်နဲ့ ကျန်ရှိတယ်။ ဒါကြောင့် မြို့ရိုးနဲ့ မူလတံခါးဝင်ပေါက်တွေကို ဖော်ထုတ်ထိန်းသိမ်းပြီး အများပြည်သူလေ့လာနိုင်အောင် စီစဉ်သွားမှာဖြစ်ပါတယ်" ဟု တူးဖော်သုတေသနလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ခေါင်းဆောင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပြောသည်။

တောင်ငူ ကေတုမတီမြို့ဟောင်းသည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် တည်ရှိသည့် မြို့တော်ဟောင်းတစ်ခုဖြစ်ပြီး မြို့တော်ဟောင်းပုံစံသည် လေးထောင့်ပုံသဏ္ဌာန်တည်ရှိသည်။ မြို့ရိုးကို အုတ်ဖြင့်တည်ဆောက်ထားပြီး အုတ်မြို့ရိုး၏ အတွင်းဘက်တွင် မြို့ရိုးပိုမိုကြံ့ခိုင်စေရန်အတွက် မြေသားများဖြင့် ထောက်ပိုးထားသည်။ မြို့ရိုး၏ အပြင်ဘက်တွင် ရေကျုံး၊ နံ့ကျုံးတို့ဖြင့် ဝန်းရံထားသည်။



၂၅-၉-၂၀၂၄ ရက်နေ့တွင် မော်ကွန်းတံခါးနေရာကို တူးဖော်သုတေသနမဆောင်ရွက်မီ ပဏာမ စမ်းသပ်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (တူးဖော်မှုကျင်းကွက်ဧရိယာတွင် သက်ရောက်မှုအနည်းဆုံးရာယ် လျော့နည်းအောင် တူးဖော်မှုဝန်ထမ်းများက လိုအပ်သည့်နေရာများကို ကြိုတင်စစ်ဆေးခြင်းနှင့် အနီးကပ်ကြီးကြပ်ခြင်း။)

"တူးဖော်တွေ့ရှိချက်ရလဒ်တွေအရ လက်ရှိ တူးဖော်သုတေသန ဆောင်ရွက်တဲ့နေရာက တောင်ငူ ကေတုမတီမြို့ဟောင်းမြောက်ဘက် မြို့ဝင်ပေါက်တံခါးနေရာတစ်ခုအဖြစ် အတည်ပြုနိုင်ပါတယ်။ လက်ရှိအနေအထားအထိ တူးဖော်သုတေသန ဆောင်ရွက်ခြင်းရလဒ်မှာ မြို့ဝင်ပေါက်ရဲ့ အခြေခံအဆောက်အအုံ သွင်ပြင်လက္ခဏာတွေဖြစ်တဲ့ ပြအိုးနေရာ၊ မြို့ရိုးနဲ့ ချိတ်ဆက်တည်ဆောက်ထားတဲ့

စာမျက်နှာ ၇ သို့ ❖



တူးဖော်သုတေသနမဆောင်ရွက်မီ တူးဖော်မှုကုန်းကို မြင်တွေ့ရစဉ်။



မော်ကွန်းတံခါး မြို့ဝင်ပေါက်နေရာတွင် Topographic Data ကောက်ယူစဉ်။

❝ဟောင်းနွမ်းနေပြီဖြစ်သည့် အမွေအနှစ်များသည် နိုင်ငံသားတိုင်းအတွက် ရွှေကဲ့သို့အဖိုးတန်သည့် အမွေအနှစ်များဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုးကို နိုင်ငံ၏ သက်ရှိသက်မဲ့ အမွေအနှစ်များအပေါ် နိုင်ငံသားတို့ အလေးထားမှု ထိန်းသိမ်းစောင့်ရှောက်မှုစွမ်းရည်ဖြင့် အကဲဖြတ်ကြသည့်အတွက် တောင်ငူမင်းဆက်၏ ကြွင်းကျန်ရစ်သော မြို့တော်ဟောင်း အသွင်အပြင်အရပ်ရပ်ကိုလည်း ဝိုင်းဝန်းထိန်းသိမ်းကြရမည်❞

❖ စာမျက်နှာ ၆ မှ

မြို့ဝင်ပေါက်လက်တံ အထောက်အထားတွေကို တူးဖော်တွေ့ရှိထားပြီး ဖြစ်ပါတယ်” ဟု ကွင်းဆင်း တူးဖော်ပညာဌာနမှ ကထိက ဦးဇင်ဦးကပြောသည်။

မြို့တည်မှုအခင်းအကျင်းများကို လေ့လာရာတွင် မြို့ဟောင်းရှိ မြို့ဝင်ပေါက်နှင့် လမ်းများ၏ တည်ရှိမှုပုံသဏ္ဌာန်သည် စနစ်တကျမဟာဗျူဟာမြောက် ဖောက်လုပ်ဆက်သွယ်ထားသည်။ မြို့တွင်းရှိ အဓိကလမ်းမကြီးများသည် မြို့ဝင်ပေါက်များနှင့် ဆက်သွယ်ထားသည့်အတွက် ကုန်သွယ်ကူးသန်းသွားလာမှုအပါအဝင် ဆက်သွယ်သွားလာရေး လွယ်ကူစေရန်စီမံထားခြင်းလည်း ဖြစ်နိုင်သည်။

မြို့ရိုးပတ်လည်တွင် ကျုံးများအဆင့်ဆင့် ကာရံထားခြင်းဖြင့် မြို့တော်အတွင်း ရန်သူများ အလွယ်တကူ မဝင်ရောက်နိုင်ရန် မြို့တော်လုံခြုံရေးကို အဆင့်မြှင့်ထားသည်။ ထို့ပြင် မြို့ရိုးကြံ့ခိုင်မှု အားကောင်းစေရန် အဆင့်နှစ်ဆင့်ခံပြီးတည်ဆောက်ထားသည်ကို တူးဖော်သုတေသန ဆောင်ရွက်မှု ရလဒ်များမှတစ်ဆင့် သိရှိခဲ့ရပြီးဖြစ်သည်။

လေးထောင့်ကျကျ တည်ရှိနေသည့် မြို့တော်၏ အလယ်ချက်နေရာများကို တော်ဝင်နန်းတော်ရာနေရာများ၊ အုပ်ချုပ်ရေးဆိုင်ရာ အဆောက်အအုံများဖြင့် စုဖွဲ့တည်ဆောက်ထားခဲ့သည်။ ထို့အတူ မြို့တော်၏ မြို့ပြနေရာများတွင် ဘုရား၊ သိမ်၊ ကျောင်း၊ ကန်၊ နေအိမ်များ၊ ကုန်စည်ဖြန့်ဖြူးရာနေရာများလည်း ပါဝင်နေသည်။

**စည်ပင်ဝပြောခဲ့သည့်**
**မြို့ပြ၏ အထင်ကရသွင်ပြင်လက္ခဏာများ**

မြို့ဟောင်းဝန်းကျင်ရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံနေရာများဖြစ်သည့် ဘုရား၊ ကျောင်းများနှင့် စေတီ၊ ပုထိုးများသည် ဗုဒ္ဓဘာသာလွှမ်းမိုးမှုတို့ကိုထင်ဟပ်လျက်ရှိပြီး စည်ပင်ဝပြောခဲ့သည့် မြို့ပြ၏ အထင်ကရသွင်ပြင်လက္ခဏာများလည်း ဖြစ်သည်။ ထိုအဆောက်အအုံများသည် ဝတ်ပြုရာနေရာများအဖြစ်သာမက ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာလှုပ်ရှားမှုများ၏ ဗဟိုချက်လည်းဖြစ်သည်။



မော်ကွန်းတံခါးပေါက် တူးဖော်သုတေသနဆောင်ရွက်နေမှုကို စည်ပင်သာယာရေးဝန်ကြီး ကြည့်ရှုစစ်ဆေးစဉ်။



ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးစဉ်။

“ကျွန်တော်တို့ဒေသက စိုက်ပျိုးမွေးမြူရေး လုပ်ငန်း ဖြစ်ထွန်းတယ်။ ဘုရား၊ စေတီ၊ ကျောင်း၊ ကန် ပေါများတယ်။ မြို့တော်ဟောင်းရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေလည်း တည်ရှိတယ်။ အဘက်ဘက်က ပြည့်စုံတယ်။ ဒေသခံတစ်ဦးအနေနဲ့ ကိုယ့်ရပ်ရွာမှာ ဒီထက်ဖွံ့ဖြိုးစေချင်တယ်။ ခရီးသွားတွေ အများကြီးလာစေချင်တယ်။ ကိုယ့်ဒေသမှာ ထိန်းသိမ်းစောင့်ရှောက်ရမယ့် အမွေအနှစ်တွေလည်း ပေါများတော့ အခုလည်း သက်ဆိုင်ရာဌာနတွေက လုပ်ဆောင်နေကြပါတယ်။ ဒီအတွက် နိုင်ငံတော်ကလည်း အားပေးတယ်။ ဒါကြောင့် ဒီဒေသအတွက် ယဉ်ကျေးမှုပြတိုက်ကြီးတွေ၊ ဟိုတယ်ဇုန်တွေနဲ့ စည်ကားစေချင်တယ်” ဟု တောင်ငူမြို့မှ ဦးဇော်ကိုကို က ပြောသည်။

လက်ရှိ မော်ကွန်းတံခါး တူးဖော်သုတေသနဆောင်ရွက်ထားသည့်အနေအထားအထိ ရှေးဟောင်းသုတေသနဆိုင်ရာ သွင်ပြင်လက္ခဏာ သုံးခု တွေ့ရှိထားပြီးဖြစ်သည်။ မော်ကွန်းတံခါးနှင့် ဆက်စပ်နေသည့် မြို့ရိုးအစိတ်အပိုင်း၊ မြို့ဝင်ပေါက်၏ အရှေ့ဘက်အနီးတွင် တွေ့ရှိရသည့် အုတ်ရိုးတန်း အထောက်အထားနှင့် မော်ကွန်းတံခါး ဝင်ပေါက်လက်တံအစိတ်အပိုင်း စသည့် သွင်ပြင်လက္ခဏာ သုံးခုကို တွေ့ရှိရကြောင်း တူးဖော်သုတေသနကြီးကြပ်ရေးအဖွဲ့မှ သိရသည်။

“ ဒီလို ယဉ်ကျေးမှုအမွေအနှစ်တွေ ရှိတဲ့အတွက် ဒေသရဲ့ ခရီးသွားလုပ်ငန်းကို အဆင့်မြှင့်တင်နိုင်တယ်။ ဒီလိုမြှင့်တင်ရင်းနဲ့ ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုလုပ်ငန်းတွေကိုပါ တစ်ပါတည်းလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးမှုတွေရရှိလာဖို့ သက်ဆိုင်ရာတာဝန်ရှိသူတွေ၊ ဒေသဆိုင်ရာအဖွဲ့အစည်းတွေ၊ ပြည်သူတွေအားလုံး ပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်”ဟု ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပြောသည်။

ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့သော်လည်း လေးကျွန်းကန်တော်ကြီးသည် တောင်ငူခေတ်အမွေအဖြစ် ယနေ့တိုင် တည်ရှိနေသည်။ ယနေ့အထိ တောင်ငူခေတ် သမိုင်းဝင်ဘုရား၊ စေတီ၊ ပုထိုးများကိုလည်း ဖူးမြော်ကြည်ညိုခွင့် ရရှိနေသေးသည်။ လက်ရှိတွင် မြို့ဟောင်း မြို့ရိုးများကို တူးဖော်ကာ ဘိုးဘေးတို့၏အမွေအနှစ်များကို ထိန်းသိမ်းလျက်ရှိသည်။ သို့ဖြစ်ရာ နိုင်ငံသားများသည် အမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြရင်း ကြွင်းကျန်ရစ်သည့် ဘိုးဘေးတို့၏ အမွေအနှစ်များကို နောင်မျိုးဆက် အဆက်ဆက်တိုင် လက်ဆင့်ကမ်းပြီး မြန်မာ့ယဉ်ကျေးမှုတန်ဖိုးကို မြှင့်တင်ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။








တူးဖော်မှုကာလအတွင်း မြင်တွေ့ရသည့် မော်ကွန်းတံခါးပေါက်နှင့် ဆက်စပ်နေသည့် မြို့ရိုးနှင့် မြို့ဝင်ပေါက်၏ ညာဘက်အစိတ်အပိုင်းပြပုံ(အထက်)။ မြို့ဝင်ပေါက်ရှေ့ရှိ ဆုတ်တက်စီထားသည့် အုတ်ရိုးတန်း(အလယ်)။ မြို့ဝင်ပေါက်လက်တံ၏ အတွင်းဘက် အပိတ်အုတ်ရိုးတန်း(အောက်)။







မြို့ဝင်ပေါက်ရှေ့ရှိဆုတ်တက်စီထားသည့် အုတ်ရိုးတန်း(အထက်)။ ညာဘက်မြို့ဝင်ပေါက်လက်တံကို အနောက်ဘက်မှ မြင်တွေ့ရပုံ(အလယ်)။ မော်ကွန်းတံခါးပေါက်၏ ဘယ်ဘက်မြို့ဝင်ပေါက်နေရာတွင်တွေ့ရှိရသည့် အုတ်ရိုးတန်း(အောက်)။








ညာဘက်မြို့ဝင်ပေါက်အုတ်နံရံအား အနောက်ဘက်မှ မြင်တွေ့ရပုံ (အထက်)။ ညာဘက်မြို့ဝင်ပေါက် လက်တံနေရာတွင် အုတ်ရိုးတန်းများ ဖော်ထုတ်နေစဉ်(အလယ်)။ မြို့ဝင်ပေါက်ရှေ့ရှိ ထပ်မံအသစ်တွေ့ရှိရသည့် အုတ်ရိုးတန်းအစိတ်အပိုင်း ဖော်ထုတ်နေစဉ်(အောက်)။

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်နှင့် ဦးနေမျိုးလှိုင် တတိယအကြိမ်မြောက် အနာဂတ်နည်းပညာဖိုရမ် တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးပုဂ္ဂိုလ် H.E. Mr. Anton Kobyakov ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ဖေဖော်ဝါရီ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ကျင်းပခဲ့သော "တတိယအကြိမ်မြောက် အနာဂတ်နည်းပညာဖိုရမ် (3rd Future Technologies Forum)" သို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်တို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးများနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက်က "တတိယအကြိမ်မြောက် အနာဂတ်နည်းပညာဖိုရမ် (3rd Future Technologies Forum)" တက်ရောက်ကြသူများအား ကြိုဆိုညှော်ခံသည့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။






ထို့နောက် ဒုတိယဝန်ကြီးများနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲပိုင်းတွင် မော်စကိုမြို့ World Trade Centre ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတဗလာဒီမာပူတင် ဦးဆောင်ကျင်းပသည့် တတိယအကြိမ်မြောက် အနာဂတ်နည်းပညာများဖိုရမ် (3rd Future Technologies Forum) ၏ မျက်နှာစုံညီအစည်းအဝေး (Plenary Session) သို့ ကမ္ဘာအရပ်ရပ်မှ တက်ရောက်လာကြသည့် ထိပ်တန်းအစိုးရအရာရှိကြီးများ၊ ကုမ္ပဏီများ၊ တက္ကသိုလ်များနှင့် သုတေသနစင်တာများမှ သိပ္ပံပညာရှင်များနှင့်အတူ တက်ရောက်ခဲ့ကြသည်။

ဖိုရမ်ကို ယနေ့လက်ခံကျင့်သုံးနေသည့် Horizon များ၏အလွန်တွင် ထပ်မံဖြစ်ပေါ်တိုးတက်လာမည့် Horizon များကို အတူတကွရှာဖွေနိုင်ရန်အတွက် ကျင်းပခဲ့ခြင်းဖြစ်သည်။

ဖိုရမ်အတွင်း မော်စကိုမြို့အား တိုးတက်ပြောင်းလဲစေသည့် ရုပ်ဝတ္ထုအသစ်များကို မိတ်ဆက်ပေးခြင်းအပြင် အနာဂတ်ရုပ်ဝတ္ထုပစ္စည်းများ (Materials of the Future) ခေါင်းစဉ်ဖြင့် ဆွေးနွေးသည့် Panel Discussion ကိုလည်း ထည့်သွင်းကျင်းပခဲ့ပြီး ထင်ရှားကျော်ကြားသည့် ဓာတုဗေဒပညာရှင်သုံးဦးက မဝေးတော့သည့်အနာဂတ်ကို သယ်ဆောင်လာမည့် မြို့ပြဝန်းကျင်ကို ပြောင်းလဲတိုးတက်စေသော ရုပ်ဝတ္ထုပစ္စည်းအသစ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဖိုရမ်အပြီးတွင် ဒုတိယဝန်ကြီးများနှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ယမန်နေ့ညနေပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ထားဝယ်မြို့၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**ထားဝယ် ဖေဖော်ဝါရီ ၂၃**

တနင်္သာရီ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် တိုင်းဒေသကြီးနည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ထားဝယ်)တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ထားဝယ်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က အမှာစကားပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးက အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အစိုးရနည်းပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီး ဦးဟိဏ်းထက်အောင်က အခြေခံ စက်ချုပ်သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဝင်များက သင်တန်းသား ၂၁ ဦးအား သင်တန်းဆင်းလက်မှတ်ပေးအပ်ပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက သင်တန်းသားများ ချုပ်လုပ်ထားသည့် အဝတ်အထည်များအား ကြည့်ရှုအားပေး၍ သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ချောင်းသာမြို့၌ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် ဆန်များပေးအပ်လှူဒါန်း

**ချောင်းသာ ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့၌ စားဝတ်နေရေးအခက်အခဲရှိသူများအား ဆန်များပေးအပ်လှူဒါန်းခြင်းကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက ချောင်းသာကမ်းခြေရှိ ကျောက်ပုထိုးစေတီတော်အနီးတွင် ပြုလုပ်သည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင်နှင့် တာဝန်ရှိသူများက စားဝတ်နေရေးအခက်ခဲရှိသည့် အိမ်ထောင်စုတစ်စုလျှင် ဆန်နှစ်ပြည်နှုန်းဖြင့် အိမ်ထောင်စု စုစုပေါင်း ၄၀၀ အား ဆန်များ လှူဒါန်းပေးကြသည်။

အဆိုပါ ဆန်များလှူဒါန်းခြင်းကို မြို့အုပ်ချုပ်ရေးမှူးဦးဆောင်ပြီး မြို့အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် မြို့ဒေသခံစီးပွားရေးလုပ်ငန်းရှင်များက ပူးပေါင်းလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချောင်းသာ(ပြန်/ဆက်)



# မိုးကြိုချည်မျှင်ရှည်ဝါစိုက်တောင်သူများသို့ ကြိုတင်ဆောင်ရွက်ရန် လုပ်ငန်းများ နှိုးဆော်ချက်

၁။ မိုးကြိုချည်မျှင်ရှည်ဝါကို ဖေဖော်ဝါရီလလယ်မှ စတင်စိုက်ပျိုးမည်ဖြစ်ရာ မိုးကြိုချည်မျှင်ရှည်ဝါစိုက်တောင်သူများအနေဖြင့် အောက်ပါလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ရမည်ဖြစ်သည်။

**(က) မျိုး**

(၁) မိုးကြိုချည်မျှင်ရှည်ဝါကို အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော ငွေချည်-၆၊ ရွှေတောင်-၈၊ ငွေချည်-၉၊ ရွှေတောင်-၁၀၊ ငွေချည်-၁၁ ဝါမျိုးစေ့များအား ကြိုတင်ဝယ်ယူစုဆောင်းထားရန်

(၂) မျိုးကွဲလုံးဝကင်းစင်ပြီး အပင်ပေါက်ရာခိုင်နှုန်း(၈၀) အထက်ရှိ အရည်အသွေးမြင့် မျိုးဝါစေ့များကိုသာ အသုံးပြုစိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်စုဆောင်းထားရန်

(၃) မျိုးစေ့များ ခြောက်သွေ့ရန်အတွက် နေ(၂-၃)ကြိမ် လှန်းပြီးမှ ဂုန်နီအိတ်တွင်ထည့်၍ ရေမစိုနိုင်သောနေရာတွင် ကတ်များခင်းပြီး သိုလှောင်ထားရန်

**(ခ) မြေ**

(၁) မိုးကြိုချည်မျှင်ရှည်ဝါကို အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ရှေ့သီးနှံများ အချိန်မီဖယ်ရှားရေး၊ အချိန်မီမြေပြုပြင်ပြီးစီးရေး၊ စိုက်ပျိုးချိန်တွင် ရေအပြည့်အဝပေးသွင်းရရှိရေးတို့အတွက် ကြိုတင်အစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန်

(၂) မြေဆီဩဇာသင့်တင့်ကောင်းမွန်ပြီး အစိုဓာတ်ထိန်းသိမ်းမှုနှင့် လေဝင်လေထွက်ကောင်းသော နုန်းမြေ၊ နုန်းစနယ်မြေနှင့် သဲနုန်းမြေများကို ရွေးချယ်စိုက်ပျိုးရန်

**(ဂ) ပေါင်းမြက်ကြိုတင်ကာကွယ်နှိမ်နင်းရေး**

(၁) ရှေ့သီးနှံ(ဥပမာ-စပါး)ရိတ်သိမ်းပြီးသည်နှင့် တစ်ပြိုင်နက် မြေမစိုလွန်း မခြောက်လွန်းရှိမည့် ပပ်ကြားအက်စအချိန်တွင် ပထမထယ်တစ်စပ်ထိုးရန်နှင့် အခြောက်လွန်သွားသောစိုက်ခင်းတွင် ရေစပ်ရုံမျှသွင်းပြီး မြေအထန့်တွင် ထယ်ထိုးရန်

(၂) မိုးနှောင်းချည်မျှင်ရှည်ဝါအပြီး မိုးကြိုဝါ ဆက်လက်စိုက်ပျိုးမည့် စိုက်ခင်းများတွင် ဝါကို နောက်ဆွဲကောက်သိမ်းခြင်းဖြင့် စိုက်ခင်းများအတွင်း ပေါင်းပင်များ အစေ့တည်ပြီး ရင့်မှည့်လာနိုင်သောကြောင့် ပေါင်းပင်များကို ဆက်လက်ရှင်သန်ခွင့်မပေးဘဲ ထယ်ထိုးပေါင်းသတ်ထားရန်

(၃) စိုက်ထယ်ရေးမပြုလုပ်မီအချိန်အတွင်း (၁၆)သွားထွန်တစ်စပ် သို့မဟုတ် နှစ်စပ်ဝင်ပြီး ပေါင်းသတ်ထွန်ရေးပြုလုပ်ထားရန်

(၄) အသုံးပြုမည့် ထယ်/ထွန်/ကြားတိုက်ကိရိယာများတွင် ပေါင်းစေ့များ တွယ်ကပ်မှုမရှိစေရန် ကောင်းစွာသန့်ရှင်းပြီးမှ အသုံးပြုရန်

(၅) မိုးကြိုချည်မျှင်ရှည်ဝါသည် ရေသွင်းစိုက်ပျိုးသည့် သီးနှံဖြစ်သည့်အလျောက် ရေသွင်းမြောင်းများ သန့်ရှင်းရေးကို ကြိုတင်ဆောင်ရွက်ထားရန်

(၆) ကောင်းစွာဆွေးမြည့်သော နွားချေးနှင့်သဘာဝမြေဩဇာများကိုသာ သုံးစွဲရန်

(၇) အကယ်၍ ပေါင်းသတ်ထွန်ရေး မပြုလုပ်နိုင်ခဲ့လျှင်သော်လည်းကောင်း၊ ပေါင်းသတ်ထွန်ရေးပြုလုပ်သော်လည်း ပေါင်းမြက်များ ဆက်လက်ကျန်ရှိနေလျှင်သော်လည်းကောင်း၊ အထူးသဖြင့် မြေစာမြက်ကဲ့သို့သော နှစ်ရှည်ခံပေါင်းမြက်များ ပေါက်ရောက်မှု ထူထပ်လျှင်သော်လည်းကောင်း အစိုဓာတ်သင့်တင့်စွာရှိချိန် ဝါမစိုက်ပျိုးမီအနည်းဆုံး (၂၀-၂၅) ရက်ကြိုတင်၍ ပေါင်းသတ်ဆေးပက်ဖျန်းပေါင်းသတ်ထားရန်

**(ဃ) စိုက်ချိန်မှန်ကန်စေခြင်း**

မိုးကြိုချည်မျှင်ရှည်ဝါ - ဖေဖော်ဝါရီလလယ်မှ မတ်လလယ်အတွင်း

**ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ**
**စိုက်ပျိုးရေးဦးစီးဌာန**





ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၀၉ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၁၀၉ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၂၂၂၀ ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၇၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၅၄၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူများအား ခြိမ်းခြောက်ထိခိုက်မှုများရှိလာသည့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုအပါအဝင် အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက်ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး ထိန်းသိမ်းလွှဲပြောင်းပေးလျက်ရှိကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်တို့ကလည်း အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုအပါအဝင် အွန်လိုင်းဒုစရိုက်မှုလုပ်ငန်းများ မရှိစေရေး ဖော်ထုတ်ခြင်း၊ အရေးယူခြင်းတို့ကိုပြတ်ပြတ်သားသား ကိုင်တွယ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်အစည်းအဝေးမှ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

ပုသိမ် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းတည့် ၁၂ နာရီက ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ထပ်ဆင့်ရှင်းလင်းပွဲတွင် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်က (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ တရားစီရင်ရေးဆိုင်ရာ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်ထွေးထွေးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှာကြားချက်များနှင့် ရုံးလုပ်ငန်းဆိုင်ရာများကို ထပ်ဆင့်ရှင်းလင်းသည်။

အဆိုပါထပ်ဆင့်ရှင်းလင်းပွဲသို့ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် တိုင်းဒေသကြီး တရားလွှတ်တော်၊ ခရိုင်နှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ စုစုပေါင်း ၁၂၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် မြို့နယ်အတွင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက မင်္ဂလာတောင်ညွန့်ရပ်ကွက် ဓမ္မာရုံနှင့် ပုသိမ်ညွန့်ရပ်ကွက် သဒ္ဓမ္မဇျူဟာဓမ္မာရုံတို့၌ ကျင်းပသည်။

ယင်းအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းထွန်းနှင့် တာဝန်ရှိသူများက ပထမအကြိမ်အဖြစ် ရပ်ကွက်ရှစ်ရပ်ကွက်ရှိ လူဦးရေ ၉၈ ဦးအား တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းဖြင့် ငွေကျပ် ၁၉၆၀၀၀၀ ကို လက်ဝယ်အရောက်ပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ရပ်ကွက်များကိုလည်း ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ဒေသအသီးသီးမှ ယာယီနေရပ်စွန့်ခွာသည့် ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက် ၉ နာရီက အမှတ်(၇)ရပ်ကွက်နှင့် ညောင်ကျေးရွာတို့၌ ပြုလုပ်သည်။



ယင်းသို့ပေးအပ်ရာတွင် အမှတ်(၇)ရပ်ကွက်၌ အိမ်ထောင်စု ၅၉ စုမှ အမျိုးသား ၅၆ ဦး၊ အမျိုးသမီး ၈၉ ဦး စုစုပေါင်း ၁၄၅ ဦးနှင့် ညောင်ကျေးရွာ၌ အိမ်ထောင်စု ၅၁ စုမှ အမျိုးသား ၅၃ ဦး၊ အမျိုးသမီး ၈၄ ဦး စုစုပေါင်း ၁၃၇ ဦးတို့ကို မြို့နယ်ထောက်ပံ့ရေးအဖွဲ့၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာပြည်သူတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဂန့်ဂေါမြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ပေးအပ်

ဂန့်ဂေါ ဖေဖော်ဝါရီ ၂၃

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်တွင် ယာယီနေရပ်စွန့်ခွာပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြုလုပ်သည်။

အဆိုပါပေးအပ်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာလာသူပြည်သူ ၉၉၁ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၉၈၂၀၀၀၀ ကို ပြည်သူများလက်ဝယ်အရောက် ပေးအပ်သည်။


အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးမြင့်ဝင်းနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ယာယီနေရပ်စွန့်ခွာလာသူပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**စိန်ကျော်**

# လိင်မှုဆိုင်ရာ ကျန်းမာရေးကောင်းမွန်စေရန် ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများကာကွယ်ခြင်း

ဒေါက်တာထွန်းညွန့်ဦး

**ယနေ့ခေတ်ကမ္ဘာကြီးတွင် ကပ်ရောဂါအသွင်ဖြစ်ပွားနေသည့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ(HIV/AIDS)နှင့် လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါ (Sexually Transmitted Infections–STIs)များ ဖြစ်ပွားနေမှုသည် ၂၀၂၂ ခုနှစ်ကုန်အထိရရှိသော စာရင်းဇယားများအရ ခုခံအားကျဆင်းမှုကူးစက်ရောဂါ(HIV) ပိုး ကူးစက်ခံနေရသူသည် ကမ္ဘာတစ်ဝန်း၌ ၃၉ သန်းခန့်ရှိပြီး အရှေ့တောင်အာရှဒေသတစ်ခုတည်း တွင်ပင် ၃ ဒသမ ၉ သန်းခန့် HIV ပိုး ကူးစက်ခံနေရပါသည်။**




လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါ(STIs)များအနက် ပျောက်ကင်းအောင် ကုသနိုင်သည့် Syphilis, Gonorrhoea, Chlamydia နှင့် Trichomoniasis ကဲ့သို့သော ရောဂါလေးမျိုးသည်ပင် ယနေ့ထိတိုင် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးကဏ္ဍအတွက် အဓိကစိန်ခေါ်မှုအဖြစ် ရှိနေဆဲပင်ဖြစ်ပေသည်။ ၂၀၂၀ ခုနှစ်ကုန် စာရင်းဇယားများအရ ကမ္ဘာတစ်ဝန်း ၁၅ – ၄၉ နှစ်အရွယ်ရှိသူများတွင် လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါလေးမျိုး၏ အသစ်ကူးစက်ဖြစ်ပွားမှု (Incidence) သည် ၃၇၄ သန်းအထိ ရှိခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှဒေသတစ်ခုတည်းတွင်ပင် သန်း ၆၀ အထိ ရှိနေကြောင်းနှင့် ကမ္ဘာတစ်ဝန်း၌ နေ့စဉ်လူတစ်သန်းခန့်အထိ လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါပိုးအသစ် ကူးစက်ခံနေရကြောင်းကိုလည်း လေ့လာသိရှိရပါသည်။

**HIV ကူးစက်ခံရမှုနှုန်း**

ခန့်မှန်းတွက်ချက်မှုများအရ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း ၁၅–၄၉ နှစ်အရွယ် ရှိသူများအနက် HIV ကူးစက်ခံရမှုနှုန်းသည် သုည ဒသမ ၆၇ ရာခိုင်နှုန်း ရှိပြီး HIV ပိုးရှိ ရှင်သန်သူမှာ ၂၈၃၀၀၀ ခန့်ရှိကြောင်း သိရှိရပါသည်။ ၂၀၂၄ ခုနှစ်ကုန်အထိရရှိသော စာရင်းဇယားများအရ မြန်မာနိုင်ငံအတွင်း (HIV/AIDS) ရောဂါသည် အားလုံး၏ ၇၆ ရာခိုင်နှုန်းကို Lifelong ART (အေအာရ်တီဆေး) ဖြင့် ကုသပေးနိုင်ခဲ့ပြီဖြစ်ပါသည်။ HIV ပိုးရှိ ကိုယ်ဝန်ဆောင်မိခင်မှ မိမိရင်သွေးသို့ ရောဂါပိုးကူးစက်မှု ကာကွယ်ခြင်း (Prevention of Vertical Transmi–ssion–PMTCT) လုပ်ငန်းသည်လည်း တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ၈၅ ရာခိုင်နှုန်းအထိ လွှမ်းခြုံမှုပေးထားနိုင်ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများကို ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အနေဖြင့် ကာကွယ်၊ ကုသရေးလုပ်ငန်းများကို စီမံချက်ထား ဆောင်ရွက်နေခြင်းကြောင့် ဦးတည်အုပ်စုများအကြား ကာလသားရောဂါ (Syphilis) ဖြစ်ပွားမှုနှုန်းသည် ၂၀၀၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း သိသာစွာ ကျဆင်းလာခဲ့သည်။

ရောဂါပိုးအသစ် ကူးစက်ခံရမှုနှင့် ဖြစ်ပွားမှုနှုန်း ကျဆင်းလာမှုတို့တွင် "Biomedical, Structural နှင့် Behavioral Intervention များပါဝင်သည့် ပေါင်းစပ်ကာကွယ်ရေးအစီအစဉ် (Combination Prevention Progra–mme) သည် အရေးပါလှပါသည်။

**အခြေခံကျ၊**
**ထိရောက်သည့်နည်းလမ်းများ**

ရောဂါပိုးကူးစက်ရန် အန္တရာယ်ရှိသော လိင်ဆက်ဆံမှုအားလုံးတွင် ကွန်ဒုံးကို စနစ်တကျနှင့် မှန်ကန်စွာအသုံးပြုခြင်း (Condom Promotion)နှင့် ရောဂါပိုးကူးစက်ရန် အန္တရာယ်ရှိသူများနှင့် လိင်ဆက်ဆံမှုမှ ရှောင်ကြဉ်ခြင်း (Abstinence) နည်းလမ်းများသည် HIV နှင့် လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများကို ကာကွယ်ရာတွင် အခြေခံကျ၊ ထိရောက်သည့် နည်းလမ်းများဖြစ်ပါသည်။


မိမိအခြေအနေကို သိရှိအောင် စမ်းသပ်စစ်ဆေးခြင်း (Know Your Status) အတွက် ရွေးချယ်စရာနည်းလမ်းများဖြစ်သော မိမိအနေဖြင့် ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ဆေးခန်း (NAP Clinic)နှင့် ပြည်သူ့ဆေးရုံ၊ လူထုအခြေပြုကွင်းဆင်းစစ်ဆေးပေးသည့်နေရာ (Community–based Clinic) များတွင် စမ်းသပ်စစ်ဆေးခြင်း၊ ရောဂါပိုးကူးစက်ရန် အန္တရာယ်ရှိသည့် "**အညွှန်းခံရသူ**"ကို ရှာဖွေစစ်ဆေးခြင်း (Index case testing)နှင့် မိမိကိုယ်တိုင် လျှို့ဝှက်စွာ စမ်းသပ်စစ်ဆေးခြင်း (Self–testing) စသည့် နည်းလမ်းများအနက် မိမိနှစ်သက်သည့်နည်းလမ်းကို ရွေးချယ်နိုင်ပါသည်။

**ကွင်းဆက်ယူကာ**
**ဆက်လက်စမ်းသပ်စစ်ဆေး**

ရောဂါပိုးကူးစက်ရန် အန္တရာယ်ရှိသည့် "**အညွှန်းခံရသူ**"ကိုရှာဖွေစစ်ဆေးခြင်း (Index case testing) ဆိုသည်မှာ ရောဂါပိုးကူးစက်ရန် အန္တရာယ်ရှိသည့် "**အညွှန်းခံရသူ**"ကို ရှာဖွေစစ်ဆေးပြီး ရောဂါပိုးတွေ့ပါက ထိုသူနှင့်ဆက်စပ်နီးနွယ်ထားသူများ (ဥပမာ– လိင်ဆက်ဆံဖော်၊ သား၊ သမီးနှင့် မူးယစ်ဆေးအကြောထဲထိုးသွင်းသူ)ဖြစ်ပါက ဆေးထိုးအပ်မျှဝေသုံးစွဲသူ စသည်ဖြင့် ကွင်းဆက်ယူကာ ဆက်လက်စမ်းသပ် စစ်ဆေးသွားသည့် နည်းလမ်းပင် ဖြစ်ပါသည်။ ဤကဲ့သို့ စစ်ဆေးရာတွင် စမ်းသပ်စစ်ဆေးခံသူ၏ လျှို့ဝှက်ချက်ကို သေချာစွာ စောင့်ထိန်းရမည်ဖြစ်ပြီး အကယ်၍ ရောဂါပိုးစစ်ဆေးတွေ့ရှိပါကလည်း ညွှန်းပို့ပေးခြင်းကို ဆက်လက်ဆောင်ရွက်သွားရပါမည်။

ကိုယ်တိုင်နမူနာယူခြင်း (Self–sampling) နည်းလမ်းသည် မိမိတွင် လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါပိုးကူးစက်ခံရခြင်း ရှိ၊ မရှိ အခြေအနေကို သိရှိရန်အတွက် များစွာအဆင်ပြေပြီး ကိုယ်ရေးကိုယ်တာကိုလည်း ထိန်းသိမ်းနိုင်သည့် နည်းလမ်းဖြစ်ပါသည်။ ဤနည်းလမ်းဖြင့် အချိန်မီဆောလျင်စွာ ကုသမှုခံယူနိုင်ပြီး ကူးစက်မှုအန္တရာယ်ကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါသည်။

စာမျက်နှာ ၁၁ သို့ ❂




> **"ကုသမှုဖြင့် ကာကွယ်ခြင်း** (Treatment as Prevention) **နည်းလမ်းသည် အလွန်ထိရောက်သော မဟာဗျူဟာတစ်ခုပင်ဖြစ်ပါသည်။** Lifelong ART **(အေအာရ်တီဆေး) ကို စနစ်တကျ ပုံမှန်သောက်သုံးခြင်းဖြင့် ခန္ဓာကိုယ်အတွင်း** HIV **ဗိုင်းရပ်စ်ကို ပုံမှန်စမ်းသပ်စစ်ဆေးခြင်း နည်းလမ်းဖြင့် ရှာဖွေမတွေ့နိုင်သည့်အဆင့်** (Undetectable Level) **အထိ လျှော့ချနိုင်ပြီး ၎င်းအခြေအနေသို့ ရောက်ရှိပါက အခြားသူတစ်ဦးသို့ ထပ်မံမကူးစက်နိုင်သည့်အဆင့်** (Un-trans-mittable Level) **အထိ ရောက်ရှိသွားစေမည် ဖြစ်ပါသည်။ ယင်းအခြေအနေကို နိုင်ငံတကာတွင် "U=U" ဟု ခေါ်ဆိုသုံးနှုန်း"**

# ယွန်းပညာကောလိပ်(ပုဂံ)၌ ဒစ်ဂျစ်တယ် အသိပညာ၊ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်ပွဲကျင်းပ



**ညောင်ဦး ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံယွန်းပညာကောလိပ်၌ ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ယွန်းပညာကောလိပ်(ပုဂံ)အစည်းအဝေးခန်းမ၌ ကျင်းပသည်။


အဆိုပါ သင်တန်းဖွင့်ပွဲတွင် ယွန်းပညာကောလိပ်(ပုဂံ) ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ညောင်ဦးခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းစိုးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းတွင် စာတွေ့လက်တွေ့ သင်ကြားခဲ့ပြီး သိရှိလိုသည်များကို သင်တန်းသား သင်တန်းသူများက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

❂ စာမျက်နှာ ၁၀ မှ

အောက်ဖော်ပြပါပုံများတွင် ပြသထားသည့်အတိုင်း အာခံတွင်း၊ မိန်းမကိုယ်၊ စအို စသည့်နေရာများမှ (Self-sampling) နမူနာယူနိုင်မည်ဖြစ်ပါသည်။




ကုသမှုဖြင့် ကာကွယ်ခြင်း (Treatment as Prevention) နည်းလမ်းသည် အလွန်ထိရောက်သော မဟာဗျူဟာတစ်ခုပင်ဖြစ်ပါသည်။ Lifelong ART (အေအာရ်တီဆေး) ကို စနစ်တကျ ပုံမှန်သောက်သုံးခြင်းဖြင့် ခန္ဓာကိုယ်အတွင်း HIV ဗိုင်းရပ်စ်ကို ပုံမှန်စမ်းသပ်စစ်ဆေးခြင်းနည်းလမ်းဖြင့် ရှာဖွေမတွေ့နိုင်သည့်အဆင့် (Undetectable Level) အထိ လျှော့ချနိုင်ပြီး ၎င်းအခြေအနေသို့ ရောက်ရှိပါက အခြားသူတစ်ဦးသို့ ထပ်မံမကူးစက်နိုင်သည့် အဆင့် (Un-transmittable Level) အထိ ရောက်ရှိသွားစေမည်ဖြစ်ပါသည်။ ယင်းအခြေအနေကို နိုင်ငံတကာတွင် “U=U” ဟုခေါ်ဆိုသုံးနှုန်းပါသည်။

မိမိနှင့် မိမိ၏ လိင်ဆက်ဆံဖော်တွင် လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါ (STIs) ရှိနေပါက ပျောက်ကင်းသည်အထိ ထိထိရောက်ရောက် ကုသမှုခံယူခြင်းဖြင့် ရောဂါပြန်လည်ကူးစက်မှု (Reinfection) နှင့် အခြားသူများကို ထပ်မံကူးစက်ခြင်း စသည်တို့ကို ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

၂၀၀၀ ပြည့်နှစ်ခန့်တွင် မြန်မာနိုင်ငံ၌ စတင်ခဲ့သော မိခင်မှကလေးသို့ HIV ရောဂါပိုး ကူးစက်မှုကာကွယ်ခြင်း (Prevention of Vertical Transmission-PMTCT) စီမံချက်သည် ကိုယ်ဝန်ဆောင်မိခင်များအတွက် မိမိရင်သွေးကို ရောဂါပိုးကူးစက်မှုမှ ကာကွယ်ရန် အထိရောက်ဆုံးသော နည်းလမ်းတစ်ခုဖြစ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန ခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်မှ HIV နှင့် Syphilis ရောဂါ နှစ်မျိုးလုံးကို တစ်ပြိုင်နက် စမ်းသပ်စစ်ဆေးပေးနိုင်သည့် Dual Test kit များကို ဝယ်ယူဖြန့်ဖြူးထားရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် မိခင်မှကလေးသို့ HIV နှင့် Syphilis ရောဂါ နှစ်မျိုးလုံး ကူးစက်ခံရမှုကင်းစင်ပပျောက်သည်အထိ (Dual elimination of mother to child transmission of HIV and Syphilis) ဆောင်ရွက်သွားရန်နှင့် ဖြစ်နိုင်လျှင် အသည်းရောင်အသားဝါ ဘီပိုးကူးစက်ခံရမှုကိုပါ ကင်းစင်ပပျောက်အောင် ပေါင်းစပ်ဆောင်ရွက်ရန်(Triple elimination) ရည်ရွယ်ချက်ထိထားရှိပြီး ကြိုးပမ်းသွားမည်ဖြစ်ပါသည်။ ဤအစီအစဉ်တွင် ကိုယ်ဝန်ဆောင်မိခင်သာမက ဖနီးမောင်နှံစမ်းသပ်စစ်ဆေးကုသခြင်း (Spouse testing) သည် အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေပါသည်။

**ထိရောက်သော ကာကွယ်ရေးမဟာဗျူဟာတစ်ခု**

ရောဂါပိုးကူးစက်မခံရမီ ကြိုတင်ကာကွယ်ခြင်း (Pre-exposure Prophylaxis- PrEP) နည်းလမ်းသည် ထိရောက်သော ကာကွယ်ရေးမဟာဗျူဟာတစ်ခုပင် ဖြစ်ပါသည်။ ဤနည်းလမ်းအတွက် သောက်ဆေး (Oral PrEP)အပြင် အမျိုးသမီးများအတွက် Dipivirine ARV ပါဝင်သည့် Vaginal ring ကို အမျိုးသမီးကိုယ်တွင်း ထည့်သွင်းပြီး တစ်လတစ်ကြိမ် လဲလှယ်ပေးသည့် နည်းလမ်းသည် ရောဂါပိုးကူးစက်ရန် အန္တရာယ်များသော အခြေအနေများရှိသည့် အမျိုးသမီးများအတွက် ရွေးချယ်စရာများထဲမှ တစ်ခုပင်ဖြစ်ပါသည်။

Cabotegravir ကဲ့သို့ Long-acting injectable ARV ထိုးဆေးများသည်လည်း နိုင်ငံတကာဈေးကွက်ထဲတွင် စတင်မိတ်ဆက်လာနေပြီဖြစ်ပါသည်။ အစောပိုင်းကာလ ဆေးဘက်ဆိုင်ရာသုတေသနပြုချက် (Clinical trials) များအရ ၎င်း Cabotegravir ထိုးဆေးကို နှစ်လတစ်ကြိမ်ပုံမှန်ထိုးပါက HIV ပိုးကူးစက်ခံရမှုကို ၉၉ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်မည်ဖြစ်ကြောင်းနှင့် ဈေးနှုန်းကြီးမြင့်မှုကြောင့် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲရန် အခက်အခဲ ရှိနေသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

ရောဂါပိုးကူးစက်ရန် အန္တရာယ်များသောသူနှင့်အတူနေပြီးနောက် ကာကွယ်ဆေးသောက်သုံးခြင်း (Post -exposure prophylaxis- PEP) သည် အန္တရာယ်ရှိသော အခြေအနေများတွင် HIV နှင့် အခြားသော လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများကို အချိန်မီကာကွယ်နိုင်ရန်အတွက် အရေးပါသော နည်းလမ်းတစ်ခုပင်ဖြစ်ပါသည်။ PEP ကို ဖြစ်နိုင်သမျှ မြန်မြန်၊ အထူးသဖြင့် အန္တရာယ်ရှိသော အခြေအနေမှ ၇၂ နာရီအတွင်း စတင်သောက်သုံးရန် အရေးကြီးပါသည်။

ဆေးထိုးအပ်/ ဆေးထိုးပြွန်များကို မျှဝေသုံးစွဲမှု မပြုခြင်းသည်လည်း ထိရောက်သော ကာကွယ်ရေးနည်းလမ်းတစ်ခုပင်ဖြစ်ပါသည်။ ဆေးထိုးရန်လိုအပ်ပါက သန့်ရှင်းသော တစ်ခါသုံးဆေးထိုးအပ်အသစ်များကိုသာ အသုံးပြုခြင်းဖြင့် ဆေးထိုးသုံးစွဲမှုမှတစ်ဆင့် HIV ပိုးကူးစက်မှုကို ကာကွယ်နိုင်ပါသည်။ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသော Needle Syringe Programme- NSP သည် Safe injecting practice အတွက် ပံ့ပိုးပေးရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

မူးယစ်ဆေးဝါး အကြောတွင်းသို့ ထိုးသွင်းသုံးစွဲမှုကို ရှောင်ကြဉ်ခြင်းသည် ဆေးထိုးသုံးစွဲမှုမှတစ်ဆင့် HIV ပိုးကူးစက်မှုကို ၁၀၀ ရာခိုင်နှုန်းကာကွယ်နိုင်သော နည်းလမ်းဖြစ်ပါသည်။ မူးယစ်ဆေးအလွဲသုံးစွဲမှု နောက်ဆက်တွဲကျန်းမာရေးပြဿနာ (Substance use disorder) များနှင့် ပတ်သက်ပြီး အကြံဉာဏ်နှင့် ပံ့ပိုးကူညီမှုပေးသည့် ဝန်ဆောင်မှုများကိုလည်း ကျန်းမာရေးဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်း ဆေးခန်းများတွင် ရရှိနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် HIV နှင့် လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများနှင့် ပတ်သက်ပြီး အသိပညာမြှင့်တင်ပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ကာကွယ်မှုနှင့် ကုသမှုပေးခြင်းစသည့် ရွေးချယ်စရာ နည်းလမ်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ဤနည်းလမ်းများကို ပြည်သူလူထု တစ်ဦးချင်း/ တစ်ယောက်ချင်းစီအထိ ရောက်ရှိစေအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

HIV/ AIDS ကာကွယ်၊ ကုသရေးဆိုင်ရာ သုတေသနဆောင်ရွက်မှုများအနေဖြင့် ART ကုထုံးများကို တိုးတက်ကောင်းမွန်စေရန်၊ ကာကွယ်ဆေး (HIV Vaccines) များ တီထွင်ရန်နှင့် မျိုးရိုးဗီဇပြုပြင်ခြင်း (Gene editing) ကဲ့သို့ နည်းပညာအသစ်များကို စူးစမ်းရှာဖွေလျက်ရှိပါသည်။ မျိုးရိုးဗီဇပြောင်းလဲမှု (CCR5-delta 32 Gene mutation) ရှိပြီးသား အလှူရှင်ထံမှ ပင်မဆဲလ်အစားထိုးကုသမှု (Stem cell transplant) ခံယူခြင်းမှ မမျှော်လင့်ဘဲ HIV (ယာယီ)ရောဂါပျောက်ကင်းမှု (Long-term HIV remission) ရသွားသည့် **“ဘာလင်”** လူနာ (Berlin Patient- Timothy Ray Brown) နှင့် **“လန်ဒန်”** လူနာ (London Patient- Adam Castillejo) တို့သည် ဆောင်ရွက်ဆဲ ဆေးဘက်ဆိုင်ရာ သုတေသန လုပ်ငန်းများအတွက် တွန်းအားဖြစ်စေပါသည်။

မြန်မာနိုင်ငံတွင် လိင်မှုဆိုင်ရာကျန်းမာရေး ထိန်းသိမ်းနိုင်ရန်အတွက် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (HIV/ AIDS) နှင့် အခြားလိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါ(STIs)များ၏ ဖြစ်ပွားနေမှု၊ ကာကွယ်တားဆီးနိုင်သည့်နည်းလမ်းများ၊ တိုက်ဖျက်ရေးဆိုင်ရာ မဟာဗျူဟာများအကြောင်းကို မျှဝေပေးရန် ရည်ရွယ်၍ ရေးသားလိုက်ရပါသည်။ ။

**ကိုးကား-**

၂၂-၁-၂၀၂၅ ရက်နေ့တွင် ကျင်းပသော (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံ၊ ကျန်းမာရေးပြဿနာဖြစ်စေနိုင်သည့်အချက်အလက်များ ဖော်ထုတ်ခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော လူမှုဘဝမြှင့်တင်စေရန် ဆောင်ရွက်ခြင်း ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲမှ “လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများနှင့် HIV ရောဂါကို ကာကွယ်ခြင်းဖြင့် ကျန်းမာရေးကိုထိန်းသိမ်းခြင်း”



# မဟာမကုဋရံသီ ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် ၁၅ ရက်တိုင် ကျင်းပမည်

ပုသိမ် ဖေဖော်ဝါရီ ၂၃

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ တည်ထားကိုးကွယ်လျက်ရှိသော ရှေးဟောင်းသမိုင်းဝင် မဟာမကုဋရံသီ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁၃ ရက် (တပေါင်းလဆန်း ၁ ရက်မှ တပေါင်းလပြည့်နေ့)အထိ ၁၅ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဘုရားပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ပုသိမ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ကော်မတီများဖွဲ့စည်းပြီး ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ပွဲတော်ကာလအတွင်း ကုန်းလမ်း၊ ရေလမ်းခရီးများဖြင့် ဘုရားဖူးပြည်သူများ လွယ်ကူချောမွေ့စွာ ဘုရားဖူးနိုင်ရေးအတွက် မှန်လုံယာဉ်များ၊ နှစ်ထပ်သင်္ဘောကြီးများဖြင့် သွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပဘုရားဖူးခရီးသည်များ အဆင်ပြေစွာတည်းခိုနိုင်ရေးအတွက် စေတီတော်၏ အနောက်ဘက် ကမ်းခြေတွင် ဟိုတယ်များ ဆောက်လုပ်ဖွင့်လှစ်ထားပြီး စေတီတော် ရင်ပြင်အား တိုးချဲ့တည်ဆောက်ကာ ပြည်သူများ အဆင်ပြေစွာ ဘုရားဖူးနားခိုနိုင်ရေး ဆောင်ရွက်ထားကြောင်း သိရသည်။

မြင့်ဦး(အင်းစိန်)





# မြစ်ကြီးနားမြို့၌ (၂၇) ကြိမ်မြောက် ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပူဇော်မှု အကောင်းဆုံးရွေးချယ်ဆုချီးမြှင့်ပွဲ ကျင်းပ

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၃

ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်ဗုဒ္ဓဘာသာ သာသနာရေးအဖွဲ့က ကြီးမှူး ကျင်းပသော (၂၇) ကြိမ်မြောက် ရပ်ကွက်/ကျေးရွာပေါင်းစုံ ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပူဇော်မှု အကောင်းဆုံး ရွေးချယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်မှ စတင် ကျင်းပခဲ့ရာ အကောင်းဆုံး ရွေးချယ်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီက မြစ်ကြီးနားမြို့ သာသနဗိမာန်တော်၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်အေးအေးမော်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ ကျေးရွာများမှ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ကြသည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းက ဝမ်းမြောက်စကား ပြောကြားပြီး မြို့နယ်ဗုဒ္ဓဘာသာ သာသနာရေးအဖွဲ့ဥက္ကဋ္ဌ ဦးငွေးဝင်းက ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပူဇော်ပွဲများ ကျင်းပနိုင်ခဲ့မှုအခြေအနေများ၊ ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ပြိုင်ပွဲဝင်ဝတ်အသင်းများမှ အကောင်းဆုံး ရွေးချယ် ဆုချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ရပ်ကွက်/ ကျေးရွာများမှ အမျိုးသားဝတ်အသင်း နှစ်သင်း၊ အမျိုးသမီးဝတ်အသင်း ၁၅ သင်း စုစုပေါင်းဝတ်အသင်း ၁၇ သင်းမှ ဂုဏ်ပြုဆုရရှိသော ဝတ်အသင်းများအား ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လည်းကောင်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေက တတိယဆုရဝတ်အသင်းအား လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က ဒုတိယဆုရရှိသော ဝတ်အသင်းအား လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က အထူးဂုဏ်ပြုဆုရရှိသော ဝတ်အသင်းနှင့် ပထမဆုရရှိသော ခေမာသီရိ ရပ်ကွက် ဝတ်အသင်းများအား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဇမ္ဗူသီရိမြို့နယ်၌ ဆဋ္ဌမအကြိမ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲနှင့် သံဃဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ဇမ္ဗူသီရိ ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ သာသနဥပတ္ထမ္ဘကအဖွဲ့က ကြီးမှူးကျင်းပသော ဆဋ္ဌမအကြိမ်မြောက် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲနှင့် သံဃဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ဇမ္ဗူသီရိမြို့နယ် မစိုးရိမ်တိုက်သစ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သာယာကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝါသဝ အရှင်သူမြတ်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ပြီး ဇမ္ဗူသီရိမြို့နယ် သံဃနာယကအဖွဲ့အကျိုးတော်ဆောင် ရှားတောကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တရ အရှင်သူမြတ်ထံမှ သာရဏီယသုတ္တဝါဒကထာ နာယူကြသည်။

ယင်းနောက် အလှူရှင်များက နဝကမ္မအလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ သာသနဥပတ္ထမ္ဘကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုများ၊ စာအောင်ဆုများ ဆက်ကပ်လှူဒါန်းပြီး သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲအောင်ကျောင်းသား ကျောင်းသူ သုံးဦးအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ နေပြည်တော် မစိုးရိမ်တိုက်သစ် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဓမ္မ အရှင်သူမြတ်ထံမှ ပရိသတ်များက အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဆက်လက်၍ သံဃဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပရာ ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များက ဆရာတော်၊ သံဃာတော် ၁၄၈ ပါးတို့အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြောင်း သိရသည်။ **ဟိန်းသူအောင်(ပြန်/ဆက်)**





# ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်စက်မှုတက္ကသိုလ်(ယခုရန်ကုန်နည်းပညာတက္ကသိုလ်) ၁၉၈၁–၁၉၈၄ စက်မှုအင်ဂျင်နီယာကျောင်းဆင်းများ၏ နှစ်(၄၀) ပြည့်မြောက် မြတ်ဆရာပူဇော်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ သုခပြည့်စုံဓမ္မဗိမာန်တော်ကြီး ဦးအရိယကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကြွရောက်လာကြသည့် ဆရာကြီးများအား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြပြီး ကန်တော့ခံဆရာကြီးများကိုယ်စား စက်မှုအင်ဂျင်နီယာဌာနမှ အငြိမ်းစား ဆရာကြီးဦးထွန်းရွှေက ဆုတောင်းမေတ္တာစကား ပြောကြားသည်။ ထို့နောက် ကျောင်းသားဟောင်းတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ မြတ်ဆရာပူဇော်ပွဲသို့ ၁၉၈၁– ၁၉၈၄ ပညာသင်နှစ် စက်မှုအင်ဂျင်နီယာဘွဲ့ရ ပြည်တွင်းပြည်ပမှ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပြီး မြတ်ဆရာများအား မြန်မာ့ရိုးရာအစဉ်အလာများနှင့်အညီ ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

## အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခအား နှစ်ပြည်ထောင်ထူထောင်ရေး ဖြေရှင်းချက်ဖြင့်သာ ဖြေရှင်းနိုင်မည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးပြောကြား



အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဗာအဗ္ဗဒဲလက်တီနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ။

ပေကျင်း ဖေဖော်ဝါရီ ၂၃

အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခအား အောင်မြင်စေရေးအတွက် နှစ်ပြည်ထောင်ထူထောင်ရေးဖြေရှင်းချက်ဖြင့်သာ ဖြေရှင်းနိုင်မည်ဟု ယုံကြည်ကြောင်း တရုတ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဗာအဗ္ဗဒဲလက်တီနှင့် ယမန်နေ့က ဖုန်းဖြင့်ဆွေးနွေးစဉ် ပြောကြားခဲ့ကြောင်း သိရသည်။

ဒေသတွင်းအရေးများနှင့် ပတ်သက်၍ တာဝန်ရှိသူနှစ်ဦးအကြား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ အီဂျစ်နိုင်ငံအနေဖြင့် ဂါဇာဒေသအပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ဂါဇာဒေသပြန်လည်ထူထောင်ရေးအတွက် အာရပ်နိုင်ငံများနှင့် လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပြီး ဂါဇာဒေသမှ ပါလက်စတိုင်းများအား အခြားနေရာများသို့ ပြောင်းရွှေ့စေမည့်ကိစ္စကို လက်မခံကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ ဂါဇာဒေသတွင် ငြိမ်းချမ်းရေးရရှိရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တရုတ်နိုင်ငံက ကူညီမည်ဟုယုံကြည်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးက မှတ်ချက်ပြုပြောကြားသည်။

တရုတ်နိုင်ငံသည် အာရပ်နိုင်ငံများ၏ မိတ်ဆွေနိုင်ငံဖြစ်သည့်အတွက် ဂါဇာဒေသမှ ပါလက်စတိုင်းများအား ရွှေ့ပြောင်းမည့်ဆောင်ရွက်ချက်ကို ဆန့်ကျင်ကြောင်းနှင့် ဂါဇာဒေသအပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်ဆောင်ရွက်ရန် ထောက်ခံကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ပြောကြားသည်။

ဂါဇာဒေသသည် ပါလက်စတိုင်းနယ်မြေဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်ပြီးနောက် ဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပါလက်စတိုင်းဒေသခံများကသာ ဦးစီးဆောင်ရွက်ရမည်ဟု ၎င်းက ပြောကြားသည်။ နှစ်ပြည်ထောင်ထူထောင်ရေးဖြေရှင်းချက်ဖြင့်သာ ပဋိပက္ခများကို ဖြေရှင်းနိုင်မည်ဖြစ်ပြီး ထာဝရငြိမ်းချမ်းရေးရရှိမည်ဟု ၎င်းက ပြောကြားသည်။

တွေ့ဆုံစဉ်အတွင်း ဆူဒန်နှင့် ဆီးရီးယားအရေးကိစ္စများကိုလည်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

## ကမ္ဘောဒီးယားနိုင်ငံ၌ စစ်ကျန်ဗုံးဟောင်းတစ်လုံး ပေါက်ကွဲမှုကြောင့် ကလေးငယ်နှစ်ဦးသေဆုံး




ဖနောင်ပင် ဖေဖော်ဝါရီ ၂၃

ကမ္ဘောဒီးယားနိုင်ငံ အနောက်မြောက်ပိုင်း ဆီယမ်ရိပ်ပြည်နယ်တွင် စစ်ကျန်ဗုံးဟောင်းတစ်လုံး ပေါက်ကွဲမှုကြောင့် ကလေးငယ်နှစ်ဦး သေဆုံးခဲ့ကြောင်း မိုင်းရှင်းလင်းရေး အကြီးအကဲတစ်ဦးက ယနေ့ ပြောကြားသည်။

၆၆ မီလီမီတာ (B-63) ဗုံးကျည်သည် ဆေဖေးလူခရိုင် ခရန်ဟွန်ကျေးရွာတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားမိုင်းရှင်းလင်းရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် ဟန်းရတ်ထနာက ပြောကြားသည်။

သေဆုံးခဲ့သည့် ကလေးငယ်နှစ်ဦးမှာ အသက်နှစ်နှစ်သာရှိသေးသည့် ယောက်ျားလေးတစ်ဦးနှင့် မိန်းကလေးတစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

ကလေးငယ် နှစ်ဦးသည် မြေကြီးပေါ်တွင် ဆော့ကစားနေစဉ် အဆိုပါစစ်ကျန်ဗုံးကို မာကြောသော အရာဝတ္ထုတစ်ခုဖြင့် ထိမှန်ခဲ့ခြင်းကြောင့် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့၏ဖခင်က ပြောကြားသည်။

ကမ္ဘောဒီးယား နိုင်ငံသည် မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သော အကြွင်းအကျန်များကြောင့် ထိခိုက်မှု အဆိုးရွားဆုံးခံစားရသည့် နိုင်ငံများတွင် ပါဝင်သည်။ ၁၉၉၈ ခုနှစ်တွင် ပြီးဆုံးခဲ့သော ဆယ်စုနှစ် သုံးခုကြာ စစ်ပွဲနှင့် ပြည်တွင်းပဋိပက္ခများမှ မြေမြှုပ်မိုင်းနှင့် အခြားခဲယမ်းမီးကျောက် ၄ ဒသမ ၆ သန်းခန့် ကျန်ရှိနိုင်ဖွယ်ရှိကြောင်း သိရသည်။

၁၉၇၉ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သော အကြွင်းအကျန်များ ပေါက်ကွဲမှုကြောင့် လူပေါင်း ၁၉၈၃၄ ဦး သေဆုံးခဲ့ပြီး ၄၅၂၂ ဦး ကိုယ်လက်အင်္ဂါ ဆုံးရှုံးခဲ့ကြောင်း ကမ္ဘောဒီးယားတရားဝင် အစီရင်ခံစာတွင် ဖော်ပြသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

## အီသီယိုးပီးယားနိုင်ငံတွင် ၂၀၃၀ ပြည့်နှစ်၌ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ၆၈ ဒသမ ၈ ရာခိုင်နှုန်း လျှော့ချမည်

အဒစ်အဘာဘာ ဖေဖော်ဝါရီ ၂၃

အီသီယိုးပီးယားနိုင်ငံတွင် ၂၀၃၀ ပြည့်နှစ် အရောက်၌ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏ ၆၈ ဒသမ ၈ ရာခိုင်နှုန်းအထိ လျှော့ချမည်ဖြစ်ကြောင်း စီမံကိန်းနှင့်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဖက်ဆန်အေဆီဖာက ပြောကြားသည်။

ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး မဟာဗျူဟာအရ ယင်းဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ စိုက်ပျိုးရေး၊စွမ်းအင်၊ စက်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချပြီး ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း စီမံကိန်းနှင့်ဖွံ့ဖြိုး တိုးတက်ရေးဝန်ကြီးက ပြောကြားသည်။

ပါရီသဘောတူညီချက်ကို လိုက်နာသောအားဖြင့် ၂၀၅၀ ပြည့်နှစ်တွင် အီသီယိုးပီးယားနိုင်ငံအတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု သုညအဆင့်အထိ လျှော့ချရေးဆောင်ရွက်မည်ဟုသိရသည်။ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးလုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်းများမှ ငွေကြေးထောက်ပံ့ခြင်းဖြင့် ကူညီဆောင်ရွက်ရန် ၎င်းကပြောကြားခဲ့သည်။ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးလုပ်ငန်းတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ အချိုးကျပါဝင် ဆောင်ရွက်ရမည်ဟု ၎င်းက ပြောကြားခဲ့သည်။

ကိုးကား -ဆင်ဟွာ၊ ဘာသာပြန် -စိုးသူရ

## ပါလက်စတိုင်း အကျဉ်းသားများ လွှတ်ပေးရေးနှင့်ပတ်သက်ပြီး နှောင့်နှေးကြန့်ကြာသည့်အပေါ် ဟားမတ်စ်အဖွဲ့က အစ္စရေးအစိုးရကို ရှုတ်ချ

ဂါဇာစီးတီး ဖေဖော်ဝါရီ ၂၃

ပါလက်စတိုင်း အကျဉ်းသားများ လွှတ်ပေးရေးနှင့်ပတ်သက်ပြီး နှောင့်နှေးကြန့်ကြာသည့်အပေါ် ဟားမတ်စ် အကြီးတန်းအရာရှိ အီဇက်အယ်လ်ရစ်ရှ်က အစ္စရေးအစိုးရကို ယနေ့ရှုတ်ချခဲ့ကြောင်းသိရသည်။

ထို့ပြင် အဆိုပါဆုံးဖြတ်ချက်သည် နှစ်ဖက်သဘောတူညီချက်အရ ကတိကဝတ်များကိုရှောင်လွှဲရန်အစ္စရေး၏ ကြိုးပမ်းမှုတစ်ရပ်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ရည်ရွယ်ချက်ရှိရှိနှောင့်ယှက်သည်ဟုစွပ်စွဲပြီး ကတိကဝတ်များကိုဖြည့်ဆည်းရာတွင်လည်း အစ္စရေးသည် ယုံကြည်စိတ်ချရမှု ကင်းမဲ့လျက်ရှိကြောင်း အီဇက်အယ်လ်ရစ်ရှ်က ပြောကြားသည်။ သဘောတူညီချက်ကို အကောင်အထည်ဖော်ရန်နှင့် အကျဉ်းသားများ အမြန်လွှတ်ပေးရေး သေချာစေရန် အစ္စရေးအား စေ့စပ်ညှိနှိုင်းပေးသူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအား ချက်ချင်းဖိအားပေးရန် ၎င်းက တိုက်တွန်းခဲ့သည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်၏ ပထမအဆင့်တွင် ဓားစာခံ-အကျဉ်းသား လဲလှယ်ရေး သတ္တမအသုတ်အဖြစ် ဟားမတ်စ်က အစ္စရေးဓားစာခံခြောက်ဦးကို လွှတ်ပေးခဲ့သည်။ အပြန်အလှန်အားဖြင့် အစ္စရေးအစိုးရက ပါလက်စတိုင်း အကျဉ်းသား ၆၀၂ ဦးကို လွှတ်ပေးရန် စီစဉ်ထားသော်လည်း လက်ရှိအချိန်အထိ ရွှေ့ဆိုင်းထားကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

## နည်းပညာကုမ္ပဏီ ဂူဂဲလ်က အီတလီနိုင်ငံ၌ ဝင်ငွေခွန် အမေရိကန်ဒေါ်လာ ၃၃၉ ဒသမ ၄ သန်း ပေးချေခဲ့

ရောမ ဖေဖော်ဝါရီ ၂၃

နည်းပညာကုမ္ပဏီ ဂူဂဲလ်သည် အီတလီနိုင်ငံ၌ ၎င်း၏ လုပ်ငန်းလည်ပတ်မှုမှကျသင့်သည့် ဝင်ငွေခွန် အမေရိကန်ဒေါ်လာ ၃၃၉ ဒသမ ၄ သန်းခန့် ပေးချေခဲ့ကြောင်း အီတလီအာဏာပိုင်များက ယမန်နေ့တွင် ပြောကြားသည်။

ဂူဂဲလ်သည် ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်ကာလအတွင်း လုပ်ငန်းနှင့်ပတ်သက်သည့် ဆက်စပ်အခွန်များပေးဆောင်ရန်ပျက်ကွက်ခဲ့ကြောင်း အီတလီအခွန်အေဂျင်စီက ဆုံးဖြတ်ခဲ့ပြီးနောက် အစိုးရရှေ့နေများသည် စုံစမ်းစစ်ဆေးမှုကို စတင်ခဲ့သည်။

အဆိုပါ စုံစမ်းစစ်ဆေးနေစဉ်ကာလအတွင်း ဂူဂဲလ်နှင့်ပတ်သက်သည့် မည်သည့်လုပ်ငန်းလည်ပတ်မှုကိုမဆို နိုင်ငံအတွင်း၌ ဆိုင်းငံ့ထားခဲ့သည်။

နည်းပညာကုမ္ပဏီဂူဂဲလ်နှင့် အီတလီအခွန်အာဏာပိုင်များအကြား သဘောတူညီချက်တစ်ခုရပြီးနောက် ဂူဂဲလ်သည် အခွန်အငြင်းပွားမှုကို ဖြေရှင်းရန်အတွက် အမေရိကန်ဒေါ်လာ ၃၃၉ ဒသမ ၄ သန်းကို ပေးချေခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီ ၂၈ ရက်တွင် သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးနောက် ဂူဂဲလ်နှင့်ပတ်သက်သည့် ဆိုင်းငံ့ထားသောအမှုကို ပယ်ချရန် ပဏာမ စုံစမ်းစစ်ဆေးရေးတရားသူကြီးထံ အီတလီအစိုးရရှေ့နေများက တင်ပြတောင်းဆိုခဲ့သည်။

လက်ရှိတွင် ဘဏ္ဍာရေးရဲတပ်ဖွဲ့နှင့် ငွေပေးငွေယူအေဂျင်စီတို့သည် ဂူဂဲလ်၏ ကြော်ငြာနေရာရောင်းချမှုမှတစ်ဆင့် ရရှိလာသော ဝင်ငွေများအပေါ် အာရုံစိုက်လျက်ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

## ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုရောဂါကူးစက်ခံရသူတစ်ဦး စစ်ဆေးတွေ့ရှိ ယခုနှစ်အတွင်းရောဂါကူးစက်ခံရသူ သုံးဦးရှိလာ



အစ္စလာမာဘတ် ဖေဖော်ဝါရီ ၂၃

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်တွင် ပိုလီယိုရောဂါကူးစက်ခံရသူတစ်ဦး စစ်ဆေးတွေ့ရှိခဲ့ရာ ယခုနှစ်အစပိုင်းမှစတင်၍ နိုင်ငံတစ်ဝန်း၌ ရောဂါကူးစက်ခံထားရသည့် ကလေးစုစုပေါင်း သုံးဦးအထိရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

အမျိုးသားကျန်းမာရေးဝန်ဆောင်မှု စည်းမျဉ်းများနှင့် ညှိနှိုင်းရေးဝန်ကြီးဌာန လက်အောက်ရှိ အမျိုးသားကျန်းမာရေးဌာန (NIH) ဒေသဆိုင်ရာဓာတ်ခွဲခန်းမှ တာဝန်ရှိသူများသည် ဆင်းပြည်နယ် လာကာနာခရိုင်မှ ကလေးငယ်တစ်ဦးသည် အမျိုးအစား-၁ တောရိုင်းပိုလီယိုဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရကြောင်း အတည်ပြုခဲ့သည်။

ယခုနှစ်အတွင်း စစ်ဆေးတွေ့ရှိသည့် ရောဂါကူးစက်ခံရသူ သုံးဦးအနက် နှစ်ဦးသည် ဆင်းပြည်နယ်မှဖြစ်ပြီး ကျန်တစ်ဦးမှာ နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဘာပတ်ထွန်ခွာ ပြည်နယ်မှဖြစ်ကြောင်း သိရသည်။

ယခုလအစောပိုင်းတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပိုလီယိုကာကွယ်ဆေးကို ဖေဖော်ဝါရီ ၃ ရက်မှ ဖေဖော်ဝါရီ ၉ ရက်အထိ ကလေး ၄၅ သန်းကျော် တိုက်ကျွေးပေးခဲ့ပြီး ရည်မှန်းချက် ၉၉ ရာခိုင်နှုန်း အောင်မြင်ခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ အစိုးရတာဝန်ရှိသူများ၏ အဆိုအရ ၂၀၂၄ ခုနှစ်တွင် နိုင်ငံအတွင်း ပိုလီယိုရောဂါ ကူးစက်ခံရသူပေါင်း ၇၄ ဦးရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

# ချောင်းဆုံမြို့နယ်၌ (၄၁)ကြိမ်မြောက် မဟာရင်ဂိုဏ်းလုံးဆိုင်ရာ ဓမ္မယုတ္တိကနိကာယအသင်း ရေးဖြေစာမေးပွဲဖွင့်ပွဲအခမ်းအနား ကျင်းပ

**ချောင်းဆုံ ဖေဖော်ဝါရီ ၂၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ (၄၁)ကြိမ်မြောက် မဟာရင်ဂိုဏ်းလုံးဆိုင်ရာ ဓမ္မယုတ္တိကနိကာယအသင်း ရေးဖြေစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီက ဒါကျေးရွာခေမာသီဝံပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



**ဖွင့်လှစ်**

ဦးစွာ ရေးဖြေစာမေးပွဲဖွင့်ပွဲအခမ်းအနားကို မင်္ဂလာသုခကျောင်း ဦးစီးပဓာနနာယက ဆရာတော်၊ ဓမ္မယုတ္တိကနိကာယအသင်းစာမေးပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ကတိုးမဟာရင် ဆရာတော်၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကောလိယာနန္ဒ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ် ဝန်ကြီးများ၊ တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားတင်ပြခဲ့ပြီး ဓမ္မယုတ္တိကနိကာယအသင်းစာမေးပွဲ ကျင်းပရေးအတွက် အလှူငွေကျပ် သိန်း ၂၀ ကို ပေးအပ်လှူဒါန်းကာ တက်ရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်ဩဝါဒါစရိယ မင်္ဂလာသုခကျောင်းတိုက် ဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး စာဖြေသံဃာတော်၊ သီလရှင်များ၏ စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ (၄၁)ကြိမ်မြောက် မဟာရင်ဂိုဏ်းလုံးဆိုင်ရာ ဓမ္မယုတ္တိကနိကာယအသင်း ရေးဖြေစာမေးပွဲကို ဆရာတော်၊ သံဃာတော် ၈၂ ပါး၏ ကြီးကြပ်မှုဖြင့် ဝင်ရောက်ဖြေဆိုသူ သံဃာတော်နှင့် သီလရှင်ဂုဏ်ထူးတန်း ကိုးပါး၊ ဓမ္မာစရိယတန်း ၈၂ ပါး၊ ပထမကြီးတန်း ၂၈ ပါး၊ ပထမလတ်တန်း ၄၅ ပါး၊ ပထမငယ်တန်း ၉၃ ပါး၊ မူလတန်း ၈၈ ပါး၊ ဥပစာတန်း ၁၃၂ ပါး စုစုပေါင်း စာဖြေသံဃာတော်နှင့် သီလရှင် ၄၇၇ ပါး ဝင်ရောက်ဖြေဆိုကြပြီး စာမေးပွဲကို ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၆ ရက်အထိ လေးရက်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး စာဖြေသံဃာတော်များနှင့် သီလရှင်များ အေးချမ်းစွာ သီတင်းသုံးနိုင်ရန် ဝေယျာဝစ္စလုပ်ငန်းများအတွက် အလှူရှင်များက လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေ ၆၉၀၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေ ၆၉၀၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၂-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၁၅ | ၃၃၂၅ | ၃၂၉၅ | ၃၂၃၀ | ၃၃၃၅ | ၃၃၅၀ | ၃၃၆၅ | ၃၂၈၅ | ၄၅၀၅ | ၃၅၈၀ | ၃၃၀၀ | ၃၃၀၅ | ၃၃၇၅ | ၃၃၄၀ | ၃၃၆၀ | ၃၆၁၅ |
| 95 Ron | ၃၂၇၀ | ၃၃၈၅ | ၃၃၅၀ | ၃၂၈၅ | ၃၃၉၀ | ၃၄၀၅ | ၃၄၂၅ | ၃၃၄၀ | ၄၅၆၀ | ၃၆၃၅ | ၃၃၆၀ | ၃၃၆၀ | ၃၄၃၀ | ၃၃၉၅ | ၃၄၂၀ | ၃၆၇၅ |
| HSD (500 ppm) | ၂၇၆၅ | ၂၈၈၀ | ၂၈၄၅ | ၂၇၈၀ | ၂၈၈၅ | ၂၉၀၀ | ၂၉၂၀ | ၂၈၃၅ | - | ၃၃၃၀ | ၂၈၅၅ | ၂၈၅၅ | ၂၉၂၅ | ၂၈၉၀ | ၂၉၁၀ | ၃၁၇၀ |
| HSD (50 ppm) | ၃၄၂၅ | ၃၅၃၅ | ၃၅၀၅ | ၃၄၄၀ | ၃၅၄၅ | ၃၅၆၀ | ၃၅၇၅ | ၃၄၉၅ | ၄၈၃၀ | ၃၇၉၀ | ၃၅၁၀ | ၃၅၁၅ | ၃၅၈၅ | ၃၅၅၀ | ၃၅၇၀ | ၃၈၂၅ |
| HSD (10 ppm) | ၃၄၂၅ | ၃၅၃၅ | ၃၅၀၅ | ၃၄၄၀ | ၃၅၄၅ | ၃၅၆၀ | ၃၅၇၅ | ၃၄၉၅ | - | ၃၇၉၀ | ၃၅၁၀ | ၃၅၁၅ | ၃၅၈၅ | ၃၅၅၀ | ၃၅၇၀ | ၃၈၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၃၈ | ၃၁၃၂ |
| 95 Ron | ၃၀၉၄ | ၃၁၈၉ |
| HSD (500 ppm) | ၂၆၀၄ | ၂၆၈၅ |
| HSD (50 ppm) | ၃၂၄၁ | ၃၃၃၆ |
| HSD (10 ppm) | ၃၂၄၁ | ၃၃၃၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# ဟိုပုံးမြို့နယ်၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကျင်းပ

**ဟိုပုံး ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ရောက်ရှိနေသော ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးဌေးအောင်က အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဟိုပုံးမြို့နယ် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုအတွင်းသို့ ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေမှ ပေးအပ်သည့် ဇန်နဝါရီလအတွက် ထောက်ပံ့ငွေများကို ယာယီနေရပ်စွန့်ခွာပြည်သူတစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေမှ ထောက်ပံ့ငွေများကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးအပ်နိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးဌေးအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူး ဖြိုးနိုင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကိုကိုလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခွန်ကောင်းချစ်ထွန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းတို့က ဟိုပုံးမြို့နယ်အတွင်းသို့ ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအား တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

အဆိုပါထောက်ပံ့ငွေများပေးအပ်ရာတွင် ဟိုပုံးမြို့နယ်အတွင်း ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာပြည်သူ ၉၅၀ အတွက် တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၁၉၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာလွင်မာဦး ပါမောက္ခ(ဌာနမှူး) မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ယခုပို့ချချက်သည် ၂၀၂၅ ခုနှစ် မတ်လ၌ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများဖြစ်ပါသည်။ ပို့ချရခြင်း၏ ရည်ရွယ်ချက်မှာ ပြဋ္ဌာန်းစာများကို လေ့လာကျက်မှတ်ရာတွင် အဆင်ပြေချောမွေ့ပြီး စာမေးပွဲကို ထူးချွန်ပေါက်မြောက်စွာ ဖြေဆိုနိုင်ရန်ဖြစ်ပါသည်။ ယခုသင်ရိုးသည် ကျောင်းသား ကျောင်းသူများ လက်တွေ့ဘဝတွင် ထိရောက်စွာအသုံးပြုနိုင်ရန် မြန်မာဘာသာစကား၏ စွမ်းရည်လေးရပ်ဖြစ်သော အပြောအဆိုစွမ်းရည်၊ အနာအကြားစွမ်းရည်၊ အဖတ်အရွတ်စွမ်းရည်၊ အရေးအသားစွမ်းရည်တို့ စနစ်တကျ မြင့်မားတိုးတက်လာစေရန် ရည်ရွယ်ပြီး သင်ကြားခြင်းဖြစ်ပါသည်။ ယခုပို့ချချက်တွင် မေးခွန်းပုံစံနှင့် လိုက်လျောညီစွာ အံဝင်ခွင်ကျ ဖြေဆိုနိုင်ရေးအတွက် ဆွေးနွေးတင်ပြမည်ဖြစ်ပါသည်။

မြန်မာစာဘာသာရပ်ကို လေ့လာရာတွင် တွေးခေါ်စဉ်းစားသည့် အလေ့အထနှင့် စာရေးသားသည့် အလေ့အကျင့်များ ရရှိစေရန်အတွက် စာပေနှင့် ဘာသာစကားကို သင်ကြားလေ့ကျင့်ပေးခြင်း ဖြစ်ပါသည်။ ထိုသို့ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများသည် မှတ်မိခြင်း၊ နားလည်ခြင်း၊ အသုံးချခြင်း၊ စိတ်ပိုင်းခြားခြင်း၊ အကဲဖြတ်ခြင်း၊ တီထွင်ဖန်တီးခြင်းဟူသော အဆင့်များကို တိုးတက်ရရှိလာကာ အဆင့်မြင့် စဉ်းစားတွေးခေါ်မှု စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

**ပြဋ္ဌာန်းစာနှင့် မေးခွန်းဖွဲ့စည်းမှု**

ဒွါဒသမတန်း(တက္ကသိုလ်ဝင်တန်း) မြန်မာစာဘာသာရပ်အတွက် သတ်မှတ်ပြဋ္ဌာန်းထားသော ကျောင်းသုံးစာအုပ်တွင် အပိုင်း (၃)ပိုင်း ပါဝင်ပါသည်။ ထိုအပိုင်း(၃)ပိုင်းမှာ အပြောသင်ခန်းစာ၊ အဖတ်အရွတ်သင်ခန်းစာနှင့် အရေးသင်ခန်းစာတို့ဖြစ်ပါသည်။

မြန်မာစာမေးခွန်းတွင် မေးခွန်းကြီး(၇ )ပုဒ် ပါဝင်ပါသည်။ ဓမ္မဓိဋ္ဌာန်မေးခွန်းကြီး (၁)ပုဒ်၊ မေးခွန်းတိုများ ပါဝင်သည့် မေးခွန်းကြီး (၁)ပုဒ်၊ ကဗျာမေးခွန်းရှည်ကြီး (၁)ပုဒ်၊ စကားပြေ မေးခွန်းရှည်ကြီး (၁)ပုဒ်၊ ရေသည်ပြဇာတ်မေးခွန်းရှည်ကြီး (၁)ပုဒ်၊ စာစီစာကုံး မေးခွန်းကြီး (၁)ပုဒ်နှင့် အဆိုဆွေးနွေးချက်ပါဝင်သည့် မေးခွန်းကြီး (၁)ပုဒ်၊ စုစုပေါင်း (၇)ပုဒ်ဖြစ်ပါသည်။ တချို့မေးခွန်းများတွင် ရွေးချယ်စရာ မေးခွန်းများလည်း ပါဝင်ပါသည်။

**မေးခွန်းတစ်ပုဒ်ချင်း ရှင်းလင်းချက်**

<u>မေးခွန်းနံပါတ်(၁)</u>

တက္ကသိုလ်ဝင်တန်း မြန်မာစာမေးခွန်းလွှာတွင် မေးခွန်းနံပါတ် (၁)သည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများသည် သင်ခန်းစာများကို အမှန်တကယ် နားလည်သဘောပေါက်ခြင်း ရှိ၊ မရှိ၊ ကျေညက်ခြင်း ရှိ၊ မရှိတို့ကို ဆန်းစစ်ကြည့်နိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။ တကယ်နားလည်သဘောပေါက်ပြီး ကျေညက်ခြင်းရှိပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းပုံစံပင်ဖြစ်ပါသည်။

ဤဓမ္မဓိဋ္ဌာန်မေးခွန်းတွင် ပုဒ်ခွဲ(က)၊ ပုဒ်ခွဲ(ခ)နှင့် ပုဒ်ခွဲ(ဂ)ဟူ၍ အပိုင်းသုံးပိုင်း ပါဝင်ပါသည်။ ယင်းအပိုင်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများမှ ဓမ္မဓိဋ္ဌာန် မေးခွန်းများပါဝင်ပါသည်။

မေးခွန်း ၁(က) တွင် မှားမှန်ရောထွေး အမှန်ရွေးသည့် မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ(၁၀)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့် ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၁။ (က) အောက်ပါတို့ကို မှားလျှင်(မှား)၊ မှန်လျှင်(မှန်) ဟု ဖြေဆိုပါ။ (၁၀ မှတ်)

( ၁ ) အသံအနိမ့်အမြင့်နှင့် ဝါကျနိမ့်မြင့်သံများသည် ထိထိရောက်ရောက် စကားပြောဆိုရာတွင် အရေးပါလှသည့် သဘောတရားများအနက်မှ ၂ ခု ဖြစ်သည်။

မေးခွန်း ၁(ခ)တွင် ကွက်လပ်ဖြည့်သည့် မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀) မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၁။ ( ခ ) အောက်ပါတို့ကို ကွက်လပ်ဖြည့်ပါ။ (၁၀ မှတ်)

( ၁ ) ခေတ်စကားပြေကို ____________ ခေတ်တွင် ရေးခဲ့သည်။

မေးခွန်း ၁(ဂ)တွင် ပေးထားသည့် ရွေးချယ်စရာ သုံးခုထဲမှ အမှန်တစ်ခုကို ရွေးချယ်ရသည့် မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများ၊ အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၁။ (ဂ) အောက်ပါတို့မှ အဖြေမှန်ကိုရွေးပါ။ (၁၀ မှတ်)

(၁) ရေးဟန်၏ သွင်ပြင် ____________ ရှိသည်။

(က) သုံးရပ် (ခ) ငါးရပ် (ဂ) ခြောက်ရပ်

ကျောင်းသား ကျောင်းသူများသည် အပိုင်းတစ်ပိုင်းကို ချန်လှပ်ကျက်မှတ်ခြင်းမျိုး မပြုလုပ်သင့်ဘဲ ပြဋ္ဌာန်းစာ၏ အပိုင်းသုံးပိုင်းလုံးကို လေ့လာထားရပါမည်။ သက်ဆိုင်ရာ သင်ခန်းစာနှင့် ပတ်သက်၍ စေ့စေ့စပ်စပ်သေသေချာချာ လေ့လာကျက်မှတ်ထားရန် လိုအပ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**

မေးခွန်းနံပါတ် (၂) တွင် (မေးခွန်းပုဒ်ခွဲ လေးပုဒ်ပါဝင်ပြီး) ၂(က)သည် ခက်ဆစ်မေးခွန်း၊ ၂(ခ)သည် အလင်္ကာမေးခွန်း၊ ၂(ဂ)သည် ရေသည်ပြဇာတ်စကားစပ်မေးခွန်း၊ ၂(ဃ)သည် အပြောသင်ခန်းစာ မေးခွန်းတို ဟူ၍ အပိုင်းလေးပိုင်း ပါဝင်ပါသည်။

မေးခွန်းနံပါတ် ၂(က)သည် ကဗျာ၊ စကားပြေ၊ ရေသည်ပြဇာတ် အပုဒ်များမှ ဝေါဟာရများကို ခက်ဆစ်အဓိပ္ပာယ် ဖွင့်ဆိုစေခြင်းဖြစ်ပါသည်။ ဝေါဟာရ (၇)ခု ပေးထားပြီး (၅)ခု ဖြေဆိုရပါမည်။ ပေးမှတ်မှာ(၅)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့် ရနိုင်သော မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ အောက်ပါတို့ကို ဖြေဆိုပါ။ (၂၀ မှတ်)

၂။ (က) အောက်ပါဝေါဟာရတို့အနက် ငါးခု၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။

စွန့်ကြဲ၊ အဆောတလျင်၊ စေ့စုံ၊ ကျီ၊ ကြိမ်၊ ရဝေ၊ ဘုန်းဟော့။

မြန်မာဝေါဟာရ၏ အဓိပ္ပာယ်သည် အသုံးပြုပုံကိုလိုက်၍ အဓိပ္ပာယ် အမျိုးမျိုး ကွဲပြားတတ်သဖြင့် ခက်ဆစ်မေးခွန်းများကို ဖြေဆိုရာတွင် ပြဋ္ဌာန်းစာပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း ဖွင့်ဆိုရန်၊ အဓိပ္ပာယ်ဖွင့်ဆိုပုံ တိကျရန် လိုအပ်ပါသည်။ ပြဋ္ဌာန်းစာတွင် ဝေါဟာရကို မည်သည့် အဓိပ္ပာယ်ဖြင့် သုံးနှုန်းထားသည်ကို သိရှိစေလိုသည့်အတွက် ပြဋ္ဌာန်းစာအုပ်ပါ ဝေါဟာရ၏ ခက်ဆစ်အဖွင့်ကို စစ်ဆေးခြင်းဖြစ်ပါသည်။ ထို့ပြင် ပေးထားသောဝေါဟာရ၏ သဒ္ဒါအမျိုးအစားနှင့် အဓိပ္ပာယ်ဖွင့်ဆိုသည့် သဒ္ဒါအမျိုးအစား ကိုက်ညီရန် လိုအပ်ပါသည်။ ပေးထားသော ဝေါဟာရသည် နာမ်ဖြစ်လျှင် အနက်ဖွင့်ဆိုရှင်းပြချက်သည် နာမ်ဖြစ်ရပါမည်။ (သာဓက – ကျီ = စပါး၊ ပဲ စသည် သိုလှောင်ရာအဆောက်အအုံ။) ပေးထားသောဝေါဟာရသည် ကြိယာဖြစ်လျှင် အနက်ဖွင့်ဆိုရှင်းပြချက်သည် ကြိယာဖြစ်ရပါမည်။ (သာဓက– စွန့်ကြဲ = လှူသည်။ ပေးကမ်းသည်။) ပေးထားသောဝေါဟာရသည် နာမဝိသေသနဖြစ်လျှင် အနက်ဖွင့်ဆို ရှင်းပြချက်သည် နာမဝိသေသနဖြစ်ရပါမည်။ (သာဓက– ဘုန်းဟော့ = ဘုန်းရှိသော။) ထို့ပြင် ခက်ဆစ်ဖွင့်ဆိုချက်များတွင် တစ်ချောင်းပုဒ်ခံထားပါက အဓိပ္ပာယ်ပြည့်စုံခြင်း မရှိသေးသည့်အတွက် ဆက်လက် ဖော်ပြရန်လိုအပ်ပါသည်။ (သာဓက – စေ့စုံ = ပြည့်ပြည့်စုံစုံ၊ တိတိကျကျ၊ အကြွင်းစုံ။) ပုဒ်မခံထားသော ဖွင့်ဆိုချက်ဖြစ်ပါက တစ်ခုကို ဖော်ပြလျှင် အများအားဖြင့် လုံလောက်ပါသည်။

မေးခွန်းနံပါတ် ၂(ခ) သည် ပေးထားသော စကားအသုံးအနှုန်းကို မည်သည့် အလင်္ကာမြောက်ကြောင်း ရှင်းပြရသော အလင်္ကာမေးခွန်းဖြစ်ပါသည်။ အလင်္ကာဖြေဆိုရာတွင် ကျောင်းသား ကျောင်းသူများ အမှန်တကယ် နားလည်ဖြေဆိုနိုင်သည့် အဖြေအပေါ်တွင် အကဲဖြတ် အမှတ်ပေးမည်ဖြစ်ပါသည်။ မိမိနားလည်တတ်မြောက်ထားသည့် အလင်္ကာသဘောကို မှန်ကန်စွာဖြေဆိုနိုင်လျှင် အမှတ်ပြည့်ရနိုင်မည် ဖြစ်ပါသည်။ ပေးထားမည့် အလင်္ကာအရေအတွက်မှာ (၇) ခု ဖြစ်ပြီး (၅)ခု ရွေးချယ်ဖြေဆိုရပါမည်။ ပေးမှတ်မှာ (၅)မှတ်ဖြစ်ပြီး တိတိကျကျ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုး ဖြစ်ပါသည်။

**နမူနာ**

၂။ (ခ) အောက်ပါတို့အနက် ငါးခုကို ရွေးချယ်ပြီး မည်သည့်အလင်္ကာ မြောက်ကြောင်း ရှင်းပြပါ။

စိန်ပွင့်အုံး၊ ကိစ္စတုံး၊ မာန်စွယ်၊ ဖြုတ်မျက်လုံးလောက်၊ တကြုတ်ကြုတ်၊ ကျတ်တွင်းရေသို့၊ ကြာညွှတ်ဖယောင်းနေရှိန်ပျောင်းသို့။

**အဖြေ–** စိန်ပွင့်အုံး = စိန်ပွင့်စိန်ပန်းစီခြယ်ထားသည့် ခေါင်းအုံး (မှီအုံး)ဟု တိုက်ရိုက်မရေးဘဲ စိန်ပွင့်အုံးဟု သွယ်ဝိုက် ရေးဖွဲ့ထားသောကြောင့် ဝဏ်ဝုတ္တိအလင်္ကာမြောက်ပါသည်။

မေးခွန်းနံပါတ်၂(ဂ) သည် ရေသည်ပြဇာတ် စကားစပ်မေးခွန်းဖြစ်ပါသည်။ မေးထားသော စကားစပ်ပါဝင်သည့်အခန်းနှင့် စကားစပ်ဆိုင်ရာ အချက်(၅) ချက် (ဘယ်သူက၊ ဘယ်သူကို၊ ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်အတွက်ကြောင့် ပြောရန်ဟူသော အချက်များ)အတွက် (၃) မှတ်၊ ဘာကိုပြောသည်ဟူသော ဆိုလိုရင်းကို ရှင်းလင်းရေးသားပြောဆိုခြင်းအတွက် (၂) မှတ် စုစုပေါင်း(၅)မှတ် ဖြစ်ပါသည်။ ဖြေဆိုရာတွင် လိုရင်းတိုရှင်းဖြေဆိုရန်၊ အခန်းနံပါတ်ကိုသာ ဖော်ပြခြင်းထက် အခန်းအမည်ကိုပါ ယှဉ်တွဲဖော်ပြရန် ပြုသင့်ပါသည်။ တိတိကျကျ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ဂ) တရားမထောက်၊ ပျက်ချော်ယွင်းပါး၊ စင်းလုံးချွတ်ကြဲမိငြားလျှင်၊ မှားလို့သာ မှောက်ကရော့မယ်။ စိတ်နောက်ကိုယ်ပါ၊ မပြုသာ၊ တိုင်းထွာဦးမှ ကောင်းမလေ။

မေးခွန်းနံပါတ်၂။ (ဃ)သည် အပြောသင်ခန်းစာ မေးခွန်းတိုဖြစ်ပါသည်။ အပိုင်း(၁) အပြောသင်ခန်းစာတွင်ပါဝင်သော အခန်းသုံးခန်းထဲမှ အကြောင်းအရာတစ်ခုခုကို မေးပါမည်။ ဖြေဆိုရာတွင် လိုရင်းတိုရှင်း ရှင်းပြဖြေဆိုရန်ဖြစ်ပြီး ပေးမှတ်မှာ (၅)မှတ်ဖြစ်ပါသည်။ တိတိကျကျ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ဃ) စကားပြောခြင်းဆိုင်ရာ နည်းပရိယာယ်များထဲမှ ပေါင်းဖွဲ့စည်းလုံးမှုနည်းပရိယာယ်အကြောင်း ရှင်းပြပါ။

**မေးခွန်းနံပါတ် (၃)**

မေးခွန်းနံပါတ်(၃)သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၁) ကဗျာ(၈)ပုဒ်မှ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းသော ကဗျာမေးခွန်းရှည်ဖြစ်ပါသည်။ ဤမေးခွန်းကို စစ်ဆေးအကဲဖြတ်ရာတွင် ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်၏တစ်ဝက်၊ ကိုယ်ပိုင်အရေးအသားတင်ပြမှု စွမ်းရည်နှင့်အတူ မေးခွန်းကို အံဝင်ခွင်ကျဖြစ်အောင် တင်ပြနိုင်မှုအတွက် ပေးမှတ်တစ်ဝက် သတ်မှတ်ထားပါသည်။ မေးခွန်း၏ ရှုထောင့်အတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်။ ကဗျာကို စကားပြေ ဖြေဆိုရေးသားဖြေဆိုမည်ဆိုပါက အချက်အလက် အားလုံးပါဝင်သော်လည်း မေးခွန်း၏ ရှုထောင့်နှင့် မကိုက်ညီပါက ပေးမှတ်တစ်ဝက်အောက်သာ ရမည်ဖြစ်ပါသည်။ မေးခွန်း၏ ရှုထောင့်နှင့်အာဘော်ကို သေသေချာချာဖတ်ရှုပြီး ကိုယ်ပိုင်အရေးအသား အတင်အပြဖြင့် ဖြေဆိုရန်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။

**နမူနာ**

၃။ ဩဝါဒထူးပျို့ကဗျာမှ အရေးအဖွဲ့ကောင်းများကို လေ့လာတင်ပြပါ။ (၁၀ မှတ်)

**မေးခွန်းနံပါတ်(၄)**

မေးခွန်းနံပါတ်(၄)သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၂) စကားပြေ (၈)ပုဒ်မှ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းသော စကားပြေမေးခွန်းရှည် ဖြစ်ပါသည်။ ဤမေးခွန်းကို စစ်ဆေးအကဲဖြတ်ရာတွင် ကဗျာမေးခွန်းရှည်နည်းတူ ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသား အတင်အပြ စွမ်းရည်နှင့်အတူ မေးခွန်းကို အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်တစ်ဝက် သတ်မှတ်ထားပါသည်။ မေးခွန်း၏ရှုထောင့်အတိုင်း ဖြေဆိုရမည် ဖြစ်ပါသည်။ မေးခွန်း၏ ရှုထောင့်ကို သတိမထားဘဲ မိမိအတွက် ကျက်မှတ်ထားသည့်အပုဒ်နှင့် ခေါင်းစဉ်တူသဖြင့် အချက်အလက်များကိုချည်းရေးသားပါက ပေးမှတ်တစ်ဝက်အောက်သာ ရရှိမည်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။

**နမူနာ**

၄။ စာဘူးတောင်းဆောင်းပါးစကားပြေမှ ဗဟုသုတများကို ဝေဖန်ဆန်းစစ်ပါ။ (၁၀ မှတ်)

**မေးခွန်းနံပါတ်(၅)**

မေးခွန်းနံပါတ်(၅)သည် ပြဋ္ဌာန်းစာအုပ်ပါ အခန်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၃) ရေသည်ပြဇာတ်မှအကြောင်းအရာ သို့မဟုတ် အရေးအသားကို မေးမြန်းသော ပြဇာတ်မေးခွန်းရှည် ဖြစ်ပါသည်။

စာမျက်နှာ ၁၇ သို့ »»

# ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ရှားပါးမျိုးစိတ်ဝင် ဘင်္ဂလားကျားနှင့်ဝက်ဝံမျိုးစိတ်တို့ ရှင်သန်ကျက်စားလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ တိရစ္ဆာန်မျိုးစိတ်များ ရှင်သန်ကျက်စားမှုကို လေ့လာသိရှိနိုင်ရန် နှစ်စဉ် ကင်မရာ ထောင်ချောက်များ တပ်ဆင်၍ မှတ်တမ်းယူလေ့ရှိရာ ယခုနှစ် တပ်ဆင်ထားသည့် ကင်မရာ ထောင်ချောက်များမှ တစ်ဆင့် ရှားပါးမျိုးစိတ်ဝင် ဘင်္ဂလားကျားနှင့် ဝက်ဝံမျိုးစိတ် ရှင်သန်ကျက်စားမှုကို ဆက်လက်တွေ့ရှိရကြောင်း ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးသည် ဘေးမဲ့တောအတွင်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ဒုတိယအပတ်တွင် ကင်မရာထောင်ချောက်များ တပ်ဆင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်၌ ကင်မရာများ ဖြုတ်သိမ်းခဲ့ကာ တောရိုင်းတိရစ္ဆာန် ကောင်ရေနှင့် အမျိုးအစားအလိုက် ရှင်သန်ကျက်စားမှုကို ဆက်လက်စစ်ဆေးမှတ်တမ်းတင်ခဲ့သည်။

"ဒီနှစ်မှာလည်း နန်ရန်းရင်တစ်ဝိုက်မှာ တစ်ပွိုင့်ကိုနှစ်လုံး၊ တစ်ယူနစ်ကို ကင်မရာ ၁၂ လုံးနဲ့ ကင်မရာထောင်ချောက် ၂၄ လုံး တပ်ဆင်ခဲ့ပါတယ်။ ရရှိထားတဲ့ပုံတွေကို ပြန်စစ်တဲ့အခါမှာ အရင်နှစ်ကလို ကျားနဲ့ဝက်ဝံတွေ ရှင်သန်ကျက်စားမှုကို တွေ့ခဲ့ရပါတယ်။ ကင်မရာတစ်လုံးကို ပုံထောင်ကျော် ရရှိတဲ့အတွက် စစ်ဆေးမှုအားလုံးတော့ မပြီးသေးပါဘူး။ ထမံသီဘေးမဲ့တောကြီး ရေရှည်တည်တံ့ဖို့အတွက် ဒေသခံတွေအပါအဝင် အားလုံးဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်မှသာ အောင်မြင်မှုရရှိမှာပါ"ဟု ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က ပြောသည်။



ကင်မရာထောင်ချောက်တွင် ညပိုင်းဝက်ဝံလှည့်လည်ကျက်စားမှုကို တွေ့ရစဉ်။

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ် အတွင်းတည်ရှိသည့် ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို ၁၉၇၄ ခုနှစ် မေလတွင် ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၉၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ဟုမ္မလင်းမြို့၌ အုပ်ချုပ်ရေးမှူးရုံးဖွင့်လှစ်၍ ဘေးမဲ့တောထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကာ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ် အတည်ပြုသတ်မှတ်ခြင်း ခံခဲ့ရသည်။



ထမံသီဘေးမဲ့တောအတွင်း တပ်ဆင်ထားသည့် ကင်မရာ ထောင်ချောက်များအား ပြန်လည်ဖြုတ်ယူ သိမ်းဆည်းနေစဉ်။

အမြဲစိမ်းတောနှင့် အထက်ရွက်ပြတ်ရောနှော တောစိုအဖြစ်တည်ရှိသည့် ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်း ရှားပါးတောရိုင်း တိရစ္ဆာန်များ၊ ငှက်မျိုးစိတ်များ၊ အပင်မျိုးစိတ်များစွာတည်ရှိနေပြီး မြန်မာနိုင်ငံတွင်သာတွေ့ရှိရသော မြန်မာ့တိုက်လိပ်အပါအဝင် နို့တိုက်သတ္တဝါ ၅၇ မျိုး၊ ငှက်မျိုးစိတ် ၃၃၂ မျိုး၊ ငါးမျိုးစိတ် ၆၇ မျိုး၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ ၇၇ မျိုး၊ အပင်မျိုးစိတ် ၄၃၂ မျိုး၊ ဆေးဖက်ဝင်အပင် ၁၉ မျိုး၊ ဝါး ၁၄ မျိုး၊ ကြိမ်ရှစ်မျိုး၊ ရေနေပင် ၂၃ မျိုး၊ မြက် ၁၈ မျိုးနှင့် သစ်ခွ ၁၆ မျိုးတို့ ရှင်သန်လျက်ရှိကြောင်း သိရသည်။

**သတင်း-သစ္စာ(MNA)**
**ဓာတ်ပုံ-ထမံသီတောရိုင်း တိရစ္ဆာန်ဘေးမဲ့တော**

## မြောက်ဥက္ကလာပမြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မြန်မာ့သနပ်ခါးအကြောင်းအသိပညာပေး စကားဝိုင်းပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မြန်မာ့သနပ်ခါးအကြောင်း အသိပညာပေး စကားဝိုင်းကို ယမန်နေ့ မွန်းလွဲ ၃ နာရီက အဆိုပါရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

**အသိပညာပေး ရှင်းလင်းဆွေးနွေး**

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြမြဝင်းက မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မြန်မာ့သနပ်ခါးအကြောင်း အသိပညာပေးစကားဝိုင်း ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးသိန်းဝင်းဇော်က မြန်မာ့သနပ်ခါးအား မိမိတို့ မြန်မာလူမျိုးများ ရှေးယခင်အဆက်ဆက် သုံးစွဲမှုများ၊ မြန်မာ့သနပ်ခါး အရေးပါမှုများ၊ မြန်မာ့သနပ်ခါး၏ ဆေးဖက်ဝင်မှုနှင့် ကျန်းမာရေး အကျိုးကျေးဇူးများ၊ ယခုအခါ မြန်မာ့သနပ်ခါးကို နိုင်ငံတော်မှ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး ဆောင်ရွက်နေမှုများ မှတ်သားဖွယ်ရာဗဟုသုတ




အတွေ့အကြုံများအား အကျယ်တဝင့် အသိပညာပေး ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **သက်လွင်စိုး (ပြန်/ဆက်)**

»»» **စာမျက်နှာ ၁၆ မှ**

ပြဇာတ်သဘောတရားနှင့် ဆက်စပ်ကာ မေးသည့် အကြောင်းအရာပိုင်းလည်းဖြစ်နိုင်ပါသည်။ ကျောင်းသား ကျောင်းသူများသည် ပြဇာတ်ကို လေ့လာရာတွင် ပြဇာတ်သဘောသဘာဝနှင့် ပြဇာတ်အင်္ဂါရပ်ကို သိရှိနားလည်ရန်၊ ပြဇာတ်၏ အရသာကို ခံစားတတ်စေရန်၊ ပြဇာတ်အရေးအဖွဲ့၏ စာပေလက်ရာများကို အကဲဖြတ်နိုင်ရန် လိုအပ်လှပါသည်။ ပြဇာတ်၏ သဘောသဘာဝ၊ ပြဇာတ်၏ ဖန်တီးမှုအတတ်ပညာ၊ ပြဇာတ်၏ အရေးအသားတို့ကို သိရှိနားလည်လေ့လာဆည်းပူးထားရမည်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀)မှတ်ဖြစ်ပါသည်။

**နမူနာ**

၅။ ရေသည်ပြဇာတ်တွင် တွေ့ရှိရသော ရသမြောက်အဖွဲ့များကို လေ့လာတင်ပြပါ။ (၁၀ မှတ်)

**မေးခွန်းနံပါတ် (၆)**

မေးခွန်းနံပါတ်(၆)သည် စာစီစာကုံးမေးခွန်းဖြစ်ပြီး မေးခွန်းတွင် နှစ်ပုဒ်မေးကာ တစ်ပုဒ် ဖြေဆိုရမည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ၏ ပင်ကိုအရည်အသွေးကို ဖော်ထုတ်နိုင်ဆုံးသော မေးခွန်းဖြစ်ပါသည်။ ကိုယ်ပိုင်ဗဟုသုတအတွေးအခေါ်ကို ကိုယ်ပိုင်စကားပြေ အရေးအသားဖြင့် ရေးသားရခြင်းဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများ၏ ကိုယ်ခံကို စာစီစာကုံးဖြင့် အကဲဖြတ်ခြင်းဖြစ်ပါသည်။ စာစီစာကုံးရေးသားရန် ပုံကြမ်းအချက်အလက် ငါးချက် ပေးထားပြီး အချက်တစ်ချက်ကို စာတစ်ပိုဒ်နှုန်းဖြင့် ဖြေဆိုရမည်ဖြစ်ပါသည်။ စာစီစာကုံးဖြေဆိုရာတွင် ပုံကြမ်းအချက်အလက်ကို အခြေမခံဘဲ အလွတ်ကျက်မှတ်ဖြေဆိုပါက အမှတ်မရနိုင်သည်ကိုလည်း သတိပြုသင့်ပေသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ(၁၀)မှတ်ဖြစ်ပါသည်။

**နမူနာ**

၆။ နှစ်သက်ရာ**တစ်ခု**ကို စာစီကုံးပါ။ (၁၀ မှတ်)

(၁) **သာယာသောနံနက်ခင်း**

- နေ့တစ်နေ့၏ အချိန်များအနက် သာယာသော အချိန်တစ်ချိန်ဖြစ်ပုံ
- နံနက်ဆည်းဆာ ရောင်နီထွက်ပေါ်လာပုံ
- ပတ်ဝန်းကျင်၏ သာယာလှပပုံ
- လူတို့၏ နိုးထလှုပ်ရှားကြပုံ
- နေ့တစ်နေ့ကို အင်အားသစ်ဖြင့် အစပြုပုံ

(၂) **သတိတရား**

- သတိတရား၏ အရေးကြီးပုံ
- သတိကင်းလွတ်ခြင်း၏ အပြစ်
- သတိပျက်ယွင်းစေသော အကြောင်းများ
- သတိရှိခြင်း၏ အကျိုး
- သတိတရားကို လက်ကိုင်ထားသင့်ပုံ

**မေးခွန်းနံပါတ်(၇)**

မေးခွန်းနံပါတ်(၇)သည် အဆိုတစ်ရပ်ကို ဖတ်ရှုပြီး မိမိနှစ်သက်ရာဘက်မှ ရပ်တည်ဆွေးနွေးစေသော အဆိုဆွေးနွေးမေးခွန်းမျိုးဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ၏ ကိုယ်ပိုင်စဉ်းစားဉာဏ်၊ အတွေးအခေါ် ပင်ကိုအရည်အသွေးကို ဖော်ထုတ်ပြသည့် မေးခွန်းဖြစ်သဖြင့် ကိုယ်ပိုင်အတွေးအခေါ် စိတ်ကူးစိတ်သန်းကောင်းလျှင် ကောင်းသလောက် အရေးအသား အတင်အပြကောင်းလျှင် ကောင်းသလောက် အမှတ်ရနိုင်မည့် မေးခွန်းဖြစ်ပါသည်။ အဆို ဆွေးနွေးအရေးအသားသည် အလေ့အကျင့်များများပြုလုပ်ထားရန် လိုအပ်သည့်မေးခွန်းဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် အလေ့အကျင့်များများပြုလုပ်ကာ အရေးအသားကို အဆင်ပြေချောမွေ့စွာ ရေးတတ်ရန်လိုအပ်ပါသည်။ အပြန်အလှန်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများကိုလည်း ရရှိနိုင်သည့်အတွက် ကျောင်းသား ကျောင်းသူများ၏ အတွေးနှင့် အရေးအသားစွမ်းရည်ကို ဖော်ထုတ်ပေးသည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၇။ အောက်ပါအဆိုများအနက် တစ်ခုကို ထောက်ခံ၍ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေ ဆွေးနွေးပါ။ (၁၀ မှတ်)

(၁) ရသစာပေဖတ်ရခြင်းသည် သုတစာပေဖတ်ရခြင်းထက် ပိုကောင်းသည်။

(၂) ရုပ်မြင်သံကြားကြည့်ခြင်းသည် စာဖတ်ခြင်းထက် ပို၍ အကျိုးရှိသည်။

ဤမေးခွန်းကို ဖြေဆိုရာတွင် ရေးသားချိန်သည် မိနစ် (၂၀၊ ၂၅) မိနစ်ခန့်သာ ရရှိနိုင်သည့်အတွက် ရရှိမည့်အချိန်အတိုင်းအတာကို သတိပြုရမည်ဖြစ်ပါသည်။ စာပိုဒ် လေးပိုဒ်သာ ရေးသားဖြေဆိုသင့်ပြီး ပထမစာပိုဒ်သည် နိဒါန်း၊ ဒုတိယစာပိုဒ်နှင့် တတိယစာပိုဒ်တို့သည် စာကိုယ်၊ စတုတ္ထစာပိုဒ်သည် မိမိရပ်တည်ချက်ကို အတည်ပြုသည့် နိဂုံးဖြစ်ပါသည်။ စာတစ်ပိုဒ်အတွက် ရေးသားချိန်သည် ငါးမိနစ်ခန့်သာ အသုံးပြုသင့်သည့်အတွက် ပေးမှတ်နှင့် ချိန်ဆကာ မည်မျှရေးသင့်သည်ကို တွေးဆရမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် အဆို ဆွေးနွေးချက်ကို စစ်ဆေးအကဲဖြတ်ရာတွင် နိဒါန်းနှင့် နိဂုံး (၂)မှတ်စီ၊ စာကိုယ်များကို(၃)မှတ်စီ လျာထားသတ်မှတ်ပါသည်။

တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာရပ်သည် မြန်မာအပြောစကား၊ မြန်မာစာ အရေးအသား၊ မြန်မာစာပေ၏ အနှစ်သာရတို့ကို လေ့လာသင်ယူဖြေဆိုရသည့် ဘာသာရပ်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများသည် ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းများကို ဖြေဆိုရာတွင် အချက်အလက်တိတိကျကျ ကျက်မှတ်ရသည့်နည်းတူ အမှန်တကယ် နားလည်သဘောပေါက်အောင်လည်း အားထုတ်ကြိုးပမ်းရမည် ဖြစ်ပါသည်။ ကဗျာမေးခွန်းရှည်၊ စကားပြေမေးခွန်းရှည်၊ ရေသည်ပြဇာတ်မေးခွန်းရှည်၊ စာစီစာကုံးနှင့် အဆိုဆွေးနွေးချက် မေးခွန်းရှည်များကို ဖြေဆိုရာတွင် မိမိ၏ စိတ်ကူးစိတ်သန်း အတွေးအခေါ်၊ အရေးအသားစွမ်းရည်တို့ကို ပြသရမည့်နည်းတူ စာစီစာကုံးနှင့် အဆိုဆွေးနွေးချက်မေးခွန်းရှည်များကို ဖြေဆိုရာတွင် ကောင်းစွာနားလည်သဘောပေါက်အောင် ဖတ်ရှုပြီး ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်စိတ်ကူးဉာဏ်၊ ကိုယ်ပိုင်အရေးအသားတို့ဖြင့် ပေါင်းစပ်ကာ ရေးသားဖြေဆိုရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူအားလုံး မြန်မာစာပေနှင့် မြန်မာစာဘာသာစကားကို မြတ်နိုးတန်ဖိုးထားကာ စာမေးပွဲကို ကောင်းစွာဖြေဆိုနိုင်ပြီး ထူးထူးချွန်ချွန် အောင်မြင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေမြို့ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**စစ်တွေ ဖေဖော်ဝါရီ ၂၃**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေဟိုတယ်ဆင်းလမ်း ကွန်ကရစ်လမ်းတိုးချဲ့ဖောက်လုပ်ခြင်း၊ ပလက်ဖောင်းနှစ်ဖက်ပြုလုပ်ခြင်းနှင့် ရေမြောင်းများပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုသွားရောက်ကြည့်ရှုစစ်ဆေးရာ ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက စစ်တွေမြို့ပေါ်တွင် ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကွန်ကရစ်လမ်းခင်းနေမှုနှင့် ရှုခင်းသာလမ်းပိုင်း(၃) ပွိုင့်စခန်းအနီးတွင် ဒီရေလှိုင်းဒဏ်ကာကွယ်စေရန် Tetrapod အလုံး ၃၀၀ ကို အသင့်ပြုလုပ်ပြီး နေရာချထားနိုင်ရန် ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရှုပတောင်ရပ်ကွက်၊ ထီးတန်းလမ်းမှ ဦးဥတ္တမလမ်းထိ ကွန်ကရစ်ခင်းခြင်း၊ ရေနုတ်မြောင်းခြောက်စင်းတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ပြည်တော်သာရပ်ကွက် ဗုဒ္ဓါမော်ဘုန်းတော်ကြီးကျောင်းမှ မြင်းစီးပြိုင်လမ်းအထိ ကွန်ကရစ်ခင်း၊ မြေထိန်းနံရံ၊ ပလက်ဖောင်း၊ ရေမြောင်း၊ ရေထွက်ပေါက်ပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**




# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နေပြည်တော်ရှိ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန (အေလာ) ဝန်ထမ်းများ၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါသုတေသနဌာန၌ ကျင်းပသည်။

ထိုကဲ့သို့ ဝန်ထမ်းများ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ စုပေါင်းဆင်နွှဲနေမှုကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီးတွင် ဒုတိယဝန်ကြီးက ဆုရရှိသည့်အသင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် သုတေသန ဓာတ်ခွဲခန်းများ ပြုပြင်မွမ်းမံထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သတ္တုရိုင်း သန့်စင်ထုတ်လုပ်ရေးဌာနရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးကို လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူသည့် ရွှေစင်ပြားများ၏ အရည်အသွေးများကို တိုင်းတာစစ်ဆေးခြင်း လုပ်ငန်းများမှ ရလဒ်များ၊ ဇလသတ္တုဗေဒဌာနရှိ EV သုံး လီသီယမ်ဘက်ထရီဆိုင်ရာ သုတေသနလုပ်ငန်းများမှ ရလဒ်များနှင့် အဂ္ဂိသတ္တုဗေဒဌာနစုရှိ အလေးစီးသဲတွင်ပါဝင်သော မိုနာဇိုက်မှ မြေရှားဒြပ်စင်အောက်ဆိုဒ်များ ထုတ်လုပ်ခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများမှ သံ၊ သံမဏိနှင့် သတ္တုစပ် ထုတ်လုပ်ရေးဌာနရှိ ပြည်တွင်းမှရရှိသော Manganese Ore မှ Ferro Manganese Alloy ထုတ်လုပ်ခြင်း သုတေသနလုပ်ငန်းမှ ရလဒ်များကို စစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ဒုတိယဝန်ကြီးက နိုင်ငံ့အကျိုးပြု သုတေသနလုပ်ငန်းများဖြစ်၍ နည်းပညာတိုးတက်မှုအရွေ့များနှင့် အမီလိုက်ပါနိုင်ရေးနှင့် စပ်လျဉ်း၍ အသေးစိတ်မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြမှုများကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ယင်းနောက် ဒုတိယဝန်ကြီးသည် သုတေသနဌာနမှ တာဝန်ရှိသူများထံ သုတ၊ ရသ စာအုပ်များ၊ သုတေသန ဂုဏ်ပြုဆုများ၊ လုပ်သက်ရင့် သက်ကြီး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများထံ ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းအိမ်ရာများ ပြုပြင်မွမ်းမံထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းမိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးတရားလွှတ်တော်တွင် ( ၂၈ ) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

**မကွေး ဖေဖော်ဝါရီ ၂၃**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တရားသူကြီး/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးများ/ခရိုင်တရားသူကြီးများ၏ (၂၈)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မကွေးတိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်မိမိမော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်မှ တရားရေးအရာရှိများ၊ မကွေးခရိုင်၊ မင်းဘူးခရိုင်၊ ချောက်ခရိုင်အတွင်းရှိ တရားသူကြီးများနှင့် အွန်လိုင်းစနစ်ဖြင့် ပခုက္ကူခရိုင်၊ သရက်ခရိုင်၊ အောင်လံခရိုင်၊ ဂန့်ဂေါခရိုင်အတွင်းရှိ တရားသူကြီးများ စုစုပေါင်း ၈၀ တက်ရောက်ကြသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်မိမိမော်က အမှာစကားပြောကြားရာတွင် (၂၈)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စုတရားသူကြီးချုပ်က လမ်းညွှန်မှာကြားခဲ့သည့် တရားစီရင်ရေး စီမံခန့်ခွဲရေးကိစ္စရပ်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့ပြီး အမှုများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံးစစ်ဆေးဆောင်ရွက်ရေး၊ ကြန့်ကြာသည့်မှုခင်းများကို အမြန်ပြီးပြတ်စေရေးနှင့် အများပြည်သူ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ်ဖြစ်ထွန်းပေါ်ပေါက်စေရေးတို့ကို လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ လမ်းညွှန်မှာကြားချက်များကို မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်သင်းသင်းချိုနှင့် ဒေါ်ခင်နှင်းထွဋ်တို့က ထပ်ဆင့်ရှင်းလင်းမှာကြားပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးခင်မောင်မြင့်က ထပ်ဆင့်ရှင်းလင်းဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ခရိုင်/မြို့နယ် တရားသူကြီးများ၏တင်ပြချက်များအပေါ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးတရားရေးဦးစီးမှူးတို့က ပြန်လည်ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**




**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# စားအုန်းဆီနှင့် နောက်ဆက်တွဲနှလုံးရောဂါ

အိအိချော (CTQM)

**စားသုံးဆီသည် မြန်မာတို့၏ နေ့စဉ်ကြော်လှော်ချက်ပြုတ်ရာတွင် မရှိမဖြစ် အခြေခံစားသောက်ကုန်တစ်ခုဖြစ်ပါသည်။ စားသုံးဆီဟုဆိုရာ၌ ရှေးအစဉ်အဆက် ဘိုးဘေးများလက်ထက်မှပင် စားသုံးလာကြသည့် ပြည်တွင်းဖြစ် မြေပဲဆီနှင့် နှမ်းဆီတို့အပြင် ခေတ်ကာလလိုအပ်ချက်အရ ပြည်ပမှတင်သွင်းလာသော စားအုန်းဆီ၊ နေကြာဆီနှင့် ပဲပုပ်ဆီ စသည်တို့လည်း ပါဝင်နေပါသည်။**

မြန်မာတို့၏ စားသုံးဆီစားသုံးရခြင်းအပေါ် နှစ်သက်မြတ်နိုးမှုကို **"ဆီရွှဲဖွဲတောင် ဟင်းဖြစ်"** ဆိုသည့်စကားရပ်က သက်သေခံနိုင်ပါသည်။ ထို့ပြင် ဟင်းချက်စားရာ၌ ဆီနည်းနေသည့်အခါ ဆီပြန်ဟင်းမဖြစ်ဘဲ ခြောက်ခြောက်ကပ်ကပ်ဖြစ်နေပါက **"ဆီမပါ ပြားမပါ"** ဟု ထုတ်ဖော်ပြောဆိုရလောက်အောင် စိတ်မကျေနပ်မှုကို ပြသတတ်ကြပါသည်။ ဤမျှလောက် စားသုံးဆီစားသုံးမှုကို နှစ်သက်ကြသော မြန်မာပြည်သူများအနေဖြင့် **"မိမိတို့ ဝယ်ယူသုံးစွဲနေသော စားသုံးဆီအမျိုးမျိုးတို့၏ အရည်အသွေးပိုင်းဆိုင်ရာ အကြောင်းအရာများသည် မိမိတို့ ကျန်းမာရေးနှင့် တိုက်ရိုက်ဆက်စပ်နေသည်"** ဟူသော အချက်ကို နှလုံးသွင်းထားရမည်ဖြစ်ပါသည်။





**အဆီအက်စစ်များဖွဲ့စည်းပုံနှင့် ပါဝင်မှုအချိုးအစား**

စားသုံးဆီတို့၏ အရည်အသွေးပိုင်းဆိုင်ရာအကြောင်းအရာများကို လေ့လာကြည့်မည်ဆိုလျှင် စားသုံးဆီတစ်မျိုးချင်းစီ၏ အဆီအက်စစ်များ ဖွဲ့စည်းပုံနှင့် ပါဝင်မှုအချိုးအစားတို့က အဓိကကျလှပါသည်။ စားသုံးဆီသည် ဓာတုဗေဒဖွဲ့စည်းပုံအရ အဆီအက်စစ်(Fatty Acid) နှင့် ဂလစ်စရော (Glycerol) တို့ ပေါင်းစပ်ပါဝင်နေပါသည်။ ယင်းအဆီအက်စစ်အပိုင်းတွင် မပြည့်ဝမှုတစ်ခုပါသော အဆီအက်စစ် (Mono Unsaturated Fatty Acid)၊ မပြည့်ဝမှုတစ်ခုထက်ပိုသော အဆီအက်စစ် (Poly Unsaturated Fatty Acid) နှင့် ပြည့်ဝအဆီအက်စစ် (Saturated Fatty Acid) များသည် အချိုးအစားအမျိုးမျိုးတို့ဖြင့် ပါဝင်ပေါင်းစပ်လျက် တည်ရှိကြပါသည်။ ၎င်းတို့၏ ပေါင်းစပ်မှုအချိုးပေါ်မူတည်၍ စားသုံးဆီများ၏ အရည်အသွေးနှင့် ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ ကွဲပြားနေရခြင်းဖြစ်ပါသည်။

မြန်မာ့စားသုံးဆီ ဈေးကွက်တွင် အရောင်းရဆုံး စားသုံးဆီအမျိုးအစားနှင့် စားသုံးသူများ သုံးစွဲမှုအများဆုံး စားသုံးဆီမှာ **"စားအုန်းဆီ"** ဖြစ်ပါသည်။ စားအုန်းဆီပြီးလျှင် မြေပဲဆီသည် သုံးစွဲမှုအများဆုံးဆီဖြစ်ပါသည်။

မြန်မာစားသုံးသူတို့ အများဆုံးစားသုံးကြသည့် စားအုန်းဆီသည် ဆီအုန်းသီး၏ အသားပိုင်းကို ကြိတ်ချေခြင်းမှရရှိလာသည့် ဆီကြမ်းကို နည်းပညာသုံး၍ အဆင့်ဆင့်ပြန်လည် သန့်စင်ပြီးမှရရှိလာခြင်းဖြစ်ပါသည်။ ဆီကြမ်း(Crude Oil) အဆင့်တွင် အနီရောင်အဖြစ် ခပ်ပျစ်ပျစ်တည်ရှိပြီး သန့်စင်ပြီးသောဆီချော (RBD Palm Oil) အဆင့်တွင် အဝါရောင်အဖြစ် ပြောင်းလဲလာကာအရည်နှင့် အနှစ်ပိုင်း တွဲဆက်လျက် (Semi–solid) တည်ရှိပါ သည်။ ၎င်းကို အအေးခံ၍ အရစ်ကျခွဲထုတ်ခြင်း (Fractionation) ပြုလုပ်ပြီးမှသာ ဆီအရည်ပိုင်း (RBD Palm Olein) ကို ရရှိနိုင်ပါသည်။

သန့်စင်ပြီးသောဆီချောများ (RBD Palm Oil) နှင့် အအေးခံခွဲထုတ်ပြီးသော ဆီအရည်ပိုင်း (RBD Palm Olein) တို့သည် ဆီကြမ်းအဆင့်တွင် ပါဝင်နေသည့် မကောင်းသော အချဉ်ဓာတ်၊ အချွဲဓာတ်၊ အနံ့နှင့် အရောင်တို့ကင်းစင်ပြီးဖြစ်သောကြောင့် စားသုံးဆီအဆင့်ဟု သတ်မှတ်နိုင်ပါသည်။ ထို့ကြောင့် ၎င်းတို့၏ ဓာတုဖွဲ့စည်းပုံကို CODEX STANDARD စံချိန်စံညွှန်းတွင် လေ့လာမည်ဆိုပါက Palm Oil တွင် Palmitic ပြည့်ဝအဆီအက်စစ် (39.3–47.5)၊ Stearic ပြည့်ဝအဆီအက်စစ် (3.5–6.0) နှင့် Oleic မပြည့်ဝအဆီအက်စစ် (36.0–44.0) ပါဝင်နေပါသည်။ ထိုနည်းတူ Palm Olein တွင် Palmitic ပြည့်ဝအဆီအက်စစ် (38.0–43.5)၊ Stearic ပြည့်ဝအဆီအက်စစ် (3.5–5.0) နှင့် Oleic မပြည့်ဝအဆီအက်စစ် (39.8–46.0) ပါဝင်နေကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

**ဒုတိယရောင်းအားအကောင်းဆုံးဖြစ်သည့် မြေပဲဆီ**

စားသုံးဆီဈေးကွက်တွင် ဒုတိယရောင်းအားအကောင်းဆုံးဖြစ်သည့် မြေပဲဆီကို အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ (ဂဲ) သန့်စင်ပြီးသော အခွံချွတ်ပြီး မြေပဲဆန်ကို မိရိုးဖလာအတိုင်း ဆုံဖြင့်ကြိတ်၍ဖြစ်စေ၊ ခေတ်မီစက်ဖြင့် ကြိတ်၍ဖြစ်စေ ရရှိနိုင်ပါသည်။ အပူချိန် ၅၀ ဒီဂရီစင်တီဂရိတ်အောက်ရှိသော ထုတ်လုပ်မှုဖြစ်စဉ်ကို အသုံးပြုထားသောကြောင့် အအေးကြိတ် သဘာဝဆီရိုင်း (Cold Pressed Virgin Oil) အဖြစ် တန်ဖိုးထားစားသုံးကြပါသည်။ ၎င်း၏ ဓာတုဖွဲ့စည်းပုံမှာ CODEX စံချိန်စံညွှန်းအရ Palmitic ပြည့်ဝအဆီအက်စစ် (8.0–14.0)၊ Stearic ပြည့်ဝအဆီအက်စစ် (1.0–4.5)၊ Oleic မပြည့်ဝအဆီအက်စစ် (35.0–69.0)၊ Linoleic မပြည့်ဝမှုတစ်ခုထက်ပိုသော အဆီအက်စစ် (12.0–43.0)တို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရပါသည်။

**မိရိုးဖလာစားသုံးဆီတစ်မျိုးဖြစ်သော နှမ်းဆီ**

**"အစာလည်းဆေး၊ ဆေးလည်းအစာ"** ဟု အယူအဆဖြင့် စားသောက်တတ်ကြသည့် မြန်မာတို့၏ မိရိုးဖလာစားသုံးဆီတစ်မျိုးဖြစ်သော နှမ်းဆီကို နှမ်းစေ့လေးများကို အခွံချွတ်၍ ကြိတ်သကဲ့သို့ အခွံပါအတိုင်းလည်း ကြိတ်ကြပါသည်။ နှမ်းဆီသည်လည်း အအေးကြိတ်သဘာဝဆီရိုင်းဖြစ်ပြီး ၎င်း၏ ဓာတုဖွဲ့စည်းပုံသည် CODEX စံချိန်စံညွှန်းအရ Palmitic ပြည့်ဝအဆီအက်စစ် (7.9–12.0)၊ Stearic ပြည့်ဝအဆီအက်စစ် (4.5–6.7)၊ Oleic မပြည့်ဝအဆီအက်စစ် (34.4–45.5)၊ Linoleic မပြည့်ဝမှုတစ်ခုထက်ပိုသော အဆီအက်စစ် (36.9–47.9) တို့ ပါဝင်နေပါသည်။

စားသုံးဆီတွင် ပါဝင်ဖွဲ့စည်းထားကြသော အဆီအက်စစ်များစွာရှိသည့်အနက် ရာခိုင်နှုန်း အများဆုံးဖြင့်ပါဝင်နေသော အဆီအက်စစ်အမျိုးအစားသည် ၎င်းစားသုံးဆီ၏ ဝိသေသလက္ခဏာ၊ ဂုဏ်အရည်အသွေးနှင့် ကျန်းမာရေးအတွက် အကျိုးသက်ရောက်မှုတို့ကို အဆုံးအဖြတ်ပေးရာတွင် များစွာသက်ရောက်မှုရှိစေပါသည်။ Palmitic အက်စစ်သည် ကာဗွန်အရေအတွက် ၁၆ လုံးပါသော ပြည့်ဝအဆီအက်စစ်အမျိုးအစားဖြစ်ပြီး နှလုံးရောဂါဖြစ်ပွားစေသော သွေးတွင်းကိုလက်စထရောမြင့်မားမှုနှင့် ဆက်စပ်နေပါသည်။ Oleic Acid သည် ကာဗွန် ၁၈ လုံးပါပြီး မပြည့်ဝမှုတစ်ခုရှိသော မိုနိုမပြည့်ဝအဆီအက်စစ် (Mono Unsaturated Fatty Acid) အမျိုးအစားဖြစ်ပါသည်။ နှလုံးကျန်းမာရေးကို များစွာအထောက်အကူပြုသော အဆီအက်စစ်ဟုလည်း မှတ်သားဖူးပါသည်။ ထို့ပြင် မပြည့်ဝမှုတစ်ခုထက်ပို၍ ပါဝင်ပြီး ကာဗွန် ၁၈ လုံးရှိသော Linoleic Acid သည် Poly Unsaturated Fatty Acid ဖြစ်ကာ နှလုံးကျန်းမာရေးကို များစွာအထောက်အကူပြုပြီး သွေးအတွင်းရှိ မကောင်းသော ကိုလက်စထရောပါဝင်မှုကိုလည်း လျှော့ကျစေနိုင်ပါသည်။

ဤသို့ဆိုလျှင် စားသုံးသူမိဘပြည်သူများအနေဖြင့် မိမိတို့နှစ်သက်စွာ ဝယ်ယူစားသောက်နေသော ဆီအမျိုးအစားများ၏ ဂုဏ်အရည်အသွေးများကို နှိုင်းယှဉ်စဉ်းစားနိုင်မည် ဖြစ်ပါသည်။ စားအုန်းဆီတွင်ပါဝင်သော ပြည့်ဝအဆီအက်စစ်များ၏ ပမာဏသည် မြေပဲဆီ၊ နှမ်းဆီတို့ထက် များစွာမြင့်တက်နေသည်ကို တွေ့ရှိနိုင်သကဲ့သို့ မြေပဲဆီနှင့် နှမ်းဆီတို့တွင်ပါဝင်သော ကျန်းမာရေးအကျိုးပြု မပြည့်ဝအဆီအက်စစ်အမျိုးအစားများသည် စားအုန်းဆီတွင် ပါဝင်မှု ပိုနည်းနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် စားအုန်းဆီကို နှစ်ရှည်လများ ပမာဏအတိုင်းအတာ အချိန်အဆမရှိဘဲ စားသောက်နေကြသူများအနေဖြင့် မိမိတို့၏ သွေးတွင်းကိုလက်စထရောအတိုင်းအတာနှင့် နှလုံးအခြေအနေတို့ကို စစ်ဆေးထားသင့်ပါသည်။

ကျန်းမာရေးစစ်တမ်း ကောက်ယူချက်များအရ မြန်မာနိုင်ငံ၏ သေဆုံးမှုအများဆုံး ၁၀ မျိုးတွင် နှလုံးသွေးကြောကျဉ်းရောဂါကြောင့် သေဆုံးမှုအများဆုံးဖြစ်ပြီး သုတေသနတွေ့ရှိချက်များအရ စားအုန်းဆီတွင် ပါဝင်သော ကိုလက်စထရောပမာဏသည် အခြားဟင်းသီးဟင်းရွက်ဆီများအောက် နည်းသော်လည်း ၎င်းတွင် ပြည့်ဝဆီများစွာပါဝင်နေသောကြောင့် နှလုံးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် သွေးတိုးရောဂါတို့ကို ပိုမိုဖြစ်နိုင်စေကြောင်း လေ့လာသိရှိရပါသည်။

**နှလုံးရောဂါခံစားရသူ များပြားလာ**

ကမ္ဘာ့နိုင်ငံများ၏ စားအုန်းဆီရောင်းဝယ်မှုကို လေ့လာကြည့်မည်ဆိုပါက ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်အတွင်း အီသီယိုးပီးယားနိုင်ငံသည် စုစုပေါင်းစားသုံးဆီသုံးစွဲမှု ၆၃၀၀၀၀ MT ဝန်းကျင်ရှိခဲ့ပြီး ၎င်း၏ ၉၀ ရာခိုင်နှုန်းမှာ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများမှ တင်သွင်းသော စားအုန်းဆီများဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ်အတွင်း စားသုံးဆီတင်သွင်းမှုအတွက် ဒေါ်လာသန်းပေါင်း ၅၅၀ သုံးစွဲခဲ့ရာ ယင်း၏ ၈၈ ရာခိုင်နှုန်းသည်လည်း မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများမှ စားအုန်းဆီများဖြစ်ကြောင်း၊ ပြည့်ဝဆီစားသုံးခြင်း၏ အကျိုးသက်ရောက်မှုအနေဖြင့် ၎င်းနိုင်ငံအတွင်း နှလုံးရောဂါ (Cardiovascular Disease) ခံစားရသူများပြားလာခဲ့ကြောင်း လေ့လာသိရှိရပါသည်။

စားအုန်းဆီသည် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဟင်းချက်ဆီ (Cooking Oil) အုပ်စုတွင် ပါဝင်သော စားသုံးဆီဖြစ်သော်လည်း ကျန်းမာရေးအထောက်အကူပြု စားသုံးဆီ (Healthy Oil) အုပ်စုဝင်အဖြစ် ရပ်တည်နိုင်ခြင်းမရှိခဲ့သည်မှာ ၎င်းတွင် ပမာဏများစွာပါဝင်နေသော ပြည့်ဝဆီကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၀၃ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)နှင့် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့ (FAO) တို့ကလည်း ပြည့်ဝဆီအလွန်အကျွံစားသုံးခြင်းသည် နှလုံးရောဂါခံစားရန် ဖြစ်နိုင်ခြေများကြောင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။

ဆီကိုစား၍ အသားမဖြစ်သော်လည်း နေ့စဉ်လှုပ်ရှားသွားလာမှုများ ပြုလုပ်နိုင်ရန်အတွက် လိုအပ်သောစွမ်းအင်ကို ရရှိနိုင်ရန် စားသုံးဆီကို မစားမဖြစ်စားနေကြရမည်ဖြစ်ပါသည်။ သို့သော်လည်း မိမိတို့၏ကျန်းမာရေးကိုရှေးရှုပြီး ပြည့်ဝဆီများကို ရှောင်ရှားကြရမည်ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း မပြည့်ဝဆီအများအပြားပါဝင်ပြီး ကျန်းမာရေးကို အထောက်အကူပေးနိုင်သော ပြည်တွင်းဖြစ် မြေပဲဆီ၊ နှမ်းဆီတို့ကို ရွေးချယ်ဝယ်ယူကာ အနည်းဆုံးပမာဏလျှော့ချပြီး စားသောက်နေထိုင်သွားသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❖ **စားအုန်းဆီတွင်ပါဝင်သော ပြည့်ဝအဆီအက်စစ်များ၏ပမာဏသည် မြေပဲဆီ၊ နှမ်းဆီတို့ထက် များစွာမြင့်တက်နေသည်ကို တွေ့ရှိနိုင်သကဲ့သို့ မြေပဲဆီနှင့် နှမ်းဆီတို့တွင်ပါဝင်သော ကျန်းမာရေးအကျိုးပြု မပြည့်ဝအဆီအက်စစ်အမျိုးအစားများသည် စားအုန်းဆီတွင်ပါဝင်မှု ပိုနည်းနေသည်ကို တွေ့ရမည်**

❖ **စားအုန်းဆီတွင် ပါဝင်သော ကိုလက်စထရောပမာဏသည် အခြားဟင်းသီးဟင်းရွက်ဆီများအောက်နည်းသော်လည်း ၎င်းတွင် ပြည့်ဝဆီများစွာပါဝင်နေသောကြောင့် နှလုံးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် သွေးတိုးရောဂါတို့ကို ပိုမိုဖြစ်နိုင်**

**ကျမ်းကိုးစာရင်း**

၁။ MWD Web Portal, Myawaddy.net.mm

၂။ https://www.jstage.jst.go.jp/Article/jos/70/12/70

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ်ကို ကျေညက်ပိုင်နိုင်စွာ ဖြေဆိုနိုင်ရန် အတွက် အင်္ဂလိပ်စာမေးခွန်းပုံစံ နံပါတ်တစ်ခုချင်းစီအလိုက် မေးခွန်းများနှင့် ဖြေဆိုနည်းများကို ထည့်သွင်းဖော်ပြလိုက်ပါသည်။

ယခင်တစ်ပတ်က **Question VII (A)** နှင့် **(B)**တို့ကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ **Question VIII** နဲ့ **IX** နမူနာ ပေးစာနဲ့ အက်ဆေးတို့ကို ဖော်ပြလိုက်ပါတယ်။

**Question VIII** က ပေးစာတစ်ပုဒ် ရေးရမှာဖြစ်ပါတယ်။ ပေးထားတဲ့ မေးခွန်း နှစ်ခုထဲက မိမိနှစ်သက်ရာတစ်ခုကို ရွေးချယ်ဖြေဆိုနိုင်ပါတယ်။ ပေးစာပုံစံနဲ့အံဝင်ခွင်ကျဖြစ်ပြီး ရေးခိုင်းတဲ့အချက်အလက်တွေ ပါဝင်အောင် ရေးရမှာဖြစ်ပါတယ်။ ကြိုတင်ပြင်ဆင်ထားဖို့လိုအပ်ပါတယ်။ စာလုံးရေ ၃၀၀ ထက် ပိုမရေးရပါ။ ပေးမှတ် (၁၀) မှတ်ဖြစ်ပါတယ်။

**VIII. Choose a situation given below and write a letter. Do not write more than 300 words.(10 marks)**

(1) You are **Kyaw Lin** and you live at **No. 352, Sabai Road, Yankin Township, Yangon.** Write a letter to **your friend,** telling him/ her about advantages of having a sound sleep and disadvantages of sleep deprivation.

(2) You are **Phoe Khwar** and you live at **No. 931 in Latha Street, Lanmadaw Township, Yangon.** Write a letter to **your uncle, who is working in Canada,** thanking him for the smart phone which he sent you and telling him why you really appreciate it and how it is useful in your academic and social lives.

(3) You are **Hay Thar** and you live at **No. 110, Shwe Zin Yaw Road, Myitkyina.** Write a letter to your aunt, asking her for her advice on what you should do to reduce your stress and enhance your emotional well–being.

**Question IX** က အက်ဆေးတစ်ပုဒ်ရေးရမှာဖြစ်ပါတယ်။ ပေးထားတဲ့ မေးခွန်း သုံးခုထဲက မိမိနှစ်သက်ရာ တစ်ခုကို ရွေးချယ်ဖြေဆိုနိုင်ပါတယ်။ အက်ဆေးပုံစံဝင်အောင် ရေးရမှာဖြစ်ပါတယ်။ မေးခွန်းမှာ ပေးထားတဲ့ အက်ဆေးခေါင်းစဉ်နဲ့ အမျိုးအစားတို့ကို ဆီလျော်အောင်ရေးသားဖို့ လိုပါတယ်။ စာလုံးရေ ၅၀၀ ခန့် ရေးသားရမှာဖြစ်ပါတယ်။ ပေးမှတ် (၁၅)မှတ်ဖြစ်ပါတယ်။

**IX. Write an essay of three paragraphs on ONE of the following. Do not write more than 500 words. (15 marks)**

**(1) Social Media: A Tool for Education or a Distraction?**

**(2) The Role of Students in Environmental Conservation**

**(3) The Qualities of a Good Citizen**

********************

**Answers**

VIII. (1)

No. 352, Sasbai Road, Yankin Township,
Yangon
18. 3. 2025

Dear Arkar,

I hope you are doing well. I want to tell you about why having good sleep is important for students and what happens if we don't get enough sleep.

Good sleep helps students in many ways. It makes the brain work better, so we can remember and understand things more easily. When we sleep well, we feel fresh and have more energy to study and play. Sleep also keeps us healthy by making our body strong and ready to fight sickness.

But not sleeping enough can cause many problems. It makes it hard to focus in class and do homework. Students may feel tired, grumpy, or even sad when they don't sleep enough. Over time, a lack of sleep can make us sick because our body becomes weak.

Also, when students don't get enough rest, they don't have energy for other activities like sports or hobbies. Sometimes, they even feel sleepy during the day, which can lead to mistakes or accidents.

In short, good sleep helps us learn better, stay healthy, and feel happy. Students should try to sleep well every night to do their best in school and life.

Take care and sleep well!

Best wishes,

Kyaw Lin

(2)

No. 931 in Latha Street, Lanmadaw Township,
Yangon
18th March, 2025

Dear U Lay,

I hope this letter finds you in good health and high spirits. I am writing to thank you for the wonderful smartphone you sent me. I am truly grateful for your thoughtful gift, and I wanted to share how much I appreciate it and how it has been incredibly useful to me.

Firstly, the smartphone has made a big difference in my academic life. I can now access online resources, such as e–books, educational videos, and study apps, anytime and anywhere. It helps me research topics quickly and stay updated with my lessons. I also use it to attend online classes and submit assignments on time, which has made studying much easier and more organized.

In addition, the smartphone has improved my social life. I can stay connected with my friends and family, no matter where they are. Messaging and video calls make it easy to share updates and moments with loved ones. It also helps me participate in group discussions with my classmates, making teamwork and project collaboration more efficient.

I also appreciate the smartphone because it allows me to manage my time better. With features like reminders and calendars, I can keep track of important tasks and never miss deadlines. Moreover, I can use it to relax by listening to music or watching educational content.

Thank you once again, Uncle, for your kind and generous gift. It has truly made a positive impact on my daily life, and I am deeply thankful for your support and thoughtfulness.

Please take care and let me know if there's anything I can do to help you in return. I look forward to hearing from you soon!

Warm regards,

Phoe Khwar

(3)

No. 110, Shwe Zin Yaw Road,
Myitkyina.
18. 3. 2025

Dear Aunty Lay,

I hope this letter finds you well. I'm writing to ask for your advice on something important. Lately, I've been feeling a bit stressed with everything going on in my life. Between school, responsibilities, and personal challenges, it's been difficult to keep my mind calm. Since you always seem so balanced and happy, I thought you could guide me on how to reduce my stress and improve my emotional well–being.

Sometimes, I feel overwhelmed by my studies and deadlines. Even when I try to relax, I find it hard to switch off my thoughts. I've heard people say that exercise or hobbies can help, but I'm not sure how to start. Do you think I should try activities like yoga or meditation? Or maybe spend more time outside in nature?

I also want to learn how to deal with emotions better. On some days, I feel a little low or anxious. I think it's because I don't always know how to express my feelings. Do you have any tips for staying positive and handling emotions in a healthy way?

I remember the times we talked, and you always had the best advice to offer. I'd love to hear your suggestions and learn from your experiences. I believe that small changes can make a big difference, and I'm ready to try new things to feel better.

Thank you so much for taking the time to read this letter. I appreciate your kindness and wisdom. Please share any tips or ideas you think could help. I look forward to hearing from you soon.

Take care and lots of love,

Hay Thar

IX.

**(1) Social Media: A Tool for Education or a Distraction?**

**Social media has become an important part of students' lives, offering both opportunities and challenges. It can be a powerful tool for education but also a source of distraction. Whether it helps or hinders students depends on how it is used.** (ဆိုရှယ်မီဒီယာသည် ကျောင်းသားများ၏ဘဝတွင် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်လာပြီး အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို ပေးသည်။ ၎င်းသည် ပညာရေးအတွက် အစွမ်းထက်သော ကိရိယာတစ်ခုဖြစ်နိုင်သော်လည်း အနှောင့်အယှက်ဖြစ်စေသည့် အရင်းအမြစ်တစ်ခုလည်းဖြစ်သည်။ ကျောင်းသားများကို ကူညီသည်ဖြစ်စေ၊ အနှောင့်အယှက်ဖြစ်စေသည်ဖြစ်စေ ၎င်းကို အသုံးပြုပုံပေါ်တွင် သာမူတည်သည်။)

**On one hand, social media can be a valuable educational tool. Platforms like YouTube, Instagram, and TikTok provide access to countless learning resources. Students can watch educational videos, join online classes, and participate in group discussions.** (တစ်ဖက်တွင် ဆိုရှယ်မီဒီယာသည် အဖိုးတန်ပညာပေးကိရိယာတစ်ခု ဖြစ်နိုင်သည်။ YouTube၊ Instagram နှင့် TikTok ကဲ့သို့သော ပလပ်ဖောင်းများသည် မရေမတွက်နိုင်သော သင်ယူမှုရင်းမြစ်များကို ဝင်ရောက်ကြည့်ရှုခွင့်ပေးပါသည်။ ကျောင်းသားများသည် ပညာရေးဆိုင်ရာဗီဒီယိုများကို ကြည့်ရှုနိုင်သည်။ အွန်လိုင်းအတန်းများတွင် ပါဝင်နိုင်ပြီး အုပ်စုဖွဲ့ဆွေးနွေးမှုများတွင် ပါဝင်နိုင်သည်။)

**Many teachers use social media to share notes, assignments, and tips, making learning more engaging. Social media also allows students to connect with peers and experts from around the world, helping them exchange ideas and broaden their knowledge. Moreover, social media promotes creativity and innovation.** (ဆရာ ဆရာမများသည် မှတ်စုများ၊ တာဝန်များနှင့် အကြံပြုချက်များကို မျှဝေရန် ဆိုရှယ်မီဒီယာကိုအသုံးပြုကြပြီး သင်ယူမှုကို ပိုမိုဆွဲဆောင်မှုရှိစေသည်။ ဆိုရှယ်မီဒီယာသည် ကျောင်းသားများအား ကမ္ဘာတစ်ဝန်းမှ သက်တူရွယ်တူများနှင့် ကျွမ်းကျင်သူများနှင့် ချိတ်ဆက်နိုင်စေပြီး အကြံဉာဏ်များဖလှယ်ရန်နှင့် ၎င်းတို့၏အသိပညာကို ကျယ်ပြန့်စေရန် ကူညီပေးနိုင်သည်။ ထို့ပြင် ဆိုရှယ်မီဒီယာသည် တီထွင်ဖန်တီးနိုင်စွမ်းနှင့် ဆန်းသစ်တီထွင်မှုကိုလည်း မြှင့်တင်ပေးသည်။)

**Students can showcase their projects, share their thoughts, and even learn skills like photography, graphic design, or public speaking. It also keeps them updated on current events and global issues, fostering awareness and critical thinking.**

**On the other hand, social media can easily become a distraction.** (ကျောင်းသားများသည် ၎င်းတို့၏ပရောဂျက်များကို ပြသခြင်း၊ ၎င်းတို့၏အတွေးအမြင်များကို မျှဝေခြင်းနှင့် ဓာတ်ပုံ၊ ဂရပ်ဖစ်ဒီဇိုင်း သို့မဟုတ် လူထုဟောပြောခြင်းကဲ့သို့သော စွမ်းရည်များကိုပင် သင်ယူနိုင်သည်။ ထို့ပြင် လက်ရှိဖြစ်ရပ်များနှင့် ကမ္ဘာလုံးဆိုင်ရာပြဿနာများနှင့်ပတ်သက်ပြီး အချက်အလက်အသစ်များကိုပေးကာ အသိအမြင်နှင့် ဝေဖန်ပိုင်းခြားနိုင်စွမ်းကို မြှင့်တင်ပေးသည်။ အခြားတစ်ဖက်တွင်မူ ဆိုရှယ်မီဒီယာသည် အနှောင့်အယှက်တစ်ခု ဖြစ်လာနိုင်သည်။)

**Many students spend hours scrolling through posts, watching videos, or chatting, which takes time away from studying. This overuse can lead to procrastination, poor time management, and even lower academic performance. The constant notifications and updates can make it hard for students to focus on their tasks.** (ကျောင်းသားအများအပြားသည် စာလေ့လာမည့်အစား ပို့စ်များကြည့်ခြင်း၊ ဗီဒီယိုကြည့်ခြင်း သို့မဟုတ် စကားပြောခြင်းများကို နာရီပေါင်းများစွာကြာအောင် လုပ်ဆောင်ကြသည်။ ယင်းသို့ လူမှုကွန်ရက်ကို အချိန်အလွန်အမင်းသုံးစွဲခြင်းသည် အချိန်ဆွဲခြင်း၊ အချိန်စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းနှင့် ပညာရေးဆိုင်ရာစွမ်းဆောင်ရည်ကိုပင် နိမ့်ကျစေနိုင်သည်။ အဆက်မပြတ်သတိပေးချက်များနှင့် အပ်ဒိတ်အသစ်အဆန်းများသည် ကျောင်းသားများအတွက် ၎င်းတို့၏ တာဝန်များကို အာရုံစိုက်ရန် ခက်ခဲစေသည်။) **စာမျက်နှာ ၂၁ သို့** ❂

❂ စာမျက်နှာ ၂၀ မှ

Social media also affects emotional well–being. Comparing themselves to others can cause students to feel stressed or insecure. Additionally, exposure to inappropriate content or cyberbullying can have negative effects on mental health. To make the most of social media, students need to use it wisely. Setting time limits, following educational pages, and avoiding unnecessary distractions are some ways to balance its use. (ထို့ပြင် ဆိုရှယ်မီဒီယာသည် စိတ်ပိုင်းဆိုင်ရာကောင်းမွန်မှုကို ထိခိုက်စေပါသည်။ မိမိကိုယ်ကို အခြားသူများနှင့် နှိုင်းယှဉ်ခြင်းသည် ကျောင်းသားများအား စိတ်ဖိစီးခြင်း သို့မဟုတ် မလုံခြုံခြင်းတို့ကို ခံစားရစေသည်။ ထို့အပြင် မသင့်လျော်သော အကြောင်းအရာများကို ကြည့်မိခြင်း သို့မဟုတ် ဆိုက်ဘာအနိုင်ကျင့်ခြင်းများသည် စိတ်ကျန်းမာရေးအပေါ် အပျက်သဘောဆောင်သော သက်ရောက်မှုများရှိနိုင်သည်။ ဆိုရှယ်မီဒီယာကို အကောင်းဆုံးအသုံးချရန်အတွက် ကျောင်းသားများအနေဖြင့် ပညာရှိရှိသုံးတတ်ဖို့ လိုအပ်သည်။ အချိန်ကန့်သတ်ချက်များသတ်မှတ်ခြင်း၊ ပညာရေးစာမျက်နှာများကို ကြည့်ရှုခြင်းနှင့် မလိုအပ်သော အနှောင့်အယှက်များကို ရှောင်ရှားခြင်းသည် ၎င်း၏အသုံးပြုမှုကို ဟန်ချက်ညီစေရန် နည်းလမ်းအချို့ဖြစ်သည်။)

In conclusion, social media can be both a tool for education and a distraction. Its impact depends on how students manage their time and use it for their benefit. With discipline and awareness, social media can become a powerful ally in learning and personal growth. (နိဂုံးချုပ်အားဖြင့် ဆိုရှယ်မီဒီယာသည် ပညာရေးအတွက် အထောက်အကူဖြစ်စေပြီး အနှောင့်အယှက်တစ်ခုလည်းဖြစ်စေနိုင်သည်။ ၎င်း၏အကျိုးသက်ရောက်မှုသည် ကျောင်းသားများ ၎င်းတို့၏အချိန်ကို မည်ကဲ့သို့စီမံခန့်ခွဲပြီး ၎င်းတို့၏အကျိုးအတွက် အသုံးပြုပုံအပေါ်မူတည်သည်။ စည်းကမ်းနှင့် အသိတရားရှိမှုဖြင့် ဆိုရှယ်မီဒီယာသည် သင်ယူမှုနှင့် ကိုယ်ရေးကိုယ်တာတိုးတက်မှုအတွက် အားကောင်းသော အပေါင်းအဖော်တစ်ခုဖြစ်လာနိုင်သည်။)

**(2)The Role of Students in Environmental Conservation**

Environmental conservation is essential for protecting the planet and ensuring a healthy future for all living beings. Students, as the future leaders and caretakers of the Earth, have a crucial role to play in this mission. By adopting eco–friendly habits, raising awareness, and participating in conservation activities, students can make a significant impact on the environment. (သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသည် ကမ္ဘာဂြိုဟ်ကို ကာကွယ်ရန်နှင့် သက်ရှိအားလုံး၏ ကျန်းမာသောအနာဂတ်အတွက် မရှိမဖြစ်လိုအပ်ပါသည်။ ကျောင်းသားများသည် အနာဂတ်ခေါင်းဆောင်များနှင့် ကမ္ဘာမြေကြီးကို စောင့်ရှောက်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ဂေဟစနစ်သဟဇာတ အလေ့အထများကို ကျင့်သုံးခြင်း၊ အသိပညာပေးခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ခြင်းဖြင့် ကျောင်းသားများသည် သဘာဝပတ်ဝန်းကျင်အပေါ် သိသာထင်ရှားသော အကျိုးသက်ရောက်မှုများ ရရှိစေနိုင်ပါသည်။)

One of the simplest ways, students can contribute is practicing the three Rs: Reduce, Reuse, and Recycle. They can reduce waste by using less plastic, reusing items like bags and bottles, and recycling materials such as paper and cans. Small actions like switching off lights when not needed or using water wisely also help conserve resources. (ကျောင်းသားများက ပါဝင်ကူညီနိုင်သည့် အရိုးရှင်းဆုံးနည်းလမ်းတစ်ခုမှာ လျှော့ချခြင်း၊ ပြန်သုံးခြင်းနှင့် ပုံစံပြောင်းပြန်လည်အသုံးပြုခြင်း စသည့် Rs သုံးခုကို လိုက်နာကျင့်သုံးခြင်းဖြစ်သည်။ ပလတ်စတစ်အသုံးပြုမှုကို လျှော့ချခြင်း၊ အိတ်များနှင့် ပုလင်းများကဲ့သို့ ပစ္စည်းများကို ပြန်လည်အသုံးပြုခြင်း၊ စက္ကူနှင့် သံဘူးများကဲ့သို့ စွန့်ပစ်ပစ္စည်းများကို ပုံစံပြောင်းပြန်လည်အသုံးပြုခြင်းဖြင့် စွန့်ပစ်ပစ္စည်းများကို လျှော့ချနိုင်သည်။ မလိုအပ်သည့်အခါ မီးပိတ်ခြင်း သို့မဟုတ် ရေကို ပညာရှိရှိအသုံးပြုခြင်းကဲ့သို့သော သေးငယ်သောလုပ်ဆောင်ချက်များသည် အရင်းအမြစ်များကို ထိန်းသိမ်းရာတွင် အထောက်အကူဖြစ်စေပါသည်။)

Students can also spread awareness about the importance of protecting the environment. They can educate their peers, families, and communities about issues such as pollution, deforestation, and climate change. Organizing events like tree–planting drives, clean–up campaigns, or workshops in schools and neighborhoods can inspire others to join the cause. (ကျောင်းသားများသည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန် အရေးကြီးကြောင်း အသိပညာများဖြန့်ဝေနိုင်သည်။ ညစ်ညမ်းမှု၊ သစ်တောပြုန်းတီးမှုနှင့် ရာသီဥတုဖောက်ပြန်မှုကဲ့သို့သော ပြဿနာများကို ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များ၊ မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းများကို အသိပညာပေးနိုင်ပါသည်။ သစ်ပင်စိုက်ပျိုးခြင်းများ၊ သန့်ရှင်းရေးလှုပ်ရှားမှုများ သို့မဟုတ် ကျောင်းများနှင့် ရပ်ကွက်များတွင် အလုပ်ရုံဆွေးနွေးပွဲများကဲ့သို့သော ပွဲများကို စီစဉ်ခြင်းသည် သဘာဝပတ်ဝန်းကျင်ကိုကာကွယ်ရာတွင် ပါဝင်ရန် အခြားသူများကို လှုံ့ဆော်ပေးနိုင်သည်။)

Moreover, students can advocate for sustainable practices. They can encourage schools to use energy–efficient appliances, reduce paper usage, and promote green initiatives like solar power. Supporting eco–friendly products and participating in campaigns for environmental protection are other impactful ways to contribute. (ထို့အပြင် ကျောင်းသားများသည် ရေရှည်တည်တံ့သော အလေ့အကျင့်များအတွက် ထောက်ခံအားပေးနိုင်ပါသည်။ ကျောင်းများကို စွမ်းအင်သက်သာသော ကိရိယာများအသုံးပြုရန်၊ စက္ကူအသုံးပြုမှုကို လျှော့ချရန်နှင့် နေရောင်ခြည်စွမ်းအင်ကဲ့သို့သော ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသည့် အစိမ်းရောင်အစပျိုးမှုများကိုမြှင့်တင်ရန် စာသင်ကျောင်းများကို အားပေးနိုင်သည်။ ဂေဟစနစ်သဟဇာတဖြစ်သော ထုတ်ကုန်များကို ထောက်ခံအားပေးခြင်းနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးအတွက် လှုံ့ဆော်မှုများတွင် ပါဝင်ခြင်းသည် အထောက်အကူဖြစ်စေမည့် အခြားအကျိုးသက်ရောက်မှုနည်းလမ်းများဖြစ်သည်။)

Participating in nature–related activities can also deepen students' connection to the environment. Visiting parks, growing plants, or volunteering for environmental organizations fosters respect and love for nature. This connection motivates students to take care of the planet actively. (သဘာဝဆိုင်ရာလှုပ်ရှားမှုများတွင် ပါဝင်ခြင်းသည် ကျောင်းသားများ၏ ပတ်ဝန်းကျင်နှင့် ချိတ်ဆက်မှုကို နက်ရှိုင်းစေပါသည်။ ပန်းခြံများသို့ သွားရောက်ခြင်း၊ အပင်များစိုက်ပျိုးခြင်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများအတွက် စေတနာ့ဝန်ထမ်းလုပ်ဆောင်ခြင်းသည် သဘာဝကိုလေးစားမှုနှင့် ချစ်မြတ်နိုးမှုကို တိုးပွားစေသည်။ ယင်းသို့ဆောင်ရွက်ခြင်းသည် ကျောင်းသားများအား ကမ္ဘာဂြိုဟ်ကို တက်ကြွစွာ ကာကွယ်စောင့်ရှောက်ရန် လှုံ့ဆော်ပေးသည်။)

The role of students in conservation is not limited to local actions. They can use social media and digital platforms to share ideas, solutions, and success stories about environmental efforts, reaching a global audience. (ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ကျောင်းသားများ၏ အခန်းကဏ္ဍသည် ဒေသဆိုင်ရာလုပ်ဆောင်ချက်များထက် ကျော်လွန်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများနှင့် ပတ်သက်သည့် စိတ်ကူးစိတ်သန်းများ၊ ဖြေရှင်းချက်များနှင့် အောင်မြင်မှုသတင်းများကို လူမှုမီဒီယာနှင့် ဒစ်ဂျစ်တယ်ပလပ်ဖောင်းများမှတစ်ဆင့် မျှဝေကာ ကမ္ဘာလုံးဆိုင်ရာ ပရိသတ်ထံသို့ ရောက်ရှိစေနိုင်သည်။)

In conclusion, students have the power to bring about meaningful change for the environment. By adopting sustainable practices, spreading awareness, and taking collective action, they can help protect the Earth for future generations. Every small effort counts, and together, students can make a big difference in conserving our planet. (နိဂုံးချုပ်အနေဖြင့် ကျောင်းသားများသည် ပတ်ဝန်းကျင်အတွက် အဓိပ္ပာယ်ရှိသော အပြောင်းအလဲကို ဆောင်ကြဉ်းပေးနိုင်သည့် စွမ်းအားရှိသည်။ ရေရှည်တည်တံ့သော အလေ့အကျင့်များကို ကျင့်သုံးခြင်း၊ အသိတရားဖြန့်ဝေခြင်းနှင့် စုပေါင်းလုပ်ဆောင်ခြင်းဖြင့် အနာဂတ်မျိုးဆက်များအတွက် ကမ္ဘာမြေကိုကာကွယ်ရန် ကူညီပေးနိုင်ပါသည်။ သေးငယ်သော အားထုတ်မှုတိုင်းကို ထည့်သွင်းတွက်ချက်ပြီး ကျောင်းသားများသည် ကျွန်ုပ်တို့ကမ္ဘာဂြိုဟ်ကို ထိန်းသိမ်းရာတွင် ကြီးမားသော ခြားနားချက်တစ်ခုကို ဖန်တီးနိုင်ပါသည်။)

**(3) The Qualities of a Good Citizen**

The 21st Century world has become a more diverse community. People from different religious, social, ethnic and educational backgrounds contact one another more. Therefore, a good citizen plays a vital role in the development and well – being of their community and country. Being a good citizen involves more than just obeying laws; it encompasses a range of behaviours and attitudes that contribute positively to society. (၂၁ ရာစုကမ္ဘာကြီးသည် ပိုမိုကွဲပြားခြားနားသော အသိုင်းအဝိုင်းတစ်ခုဖြစ်လာသည်။ ဘာသာရေး၊ လူမှုရေး၊ လူမျိုးရေးနှင့် ပညာရေး နောက်ခံအသီးသီးမှ လူများသည် တစ်ဦးနှင့်တစ်ဦး ပိုမိုဆက်သွယ်ကြသည်။ ထို့ကြောင့် နိုင်ငံသားကောင်းတစ်ဦးသည် မိမိတို့အသိုက်အဝန်းနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ နိုင်ငံသားကောင်းတစ်ဦးဖြစ်ခြင်းသည် ဥပဒေများကို လိုက်နာရုံသာမက လူ့အဖွဲ့အစည်းကို အပြုသဘောဆောင်သော အပြုအမူ၊ သဘောထားများဖြင့် အကျိုးပြုလျက်ရှိသည်။)

A good citizen respects and follows the laws of the country. He or she understands that laws are in place to maintain order and protect the rights of all individuals. By adhering to these laws, citizens contribute to a safe and harmonious society. Active participation in community activities and public affairs is a hallmark of a good citizen. (နိုင်ငံသားကောင်းတစ်ဦးသည် တိုင်းပြည်၏ဥပဒေများကို လေးစားလိုက်နာသည်။ စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းရန်နှင့် လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကိုကာကွယ်ရန် ဥပဒေများရှိနေကြောင်း နားလည်ရမည်ဖြစ်သည်။ ဤဥပဒေများကို လိုက်နာခြင်းဖြင့် နိုင်ငံသားများသည်လုံခြုံပြီး ဟန်ချက်ညီသော လူ့အဖွဲ့အစည်းကို အကျိုးပြုပါသည်။ လူထုလှုပ်ရှားမှုများနှင့် ပြည်သူ့ရေးရာများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းသည် နိုင်ငံသားကောင်းတစ်ဦး၏ အမှတ်အသားဖြစ်သည်။)

This can include voting in elections, attending town meetings, and volunteering for community projects. By engaging in these activities, citizens help shape the future of their community and ensure that their voices are heard. Good citizens take responsibility for their actions and are accountable for their decisions. (ရွေးကောက်ပွဲတွင် မဲပေးခြင်း၊ မြို့တွင်းအစည်းအဝေးများ တက်ရောက်ခြင်းနှင့် ရပ်ရွာလှုပ်ရှားမှုများအတွက် စေတနာ့ဝန်ထမ်းလုပ်ဆောင်ခြင်းတို့ ပါဝင်သည်။ အဆိုပါ လှုပ်ရှားမှုများတွင်ပါဝင်ခြင်းဖြင့် နိုင်ငံသားများသည် ၎င်းတို့၏ ရပ်ရွာ၏ အနာဂတ်ကို ပုံဖော်ရန်နှင့် ၎င်းတို့၏ အသံများကို ကြားနိုင်စေရန် ကူညီပေးပါသည်။ နိုင်ငံသားကောင်းများသည် ၎င်းတို့၏ လုပ်ဆောင်ချက်များနှင့် ဆုံးဖြတ်ချက်များအတွက်လည်း တာဝန်ရှိပါသည်။)

They understand the impact of their behaviour on others and strive to make choices that benefit the wider community. This includes being environmentally conscious, paying taxes, and helping those in need. Respect for others is a fundamental quality of a good citizen. This involves treating everyone with kindness and consideration, regardless of their background or belief. (နိုင်ငံသားတို့သည် အခြားသူများအပေါ် ၎င်းတို့၏ အပြုအမူများ၏ အကျိုးသက်ရောက်မှုကို နားလည်ပြီး ပိုမိုကျယ်ပြန့်သော အသိုက်အဝန်းကို အကျိုးပြုမည့် ရွေးချယ်မှုများပြုလုပ်ရန် ကြိုးစားကြသည်။ ပတ်ဝန်းကျင်ကို သတိရှိခြင်း၊ အခွန်ပေးဆောင်ခြင်းနှင့် လိုအပ်နေသူများအား ကူညီပေးခြင်းတို့ ပါဝင်သည်။ အပြန်အလှန်လေးစားခြင်းသည် နိုင်ငံသားကောင်းတစ်ဦး၏ အခြေခံအရည်အသွေးဖြစ်သည်။ လူတိုင်းကို ၎င်းတို့၏ နောက်ခံ သို့မဟုတ် ယုံကြည်ချက်မခွဲခြားဘဲ ကြင်နာမှုနှင့် ထောက်ထားစာနာမှုဖြင့် ဆက်ဆံခြင်းလည်း ပါဝင်သည်။)

Contributing to the community is another important aspect of good citizenship. Citizens who contribute to their community help to create a better living environment for everyone. A good citizen stays informed about local, national, and global issues. Patriotism is a sense of pride and love for one's country. Good citizens show patriotism by respecting national symbols, celebrating cultural traditions, and working towards the country's progress. (လူမှုအသိုင်းအဝိုင်းကို အကျိုးပြုခြင်းသည် နိုင်ငံသားကောင်း၏ နောက်ထပ်အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်သည်။ မိမိတို့ရပ်ရွာကို အကျိုးပြုသော နိုင်ငံသားများသည် လူတိုင်းအတွက် ပိုမိုကောင်းမွန်သော လူနေမှုပတ်ဝန်းကျင် ဖန်တီးရန်လည်း ကူညီပေးပါသည်။ နိုင်ငံသားကောင်းတစ်ဦးသည် ဒေသဆိုင်ရာ၊ နိုင်ငံတော်နှင့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာများအကြောင်းကို အမြဲအသိပေးဝေမျှသည်။ မျိုးချစ်စိတ်ဆိုတာ နိုင်ငံကိုချစ်တဲ့စိတ်နဲ့ ဂုဏ်ယူသည့်သဘောဖြစ်သည်။ နိုင်ငံသားကောင်းများသည် အမျိုးသားရေးသင်္ကေတများကို လေးစားခြင်း၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ဂုဏ်ပြုခြင်းနှင့် တိုင်းပြည်တိုးတက်ရေးကို ဦးတည်လုပ်ဆောင်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ကို ပြသကြသည်။)

The qualities of a good citizen extend beyond simple compliance with laws. He or she involves active participation, responsibility, respect, community contribution, awareness, and patriotism. By embodying these qualities, individuals can help build a strong, prosperous, and harmonious society. (နိုင်ငံသားကောင်းများ၏ အရည်အချင်းများသည် ရိုးရှင်းသော ဥပဒေများကို လိုက်နာခြင်းထက် ကျော်လွန်ပါသည်။ တက်ကြွစွာပါဝင်မှု၊ တာဝန်ယူမှု၊ လေးစားမှု၊ ရပ်ရွာပံ့ပိုးမှု၊ အသိအမြင်နှင့် မျိုးချစ်စိတ်တို့ ပါဝင်ပါသည်။ ဤအရည်အသွေးများ ရှိစေရန် ဆောင်ရွက်ခြင်းဖြင့် လူတစ်ဦးချင်းစီသည် ခိုင်မာသော၊ သာယာဝပြောပြီး ဟန်ချက်ညီသော လူ့အဖွဲ့အစည်းကို တည်ဆောက်ရာတွင် ကူညီပေးနိုင်ပါသည်။)

xxxxxxxxxxxxxxxxxx

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉–၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ပြန်လည်အားယူနေသည့် ထိုင်းနိုင်ငံခရီးသွားလုပ်ငန်း

စိုးသူရ

ကမ္ဘာပေါ်တွင် ခရီးသွားလုပ်ငန်းများသည် ကိုဗစ်-၁၉ကပ်ရောဂါ ဖြစ်ပွားပြီးနောက် ယနေ့ကာလတွင် ပုံမှန်အတိုင်း ပြန်လည်တိုးတက်ဖွံ့ဖြိုးလာသည်ကို တွေ့နေရသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံတွင်လည်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆောင်ရွက်ချက်များကို မြှင့်တင်ခြင်းဖြင့် ခရီးသွားများကို နိုင်ငံအတွင်းလာရောက်ရန်ဆွဲဆောင်နေသည်။ ယခုနှစ်ကို ထိုင်းအဆင့်မြင့် ခရီးသွားလုပ်ငန်းနှင့် အားကစားလှုပ်ရှားမှုဆိုင်ရာနှစ်အဖြစ် သတ်မှတ်ပြီး ထိုင်းနိုင်ငံသို့ ခရီးသွားအရေအတွက် သန်း ၄၀ လာရောက်ရန်နှင့် ခရီးသွားလုပ်ငန်းမှ ဝင်ငွေဘတ် ၂ ဒသမ ၈ ထရီလီယံရရှိရန် ရည်မှန်းထားကြောင်း ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့နှင့် ထိုင်းခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာနတို့က ပြောကြားသည်။

ထိုင်းနိုင်ငံတွင် ခရီးသွားလုပ်ငန်းမြှင့်တင်ရန်အတွက် နိုင်ငံအတွင်းရှိ ခရီးသွားအများဆုံးလာရောက်လေ့ရှိသည့် နေရာများကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသည်။ ထို့ပြင် ယခုနှစ်အတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဟုသိရသည်။ ယခုနှစ်သည် ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းအတွက် အရေးပါသည့် နှစ်တစ်နှစ်ဖြစ်လာမည်ဖြစ်ပြီး မိမိတို့အနေဖြင့် နိုင်ငံအတွင်း လာရောက်မည့် ခရီးသွားအရေအတွက် မြှင့်တင်ရန်သာမက ခရီးသွားလုပ်ငန်း၏ အရည်အသွေးကို မြှင့်တင်ခြင်းဖြင့် ခရီးသွားများ၏ အားရကျေနပ်မှုကို ရယူဆွဲဆောင်မည်ဟု ထိုင်းနိုင်ငံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။



ယခုနှစ်သည် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ် ၅၀ ပြည့်မြောက်သည့်နှစ်ဖြစ်ရာ တရုတ်နိုင်ငံမှ ခရီးသွားများကိုကြိုဆိုရန် အထူးအစီအစဉ်များ ဆောင်ရွက်မည်ဟု သိရသည်။ မြို့တော်ဗန်ကောက်သို့ ယမန်နှစ်အတွင်း ကမ္ဘာလှည့်ခရီးသွား ၃၂ ဒသမ ၄ သန်း လာရောက်ခဲ့ပြီး ယင်းကဲ့သို့ လာရောက်မှုများပြားရခြင်းမှာ နိုင်ငံအတွင်းချမှတ်ထားသည့် ဗီဇာကင်းလွတ်ခွင့်မူဝါဒများကြောင့်ဖြစ်ကြောင်း သိရသည်။

**ခရီးသွားလုပ်ငန်းကို ပံ့ပိုးပေးသည့် ဒေသတစ်ခု ထုတ်ကုန်တစ်ခု**

ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းသည် နိုင်ငံအတွင်း ဆောင်ရွက်နေသည့် အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများကို မြှင့်တင်သည့်အနေဖြင့် ဒေသတစ်ခု ထုတ်ကုန်တစ်ခုစီမံချက်ကို တက်ကြွစွာ ပံ့ပိုးကူညီနေသည်။ အဆိုပါ အစီအစဉ်အရ ခရီးသွားများအနေဖြင့် လက်မှုပညာဆိုင်ရာ ကုန်ပစ္စည်းများကို ဝယ်ယူရရှိနိုင်ကာ ဒေသတွင်းစီးပွားရေးကို မြှင့်တင်ပေးနေကြောင်း သိရသည်။

ထိုင်းနိုင်ငံ၏ ထုတ်ကုန်များသည် ကမ္ဘာလှည့်ခရီးသွားများအကြား ရေပန်းစားနေကာ ခရီးသွားလုပ်ငန်းမှ ဒေသတစ်ခု ထုတ်ကုန်တစ်ခုအစီအစဉ်ကို အောင်မြင်အောင်ဆောင်ရွက်နေသည်။

ထိုင်းနိုင်ငံ မြောက်ပိုင်းတွင် လက်လုပ်ပိုးထည်များ၊ တောင်ပေါ်သားများ၏ လက်မှုပစ္စည်းနှင့် ဒေသထွက်ကော်ဖီများကို ထုတ်လုပ်နေသည်။

ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းဒေသတွင် ကောက်ညှင်းအခြေခံဟင်းလျာများနှင့် ဒေသထွက် လက်ရက်အထည်များကို ထုတ်လုပ်နေသည်။

ထိုင်းနိုင်ငံအလယ်ပိုင်းတွင် ကြွေထည်များ၊ ထိုင်းရိုးရာ အချိုပွဲများနှင့် ပြည်တွင်းထုတ် အုန်းသီးထုတ်ကုန်များကို ထုတ်လုပ်နေသည်။

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ပင်လယ်စာအရသာများ၊ အုန်းမှုတ်ခွက်လက်မှုပညာနှင့် လက်ရက်ဖျာများကို ထုတ်လုပ်နေသည်။

အထက်ပါ ထုတ်ကုန်များသည် ကမ္ဘာလှည့်ခရီးသွားများအကြား ရေပန်းစားနေပြီး ဒေသတစ်ခု ထုတ်ကုန်တစ်ခုအစီအစဉ်ကို ခရီးသွားလုပ်ငန်းနှင့် တွဲဖက်၍ အောင်မြင်အောင်ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရသည်။

ထိုင်းနိုင်ငံသည် ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၁၆ ရက်အထိ နိုင်ငံတကာ ခရီးသွား ၅ ဒသမ ၅ သန်းကို ကြိုဆိုခဲ့ပြီး ဝင်ငွေ ဘတ် ၂၇၀ ဘီလီယံကျော် ရရှိခဲ့ကြောင်း သိရသည်။

၎င်းကာလအတွင်း အများဆုံးလာရောက်သည့် နိုင်ငံများမှာ မလေးရှား၊ တရုတ်၊ ရုရှား၊ တောင်ကိုရီးယားနှင့် အိန္ဒိယတို့ ဖြစ်သည်။

ခရီးသွားလုပ်ငန်းနှင့် အားကစားပွဲများ၊ ခရီးသွားလာမှုအစီအမံများကို အောင်မြင်အောင်ဆောင်ရွက်ခဲ့ခြင်းကြောင့် လာမည့်ရက်သတ္တပတ်များအတွင်း ဧည့်သည်ဝင်ရောက်မှု တိုးလာမည်ဟု ခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား – Thailand Promote Tourism 2025**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် –

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဖော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင် နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။



## အုတ်တွင်းမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်းဆင်းပွဲ ကျင်းပ

**အုတ်တွင်း ဖေဖော်ဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်း အမှတ်စဉ်(၁/၂၀၂၅)ဆင်းပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၉၈) စက်မှုလယ်ယာစခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဟိန်းက သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းဆင်းပွဲတွင် သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများနှင့် အမှတ်တရလက်ဆောင်များကို ဌာနဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။ အဆိုပါ သင်တန်းအား ဖေဖော်ဝါရီ ၁၀ ရက်မှ ၂၁ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

# အစောဆုံး ခေတ်ပြောင်းတော်လှန်ရေး နည်းပညာ

နီဇော်သစ်

**ကျွန်တော်တို့ခေတ်၏ နည်းပညာရှင် လက်ရှိ မိုက်ခရိုဆော့ဖ် အေအိုင်စီအီးအို မူဆတာဖာ ဆူလီမန်က လူသားသမိုင်းသည် နည်းပညာသမိုင်းဖြစ်သည်ဟုဆိုသည်။ Sapeins စာအုပ်ဖြင့် ကမ္ဘာကျော်ခဲ့သော သမိုင်းဆရာ ယူဗယ် နိုအာ ဟာရာရီကလည်း အလားတူသဘောမျိုး ရှိပုံရကြောင်း သူ့စာများထဲတွင် တွေ့ရသည်။ လူသားယဉ်ကျေးမှု တိုးတက်ဖွံ့ဖြိုးလာရာ လမ်းတစ်လျှောက်တွင် လူသားတို့ ကိုယ်တိုင်တီထွင်ခဲ့သော နည်းပညာများကပင် လူသားတို့ကို အထောက်အပံ့ပေးခဲ့သည့်အပြင် တစ်ဖန်ပြန်လည်စိုးမိုးမှုများပင်ရှိခဲ့သည်ကို ရည်ရွယ်ကြပုံပေါ်သည်။ အိုင်းရစ်-အမေရိကန် တွေးခေါ်ပညာရှင် တစ်ယောက်ဖြစ်သည့် ဂျွန် ကာလ်ကင်က "ကျွန်တော်တို့က ကိရိယာတွေကို ပုံဖော်တယ်၊ ကျွန်တော်တို့ရဲ့ ကိရိယာတွေက ကျွန်တော်တို့ကို ပြန်ပြီးတော့ပုံဖော်တယ်"ဟု ပြောခဲ့သလိုပင်။**



ထိုသဘောအားဖြင့် ကိရိယာတို့က ကျွန်တော်တို့ကို ပုံပြန်ဖော်သလို အမြင့်ဆုံးပုံဖော်နိုင်စွမ်းရှိသည့် နည်းပညာတို့မှာမူ လူသားသမိုင်းတွင် ခေတ်ပြောင်းတော်လှန်ရေးများအဖြစ် မှတ်တမ်းဝင်သွားခဲ့သည်။ စိုက်ပျိုးရေးတော်လှန်ရေး၊ စက်မှုတော်လှန်ရေးနှင့် နည်းပညာတော်လှန်ရေးဟု အကြမ်းဖျင်းအားဖြင့် ပြောနိုင်သည်။ ထိုနည်းပညာတို့မှာ လူသားတို့၏ နေထိုင်သွားလာစားသောက်မှု အခြေခံသဘောတရားတို့ကိုပါ ပြောင်းလဲသွားစေသောကြောင့် ခေတ်ပြောင်းတော်လှန်ရေးများအဖြစ် သမိုင်းတွင် နေရာပေးခံရခြင်းဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း သောင်းနှစ်ထောင်ဝန်းကျင်တွင် နောက်ဆုံး ရေခဲခေတ်ကုန်ဆုံးသည်ဟု ပညာရှင်များက အတည်ပြုထားကြသည်။ ကမ္ဘာ့ရာသီဥတု အပြောင်းအလဲသည် လူသားတို့အပေါ်များစွာသက်ရောက်မှုရှိခဲ့သည်။ ရေခဲခေတ်ကုန်ဆုံးခြင်းကြောင့် ရေခဲခေတ် တိရစ္ဆာန်ကြီးများ မျိုးသုဉ်းလာရာ အမဲလိုက်စရာနည်းလာသည်။ သို့သော် ရာသီအပြောင်းတွင် ပေါ်ထွက်လာသည့် ကောက်နှံအရိုင်းပင်များသည် လူသားတို့အတွက် အဓိကကျသည့် အစားအသောက်အရင်းအမြစ်ဖြစ်လာမည့် အလားအလာကောင်းများကို ပေးနေပြီဖြစ်သည်။ ထိုအချိန်တွင် လူသားတို့သည် မီးနှင့် ရေကို အသုံးချတတ်၊ အိုးလည်း လုပ်တတ်နေပြီ။ ကောက်နှံများကို ခူးဆွတ်ပြီး ချက်ပြုတ်စားသောက်ခြင်းသည် စားရေရိက္ခာဖူလုံရေးအတွက် ကြီးမားသည့် အလှည့်အပြောင်းတစ်ခုဖြစ်လာသလို ခူးဆွတ်ပြီး သိမ်းဆည်းထားနိုင်ခြင်းသည်လည်း တိုးတက်လာသော လူဦးရေအတွက် လိုက်ဖက်သည့် ဖူလုံမှုကိုဖြစ်စေသည်။ တစ်နည်းအားဖြင့် မြို့ရွာတည်သည့်ယဉ်ကျေးမှု စတင်ဖွံ့ဖြိုးလာခဲ့သည်။ အရိုင်းပင်များကို မှီခိုရာမှ ကိုယ်တိုင်စိုက်ပျိုးသည့် အလေ့အထကို ကျင့်သုံးလာရာ စိုက်ပျိုးရေးတော်လှန်ရေးအဖြစ် ဆင့်ကဲပြောင်းလဲတိုးတက်ခဲ့သည်။

လူသားတို့သည် နှစ်ပေါင်းသိန်းနှင့်ချီ၍ ကျင့်ကြံနေထိုင်လာသော သားလိုက်ရှက်ခူး ခြေသလုံးအိမ်တိုင်ဘဝကို ထိုကာလနှင့်ယှဉ်လိုက်လျှင် ဘာမှမကြာမြင့်လိုက်သောအချိန်အတွင်း အခြေချနေထိုင်သည့်ဘဝသို့ ပြောင်းလဲခဲ့သည်။ သို့သော် ခြေသလုံးအိမ်တိုင် သွားလာနေသည့်အဖွဲ့များ ဆက်ရှိနေပြီး ထိုအဖွဲ့များသည် နောက်ပိုင်း ကုန်သည်များကဲ့သို့ အလုပ်လုပ်သည့်အဖွဲ့များအဖြစ် ယဉ်ကျေးမှုအပြောင်းအလဲတွင် ပါဝင်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ စိုက်ပျိုးတတ်သော အလေ့အထသည် စားရေရိက္ခာဖူလုံစေသည်ထက် ပိုမိုသော အကျိုးသက်ရောက်မှုတို့ရှိစေခဲ့သည်က အမှန်ပင်။ လူတိုင်း စားရေရိက္ခာအတွက် အလုပ်လုပ်နေစရာမလိုတော့ခြင်းသည် အခြားအလုပ်များကို ပိုလုပ်လာနိုင်စေသည်။ အထူးသဖြင့် စိုက်ပျိုးရေးအတွက် အရေးအကြီးဆုံးဖြစ်သော ပျိုးကြဲချိန်၊ ရိတ်သိမ်းချိန်တို့ကို နေ၊ လ၊ နက္ခတ်တို့နှင့် တိုက်ဆိုင်မှတ်သားသည့် နည်းပညာ၊ တစ်နည်းအားဖြင့် နက္ခတ်ပညာ၊ တစ်နည်းအားဖြင့် ပြက္ခဒိန်ပညာသည် အရေးပါလာပြီး နေ၊ လ၊ နက္ခတ်တို့ကို ကျွမ်းကျွမ်းကျင်ကျင် ကြည့်နိုင်သူတို့၏ အခန်းကဏ္ဍမှာလည်း အရေးပါလာသည်။ အနုပညာရှင်များလည်း ပေါ်ထွက်လာသည်။ ဒဏ္ဍာရီများလည်း ပိုပြောလာနိုင်ပြီး ကိုးကွယ်ယုံကြည်မှုများ ပိုအားကောင်းလာသည်။ လူဦးရေလည်း တိုးပွားလာသည်။

ထိုအချက်များထက် ပို၍အရေးကြီးသည်မှာ မြေယာပိုင်ဆိုင်မှုရှိလာခြင်းပင်။ ဤနေရာတွင် အထွေထွေသုံးနည်းပညာတို့၏ ပါဝါပြန်လည်ဖြန့်ဝေမှုကို သိသိသာသာမြင်ရစေသည်။ သားလိုက်ရှက်ခူးဘဝက သာတူညီမျှ ခွဲဝေစားသောက်မှုမှ မြေပိုင်ဆိုင်သူသည် ပါဝါအားကြီးသူအဖြစ် ပေါ်ထွက်လာသည်။ အမေရိကန်သမိုင်းပညာရှင် ဂျာရက်ဒိုင်းမွန်က သူ၏ Guns, Germs, and Steel စာအုပ်ထဲတွင် "အစားအသောက်ထုတ်လုပ်မှု တိုးတက်လာခြင်းသည် လူ့အဖွဲ့အစည်းများအတွင်း အထူးပြုလုပ်သားများနှင့် အုပ်ချုပ်သူများပေါ်ထွက်လာစေရန် အားပေးသည်။ ပထမဆုံး ဗဟိုထိန်းချုပ်ပြည်ထောင်များနှင့် စနစ်တကျဖွဲ့စည်းထားသော စစ်ပွဲတို့ကို ဦးတည်သွားစေသည်" ဟု မှတ်ချက်ပြုထားသည်။ လူတန်းစားကွဲပြားမှု စတင်ဖြစ်တည်လာသည်။

လူဦးရေ များပြားလာခြင်းနှင့် လူတန်းစားကွဲပြားခြင်းတို့သည် အုပ်ချုပ်မှုပုံစံတစ်မျိုးမျိုးကို ဖြစ်လာစေသည်။ အထွက်ကောင်းသောမြေရှင်များသည် စီးပွားရေးနှင့် အုပ်ချုပ်ရေး (နိုင်ငံရေး)တွင် အဓိကကျလာသည်။ ဟာရာရီက Sapiens စာအုပ်ထဲတွင် "သမိုင်းတွင် ပထမဆုံးအနေဖြင့် လူတစ်ယောက်၏ အသက်မွေးမှုသည် သူ၏ ကျွမ်းကျင်မှုနှင့် ရွေ့လျားနိုင်စွမ်းတို့အပေါ်တွင် မူမတည်တော့ဘဲ မြေပိုင်ဆိုင်မှုပေါ်တွင် ရုတ်ခြည်းမူတည်သွားခဲ့ပြီး စီးပွားရေးနှင့် လူမှုရေးမညီမျှမှုများ စတင်ဖြစ်ပေါ်လာစေသည်"ဟု ဆိုသည်။ မြေယာသည် ဥစ္စာဓန၏ အဓိကအရင်းအမြစ်ဖြစ်လာပြီး နောက် မြေပိုင်ရှင်တို့သည် ဓနအင်အား၊ တိုက်ခိုက်ရေးအင်အား၊ ဘာသာရေးယုံကြည်မှုတို့ကိုသုံးကာ ထိန်းချုပ်မှုများ စတင်လာခဲ့သည်။

စိုက်ပျိုးရေးတော်လှန်ရေး၏ နောက်ထပ်သိသာထင်ရှားသော အကျိုးဆက်တစ်ခုမှာ ယောကျ်ား-မိန်းမ ခွဲခြားဆက်ဆံမှု စတင်ဖြစ်ထွန်းလာခြင်းပင်။ သားလိုက်ရှက်ခူးဘဝက ယောကျ်ား-မိန်းမ တန်းတူညီမျှသည်။ လုပ်အားခွဲဝေမှု ကြီးကြီးမားမားမကွဲပြားပေ။ အခြေချနေထိုင် စိုက်ပျိုးလုပ်ကိုင်သည့်အချိန်တွင် ယောကျ်ားတို့သည် မြေယာနှင့် ကိရိယာများကို ကိုင်တွယ်ထိန်းချုပ်ပြီး ဆုံးဖြတ်ချက်များချမှတ်ကာ မိန်းမတို့မှာ အိမ်မှုကိစ္စလုပ်ရသည့်ဘက်သို့ ရောက်သွားခဲ့သည်။ ဩစတြီးယားဖွား အမေရိကန်အမျိုးသမီး သမိုင်းပညာရှင် ဂါဒါလာနာက သူ၏ The Creation of Patriarchy စာအုပ်ထဲတွင် "စိုက်ပျိုးရေးက အမျိုးသားလုပ်အားကို စီးပွားရေးပါဝါနဲ့ ပတ်သက်စေပြီး အမျိုးသမီးလုပ်အားကို ဝမ်းရေးဖူလုံမှု၊ မျိုးပွားမှုတွေနဲ့ ပတ်သက်စေခဲ့တာကြောင့် လူ့အဖွဲ့အစည်းထဲမှာ ယောကျ်ား-မိန်းမ မညီမျှမှုတွေ စဖြစ်လာတယ်"ဟု ရေးထားသည်။

အထက်ပါ အချက်များမှာ ရှေ့ကပြောခဲ့သလို နည်းပညာက လူသားတို့၏ ဓလေ့ထုံးတမ်းများကို ပြန်လည်ပုံဖော်ပေးခြင်းမျိုးဖြစ်သည်။ စိုက်ပျိုးရေးက ဖန်တီးပေးလိုက်သော မြေယာပိုင်ဆိုင်မှုသည် ယနေ့အထိ အကျိုးသက်ရောက်မှုရှိသည်။

လွန်ခဲ့သော နှစ်ပေါင်းတစ်သောင်းက စတင်ခဲ့သည့် စိုက်ပျိုးရေးတော်လှန်ရေးသည် လွန်ခဲ့သော နှစ်ပေါင်း သုံးထောင်ခန့်တွင် ရပ်တန့်သွားသည်။ ဆိုလိုသည်မှာ လွန်ခဲ့သော နှစ်ပေါင်းသုံးထောင်နောက်ပိုင်းတွင် လူသားတို့သည် စားစရာအသစ်များ ထပ်မရှာကြတော့။ အဆိုပါ နှစ်ပေါင်းတစ်သောင်းမှ သုံးထောင်အတွင်း ရှာထားသည့် အစားအစာတို့ကိုသာ ဆက်လက် စိုက်ပျိုး၊ (ဤနေရာတွင် မွေးမြူရေးပါ ထည့်တွက်ရပါမည်) မွေးမြူစားသောက်ခဲ့ကြသည်ဟုဆိုလိုသည်။ သို့သော် စိုက်ပျိုးရေးနည်းပညာမှာမူ အထွေထွေသုံးနည်းပညာတစ်မျိုးဖြစ်သည်နှင့်အညီ တိုးတက်လာသော အခြားနည်းပညာတို့နှင့် လိုက်၍ ပြောင်းလဲတိုးတက်နေဆဲ။

စိုက်ပျိုးရေးတော်လှန်ရေးကို အနှစ်ချုပ်ပြန်ကြည့်လျှင် လွန်ခဲ့သောနှစ်ပေါင်း သောင်းနှစ်ထောင်ဝန်းကျင် ရေခဲခေတ်ကုန်ဆုံးချိန်၌ ကောက်နှံအရိုင်းတောများအနီးတွင် ယာယီအခြေချနေထိုင်မှုများဖြင့် စတင်ခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်းတစ်သောင်းမှ ရှစ်ထောင်အတွင်း မက်ဆိုပိုတေးမီးယား၊ တရုတ်၊ မြောက်အမေရိကတောင်ပိုင်းနှင့် အလယ်အမေရိက ပစိဖိတ်ကမ်းရိုးတန်း၊ အာဖရိကတို့တွင် စိုက်ပျိုးရေးနည်းပညာများ သီးခြားလွတ်လပ်စွာ ပေါ်ထွန်းခဲ့သည်။ ထိုကာလအတွင်းမှာပင် မွေးမြူရေးနှင့် ရွာတည်ထောင်နေထိုင်ခြင်းတို့ ဖြစ်ထွန်းသည်။ လွန်ခဲ့သော နှစ်ပေါင်းရှစ်ထောင်မှ ငါးထောင်အတွင်း စိုက်ပျိုးရေး တိုးတက်ပြန့်ပွားလာပြီး မြို့ပြနေထိုင်မှုများ စတင်သည်။ လွန်ခဲ့သော နှစ်ပေါင်း ငါးထောင်မှ သုံးထောင်အတွင်း မက်ဆိုပိုတေးမီးယား၊ ယူဖရေးတီး-တိုက်ဂရစ်မြစ်ဝှမ်း၊ အိန္ဒုမြစ်ဝှမ်း၊ မြစ်ဝါမြစ်ဝှမ်းတို့တွင် ယဉ်ကျေးမှုကြီးများ စတင်ပေါ်ထွန်းလာပြီး အစားအစာအသစ် ထပ်မံရှာဖွေခြင်းမလုပ်ကြတော့ပေ။ နည်းပညာအားဖြင့်မူ သဘာဝမိုးကို အားကိုးရာမှ ရေသွင်းစိုက်လာသည့် ရှေးအကျဆုံး နည်းပညာတိုးတက်မှုမှသည် ၁၉ ရာစုနှင့် ၂၀ ရာစုအတွင်း စက်မှုနှင့် လျှပ်စစ်နည်းပညာများ ထွန်းကားမှုနှင့်အညီ လိုက်ပါတိုးတက်ခဲ့ပြီး ယနေ့ခေတ် အေအိုင်နှင့် ဇီဝအတု နည်းပညာတို့ကဲ့သို့ ခေတ်ရှေ့ပြေးနည်းပညာများကလည်း စိုက်ပျိုးရေးကို တိုးတက်အောင် ဆက်လုပ်ပေးရန် ပြင်ဆင်နေပြီဖြစ်သည်။ ။

**References**

- **Guns, Germs, and Steel by Diamond, J. (1997).**
- **Sapiens by Harari, Y. N. (2014).**
- **The Creation of Patriarchy by Lerner, G. (1986).**

## နေအတုစမ်းသပ်မှု စံချိန်သစ်တင်


ပေါင်းစည်းနျူကလီးယား နည်းပညာသုံးပြီး ဓာတ်ပေါင်းဖိုထဲ၌ နေအတုဖန်တီးမှု စမ်းသပ်ချက်မှာ ပလာစမာအခြေကို ၂၂ မိနစ် ထိန်းထားနိုင်ခြင်းဖြင့် စံချိန်သစ်တင်ခဲ့သည်။

ပြင်သစ်တောင်ပိုင်းရှိ WEST (W Environment in Steady-State Tokamak) ဓာတ်ပေါင်းဖိုတွင် အက်တမ်နှစ်ခုကို ပေါင်းစည်းပြီး ထွက်ပေါ်လာသော ကြီးမားသည့် စွမ်းအင်ကို ၂၂ မိနစ်အထိ ထိန်းထားနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုနည်းပညာမှာ နေမှ အပူ၊ အလင်းအစရှိသည့် စွမ်းအင်များ ဖြာထွက်စေခြင်းဖြင့် နေဟူ၍ ဖြစ်တည်စေသည့် နေ၏ အတွင်းပိုင်း၌ဖြစ်နေသော သဘောတရားအတိုင်း လုပ်ထားခြင်းကြောင့် နေအတုဟုလည်း ခေါ်ကြသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီတွင် တရုတ်နိုင်ငံ၏ EAST (Experimental Advanced Superconducting Tokamak) ဓာတ်ပေါင်းဖို၌ အဆိုပါ စွမ်းအင်ကို ၁၈ မိနစ်နီးပါး ထိန်းထားခြင်းဖြင့် စံချိန်တင်ထားရာ ယခု စမ်းသပ်ချက်က ထိုစံချိန်ကို ချိုးလိုက်ခြင်းဖြစ်သည်။

ပေါင်းစည်းနျူကလီးယားနည်းပညာသည် အနာဂတ်စွမ်းအင် အထောက်အပံ့အတွက် အလေးထားရသော အဓိကနည်းပညာတစ်ခုဖြစ်သည်။ သို့သော် ထိုသို့ထောက်ပံ့နိုင်စေရန် အဆိုပါစွမ်းအင် ထိန်းသိမ်းမှုမျိုးကို နှစ်နှင့်ချီ၍ လုပ်နိုင်ရန်လိုအပ်သည်။ လုပ်နိုင်လျှင်တော့ အကန့်အသတ်မရှိသလောက်ဖြစ်သော သန့်စင်သည့် စွမ်းအင် အရင်းအမြစ်ကိုရရှိပြီဟု လက်ခမောင်းခတ်နိုင်မည်ဖြစ်သည်။

Ref: Daily Mail



# ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း (၁-၂-၂၀၂၅ ရက်နေ့မှ ၁၅-၂-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz-Scanner၊ Air Quality Monitoring Station (AQM-65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဒဂုံမြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>International Business Center (IBC)၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td>လက်ခံနိုင်သော</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်</td><td>ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံမြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပုသိမ်ကြီးမြို့နယ်</td><td>ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td><td>ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ကျောက်ဆည်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>မိတ္ထီလာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကသာမြို့</td><td colspan="3">လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td><td>လက်ခံနိုင်သော</td></tr>
<tr><td></td><td>၃</td><td>စစ်ကိုင်းမြို့</td><td>ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td>–</td><td colspan="3">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="2">လက်ခံနိုင်သော</td><td>–</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြဝတီမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td colspan="2">ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td>–</td><td>–</td><td colspan="2">ကောင်းမွန်</td><td>–</td><td>–</td></tr>
<tr><td></td><td>၂</td><td>တာချီလိတ်မြို့</td><td>ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၃</td><td>ကျိုင်းတုံမြို့</td><td>ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သောလေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကိုအလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက်ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ဘယ်လင်ဂမ်ရဲ့ ပွဲပယ်ပြစ်ဒဏ်လျှော့ကျရေး ရီးယဲလ်မက်ဒရစ်အသင်း လျှောက်လဲချက်တင်မည်

ရီးယဲလ်မက်ဒရစ်အသင်းဟာ ပြီးခဲ့တဲ့သီတင်းပတ်အတွင်းက အိုဆာဆူနာအသင်းနဲ့ပွဲစဉ်မှာ တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခံခဲ့ရကာ နှစ်ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရတဲ့ အင်္ဂလန်ကြယ်ပွင့် ဘယ်လင်ဂမ်ရဲ့ ပွဲပယ်ပြစ်ဒဏ်လျှော့ကျမှုရှိစေရေးအတွက် လျှောက်လဲချက်တင်သွားမှာဖြစ်တယ်လို့ နည်းပြအန်စလော့တီက ပြောကြားခဲ့ပါတယ်။

အင်္ဂလန်ကြယ်ပွင့် ဘယ်လင်ဂမ်ဟာ အိုဆာဆူနာအသင်းနဲ့ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။ အဲဒီတိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရတာနဲ့ ပတ်သက်ပြီးလည်း ကွင်းလယ်ဒိုင် မွန်တီရိုက အဲဒီပွဲစဉ်မှာ ဘယ်လင်ဂမ်အနေနဲ့ ရိုင်းစိုင်းစွာပြုမူပြောဆိုခဲ့တာဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

လက်ရှိအချိန်မှာ ဘယ်လင်ဂမ်ကို စပိန်ဘောလုံးအဖွဲ့ချုပ်က နှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့တာဖြစ်ပြီး စပိန်ဘောလုံးအဖွဲ့ချုပ်က လက်ရှိချမှတ်ထားတဲ့ ပွဲပယ်ပြစ်ဒဏ်အရ ဂျီရိုနာအသင်းနဲ့ ယှဉ်ပြိုင်ကစားမယ့်ပွဲစဉ်နဲ့ လာမယ့်လမှာ ရီးယဲလ်ဘတ်တစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားမယ့်ပွဲစဉ်တွေမှာ လွဲချော်ရဖို့ ရှိနေတာဖြစ်ပါတယ်။



ငွေကြယ် - ရေးသားသည်



# အဆန်စီယိုရဲ့ သွင်းဂိုးတွေနဲ့ ချယ်လ်ဆီးအသင်းကို အနိုင်ရပြီး အက်စ်တွန်ဗီလာအသင်း ပရီမီယာလိဂ်အဆင့်(၇)နေရာတက်လှမ်း

အက်စ်တွန်ဗီလာအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ပရီမီယာလိဂ်ပွဲစဉ်(၂၇)ရဲ့ နောက်ဆုံးပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၂၂ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်မှာ အက်စ်တွန်ဗီလာအသင်းက ချယ်လ်ဆီးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အဆင့်(၇)နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

အက်စ်တွန်ဗီလာအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ရဲ့ ပွဲစဉ်မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့ရတဲ့ ချယ်လ်ဆီးအသင်းက ပွဲကစားချိန် ကိုးမိနစ်မှာ ဖာနန်ဒက်ဇ်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် အိမ်ရှင်အက်စ်တွန်ဗီလာအသင်းက အခုအပြောင်းအရွှေ့ကာလအတွင်းမှာ ခေါ်ယူထားတဲ့ အဆန်စီယိုရဲ့ ပွဲကစားချိန် ၅၇ မိနစ်နဲ့ ၈၉ မိနစ်တို့မှာ သွင်းယူခဲ့တဲ့ သွင်းဂိုး နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ အက်စ်တွန်ဗီလာအသင်းနဲ့အတူ သွင်းဂိုးနှစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး အဆန်စီယိုဟာ အက်စ်တွန်ဗီလာအသင်းဆီကို ပြောင်းရွှေ့လာခဲ့ပြီး နောက်ပိုင်း ပထမဆုံးပရီမီယာလိဂ် သွင်းဂိုး သွင်းယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

အက်စ်တွန်ဗီလာ အသင်းဟာ ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၆)နေရာက ချယ်လ်ဆီးအသင်းနဲ့ တစ်မှတ်အကွာ၊ အမှတ်ပေးဇယားအဆင့်(၄)နေရာက မန်စီးတီးအသင်းနဲ့ နှစ်မှတ်အကွာ အနေအထားမှာ ရပ်တည်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

# အာဆင်နယ်နဲ့ မန်ယူတိုက်စစ်မှူးဟောင်း ဗန်ပါစီကို ဖီယင်နူအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်



အာဆင်နယ်အသင်းနဲ့ မန်ယူအသင်းတို့ရဲ့ တိုက်စစ်မှူးဟောင်း ဗန်ပါစီကို ဖီယင်နူအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်ပါတယ်။

**အနားယူခဲ့**

အသက် ၄၁ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဗန်ပါစီဟာ ၂၀၁၉ ခုနှစ်အတွင်းက ကစားသမားဘဝကနေ အနားယူခဲ့တာဖြစ်ပြီး ဗန်ပါစီဟာ နည်းပြ ဒစ်အက်ဂ်ဗိုကတ်ရဲ့ လက်ထက်မှာ ဖီယင်နူအသင်းနဲ့အတူ လက်ထောက်နည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့ဖူးသူ ဖြစ်ပါတယ်။

ဗန်ပါစီဟာ ဖီယင်နူအသင်းနဲ့အတူ ၂၀၂၇ ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့တာဖြစ်ပြီး ဖီယင်နူအသင်းဟာ လက်ရှိအချိန်မှာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ အေဂျက်အသင်းအောက် ၁၁ မှတ်အကွာ အမှတ်ပေးဇယားအဆင့်(၃)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ဗန်ပါစီဟာ ၂၀၀၄ ခုနှစ်မှစတင်ကာ အာဆင်နယ်အသင်းနဲ့အတူ ရှစ်နှစ်ကြာ ပါဝင်ကစားခဲ့ပြီး ၂၀၁၂ ခုနှစ်အတွင်းက မန်ယူအသင်းသို့ မပြောင်းရွှေ့မီအချိန်အထိ အာဆင်နယ်အသင်းအတွက် အက်ဖ်အေဖလား တစ်ကြိမ်ဆွတ်ခူးပေးနိုင်ခဲ့တာဖြစ်ပါတယ်။ မန်ယူအသင်းဆီကို ပြောင်းရွှေ့လာချိန်မှာတော့ ဗန်ပါစီအနေနဲ့ ပထမဘောလုံးရာသီမှာပဲ ပရီမီယာလိဂ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

# ဂျက်ဒရက်ပါကို အနိုင်ရပြီး အန်ဒရီရက်ဘ်လက်ဗ် ကာတာအိုးပင်းတင်းနစ်ဖလားဆွတ်ခူး



ရုရှားတင်းနစ်ကစားသမား အန်ဒရီရက်ဘ်လက်ဗ်ဟာ ဖေဖော်ဝါရီ ၂၂ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသား တစ်ဦးချင်း တင်းနစ်ပြိုင်ပွဲမှာ ဗြိတိန်နံပါတ်တစ် တင်းနစ်ကစားသမား ဂျက်ဒရက်ပါကို အနိုင်ရရှိခဲ့တာကြောင့် ကာတာအိုးပင်း တင်းနစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

ဗြိတိန်နံပါတ်တစ် တင်းနစ်ကစားသမား ဂျက်ဒရက်ပါဟာ အခုပွဲစဉ်မှာ ရုရှားတင်းနစ်ကစားသမား အန်ဒရီရက်ဘ်လက်ဗ်ကို အနိုင်ယူပြီး ကစားသမားဘဝတစ်လျှောက် သုံးကြိမ်မြောက် ATP Tour တင်းနစ်ဖလားကို ရယူနိုင်ရေး မျှော်မှန်းထားခဲ့ပေမယ့် ရုရှားတင်းနစ်ကစားသမား အန်ဒရီရက်ဘ်လက်ဗ်ကို ၇-၅၊ ၅-၇၊ ၆-၁ နဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ ဂျက်ဒရက်ပါဟာ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ စတုဂတ်အိုးပင်းနဲ့ ဗီယင်နာအိုးပင်းပြိုင်ပွဲတို့မှာ ချန်ပီယံဆုတွေ ရယူဆွတ်ခူးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

ကာတာနိုင်ငံ ဒိုဟာမြို့မှာ ကျင်းပခဲ့တဲ့ ကာတာအိုးပင်းတင်းနစ်ဖလား အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲစဉ်မှာ ဂျက်ဒရက်ပါအနေနဲ့ အန်ဒရီရက်ဘ်လက်ဗ်ကို ရှုံးနိမ့်ခဲ့တာကြောင့် အန်ဒရီရက်ဘ်လက်ဗ်ဟာ ကမ္ဘာ့အဆင့် ၁၂ နေရာကို တက်လှမ်းခွင့်ရရှိတော့မှာ ဖြစ်ပါတယ်။

# ရုရှားတင်းနစ်မယ် အန်ဒရီဗာ ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ဖလား ဆွတ်ခူး

ရုရှားတင်းနစ်မယ် အန်ဒရီဗာနဲ့ ဒိန်းမတ်တင်းနစ်မယ် ကလာရာတော်ဆင်တို့ ဖေဖော်ဝါရီ ၂၃ ရက်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်မှာ ရုရှားတင်းနစ်မယ် အန်ဒရီဗာက အနိုင်ရရှိခဲ့တာကြောင့် ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။



အန်ဒရီဗာနဲ့ ကလာရာတော်ဆင်တို့ရဲ့ပွဲစဉ်မှာ အန်ဒရီဗာက ၇-၆(၇-၁)၊ ၆-၁ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အန်ဒရီဗာအနေနဲ့ အသက် ၁၇ နှစ်အရွယ်နဲ့ ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့တာကြောင့် ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက် အသက်အငယ်ဆုံးနဲ့ ချန်ပီယံဖြစ်ခဲ့တဲ့ တင်းနစ်မယ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

ရုရှားတင်းနစ်မယ် အန်ဒရီဗာဟာ လက်ရှိ ကမ္ဘာ့အမျိုးသမီးတင်းနစ်မယ် အဆင့်မှာလည်း အဆင့် ၁၄ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

# တနင်္သာရီတိုင်းဒေသကြီးအတွင်း ပနားမီးပုစွန်ဖြူ ၂၂၁၇ ဒသမ ၅၆ ဧက မွေးမြူထုတ်လုပ်လျက်ရှိ

မြိတ် ဖေဖော်ဝါရီ ၂၃

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရေဖြူ၊ ကျွန်းစု၊ ပုလောနှင့် ကော့သောင်းစသည့်မြို့နယ်တို့တွင် ပနားမီးပုစွန်ဖြူများကို ၂၂၁၇ ဒသမ ၅၆ ဧက မွေးမြူထုတ်လုပ်လျက်ရှိကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ထံမှ သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးရာသီရေငန်ပုစွန်မွေးမြူရာတွင် ရေငန်နှုန်းကျဆင်းခြင်းကြောင့် ပုစွန်ကြီးထွားနှုန်းကျဆင်းခြင်း၊ ရောဂါပိုးဝင်ခြင်းများ ဖြစ်ခဲ့သည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိုးရာသီကာလတွင် ပုစွန်လျှော့မွေးပြီး နွေရာသီ၌ ပိုမိုမွေးမြူထုတ်လုပ်ရန် ဆောင်ရွက်နေကြကြောင်း သိရသည်။

ပြည်ပသို့ရေငန်ပုစွန်များတင်ပို့ရာတွင် တရုတ်နိုင်ငံသို့ ပြုတ်၍လည်းကောင်း၊ ဂျပန်နိုင်ငံသို့ အေးခဲ၍လည်းကောင်း တင်ပို့လျက်ရှိသည်။ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးအတွက် ပင်လယ်ပြင်အတွင်း ဖမ်းဆီးမှု ထက်တိုးချဲ့မွေးမြူရေးကိုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



"ကျွန်တော်တို့မြိတ်ခရိုင်မှာ အဓိကပြည်ပကို ပို့နေတဲ့ ရေထွက်ကုန်လုပ်ငန်းကတော့ ကမ်းဝေးငါးဖမ်းလုပ်ငန်းလုပ်ကိုင်လျက်ရှိပါတယ်။ ပင်လယ်ပြင်အတွင်း ငါးဖမ်းလုပ်ငန်းကတော့ ရေသယံဇာတကို ထုတ်ယူသုံးစွဲရတာဖြစ်တဲ့အတွက် အကန့်အသတ်ရှိပါတယ်။ မြိတ်ခရိုင်အတွင်းမှာ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်း ဧကပေါင်း ၁၅၀၀ ကျော်ရှိပြီး ယခုဘဏ္ဍာနှစ်အတွင်းမှာ မွေးမြူရေးလုပ်ငန်း ခုနစ်ခုအထိ တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယခုလက်ရှိမှာ ကျွန်းစုမြို့နယ်နဲ့ ပုလောမြို့နယ် မွေးမြူရေးလုပ်ငန်း လေးခုရှိပါတယ်"ဟု မြိတ်ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရေဖြူမြို့နယ်၊ ကျွန်းစုမြို့နယ်၊ ပုလောမြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့တွင် ပနားမီးပုစွန်ဖြူများကို ၂၂၁၇ ဒသမ ၅၆ ဧက မွေးမြူထားကြောင်း သိရသည်။

ထို့ပြင် သရက်ချောင်း၊ မြိတ်၊ ပုလော၊ ဘုတ်ပြင်း၊ ကော့သောင်း စသည့်မြို့နယ်များတွင်လည်း ခွင့်ပြုမိန့်ဖြင့် ၂၆၆၂ ဒသမ ၆၈ ဧကနှင့် ကျွန်းစုမြို့နယ်တွင် ၃၉၀ ဒသမ ၁၂ ဧကတို့ကို တိုးချဲ့မွေးမြူထားကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ရေထွက်ကုန်ပစ္စည်းများ တင်ပို့မှုတွင် ထားဝယ်ခရိုင်၊ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့မှ ရေထွက်ကုန်ပစ္စည်းများဖြစ်သည့် ငါး၊ ပုစွန်၊ ကင်းမွန်နှင့် အခြားရေထွက်ကုန်များကို ပြည်ပသို့ လမ်းကြောင်းငါးခုဖြင့် တင်ပို့လျက်ရှိကြောင်း သိရသည်။

ယခင်နှစ်နိုဝင်ဘာလအတွင်းက တနင်္သာရီတိုင်းဒေသကြီးမှ ထိုင်းနိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင်မြိတ်ခရိုင်၊ မောတောင်နှင့် ကော့သောင်းတို့မှ ရေထွက်ကုန်ပစ္စည်းများ တင်ပို့နိုင်မှုမှာ ၄၄၇၁ ဒသမ ၃၅ တန်ဖြစ်ပြီး မောတောင်မှ ငါးအမျိုးအစား ၂၀ ကျော် အစိုတင်ပို့ကာ ကော့သောင်းမှ ငါးမုတ်အခြောက်တင်ပို့နေကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပနားမီးရေငန်ပုစွန်များပြည်ပသို့ နှစ်စဉ်တင်ပို့လျက်ရှိရာ ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဧပြီလမှ ဒီဇင်ဘာလအထိ ရေငန်ပုစွန်တန်ချိန်ပေါင်း ၅၉၄၆ ဒသမ ၁၈၇ တန်ကိုတင်ပို့နိုင်ခဲ့ကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် မြိတ်ခရိုင်အခြေစိုက် ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သည့် ကမ်းဝေးငါးဖမ်းအစင်းရေ ၁၂၀၀ ကျော်ရှိပြီး ပင်လယ်ပြင်ငါးဖမ်းလုပ်ကိုင်နေသည့် ကမ်းဝေးငါးဖမ်းလှေအစင်းရေ ၉၀၀ ခန့်တို့မှာ ပုံမှန်လုပ်ကိုင်လျက်ရှိကြောင်း မြိတ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**မြင့်ဦး(မြိတ်)**

---

**✪ ကျောဖုံးမှ**

ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၊ ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား- မိုးကောင်းလမ်းပိုင်း၊ လက်ပံတန်း-သာရဝေါလမ်းပိုင်းနှင့် သာစည်-ရွှေညောင်လမ်းပိုင်း စသည့်လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၈ ရက်မှစတင်၍ နေပြည်တော်-ရန်ကုန်-နေပြည်တော် ခရီးစဉ်အား ဂျပန်နိုင်ငံမှ ဝယ်ယူရောက်ရှိလာသည့်ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များဖြင့် စတင်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခေတ်မီ DEMU ရထားတွဲဆိုင်းဖြင့် နေပြည်တော်မှ ရန်ကုန်အထိ စတင်စမ်းသပ်ပြေးဆွဲသည့် ခရီးစဉ်အဖြစ် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ဘူတာကြီးမှ စတင်ထွက်ခွာခဲ့ပြီး မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ် ၂၀၂၅ (MSME)နေပြည်တော်သို့တက်ရောက်လာကြသည့် ကုမ္ပဏီအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂလိက လုပ်ငန်းရှင်များအပါအဝင် ခရီးသွားပြည်သူ ၁၃၀ လိုက်ပါစီးနင်းခဲ့ကြကာ ရန်ကုန်ဘူတာသို့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင်ရောက်ရှိကြောင်းနှင့် နေပြည်တော်မှ ရန်ကုန်သို့ ဘူတာစဉ်ရပ်တန့်ချိန်များအပါအဝင် ခရီးသွားချိန် ၅ နာရီ မိနစ် ၅၀ ကြာမြင့်ကြောင်း သိရသည်။

အဆင့်မြှင့်တင်ပြီးဖြစ်သည့် ရန်ကုန်-နေပြည်တော် ရထားလမ်းပိုင်း၌ ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ပြေးဆွဲမည့် DEMU ရထားတွင် ပထမတန်းလေးတွဲ၊ အထက်တန်း နှစ်တွဲ စုစုပေါင်းတွဲဆိုင်း ခြောက်တွဲဖြင့် ခရီးသည် ၃၁၂ ဦး လိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီး နေပြည်တော်-မန္တလေး ပြေးဆွဲမည့် လေအိတ်ရထားခရီးစဉ်အတွက် ရိုးရိုးတန်းလေးတွဲ၊ အထက်တန်းနှစ်တွဲ စုစုပေါင်းတွဲဆိုင်း ခြောက်တွဲဖြင့် ခရီးသည် ၃၃၀ လိုက်ပါစီးနင်းနိုင်မည်ဖြစ်ကာ ရထားအချိန်စာရင်းနှင့် လက်မှတ်ခနှုန်းထားတို့ကို မြန်မာ့မီးရထားမှ ထပ်မံထုတ်ပြန်သွားမည်ကြောင်း သိရသည်။

ခရီးသည်များအနေဖြင့် အဆိုပါ DEMU ရထားနှင့် လေအိတ်ရထားများကို နေပြည်တော်ဘူတာတွင် ပြောင်းလဲလိုက်ပါ စီးနင်းနိုင်မည် ဖြစ်သည်။

ရန်ကုန်-မန္တလေး ခရီးစဉ်တစ်လျှောက် ပဲခူး၊ ဖြူး၊ တောင်ငူ၊ နေပြည်တော်၊ သာစည် ဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်စေရေး ခေတ်မီလူစီးတွဲများ ဖြည့်တင်း/ ထုတ်လုပ်ခြင်း၊ ရထားလမ်းအဆင့်မြှင့်တင်ခြင်း၊ ဘူတာရုံများ အဆင့်မြှင့်တင်ခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---



# ရန်ကုန်ယူနိုက်တက်အသင်း နောက်ဆုံးပွဲမတိုင်မီ ဒုတိယနေရာရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၁)စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၂၃ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းက ဒဂုံစတားယူနိုက်တက်အသင်းကို သုံးဂိုးပြတ်အနိုင်ရရှိပြီး ဒုတိယနေရာရရန် သေချာခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ဂိုးပြတ်နိုင်ပွဲဖြင့် နောက်ဆုံးပွဲမတိုင်မီ ဒုတိယဆုရရှိခဲ့ပြီး ဒဂုံစတားယူနိုက်တက်အသင်းမှာမူ စတုတ္ထနေရာဖြင့် ကျေနပ်ခဲ့ရသည်။ ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲလိုသေးသော်လည်း ချန်ပီယံဆုကို ရှမ်းယူနိုက်တက်၊ ဒုတိယဆုကို ရန်ကုန်ယူနိုက်တက်၊ တတိယဆုကို ဟံသာဝတီယူနိုက်တက်၊ စတုတ္ထနေရာကို ဒဂုံစတားယူနိုက်တက်အသင်း ရယူနိုင်ရန် သေချာခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ပိုဖိကစားနိုင်ခဲ့သည်။ ၂၆ မိနစ်တွင် ရန်ကုန်ယူနိုက်တက်အသင်း အဖွင့်ဂိုးရခဲ့ပြီး အသင်းခေါင်းဆောင် ဒေးဗစ်ထန်က ပင်နယ်တီဧရိယာအတွင်းမှ အပြင်းကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ဒဂုံစတားယူနိုက်တက်အသင်းက ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းခဲ့သော်လည်း ဂိုးမသွင်းယူနိုင်ခဲ့ပေ။ ပွဲပြီးခါနီးတွင် ရန်ကုန်ယူနိုက်တက်အသင်း အနိုင်ဂိုးများ ဆက်တိုက်ရရှိခဲ့ပြီး ၈၆ မိနစ်တွင် ရန်ကျော်ထွေးနှင့် ၉၀+၃ မိနစ်တွင် ဇော်ဝင်းသိန်းတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက် ကွင်းလယ်ကစားသမား ဇော်ဝင်းသိန်းက ရရှိသည်။

ပွဲစဉ်(၂၁)နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ရောဝတီယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း- ကိုညီလေး**

**ဓာတ်ပုံ-MNL**

---

**❖ နေရာကွက်ကျားမှ**

ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

---

**❍ နီပေါနိုင်ငံမှ**

နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၆ မိနစ်တွင် မြတ်နိုးခင်၊ ၁၆ မိနစ်တွင် မေထက်လူတို့က မြန်မာအသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူသော်လည်း ၁၁ မိနစ်တွင် ရာနာမာဂါနှင့် ၄၁ မိနစ်တွင် ဘီဟာန်ဒါရီတို့က နီပေါအသင်းအတွက် ချေပဂိုးများပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်မသွင်းနိုင်သဖြင့် ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

အုပ်စုပွဲစဉ်များအပြီးတွင် မြန်မာအသင်းနှင့် နီပေါအသင်း ခုနစ်မှတ်စီတူညီသော်လည်း ဂိုးကွာခြားချက်ဖြင့် မြန်မာအသင်းက အုပ်စုပထမ၊ နီပေါအသင်းက အုပ်စုဒုတိယရရှိပြီး လက်ဘနွန်အသင်းက သုံးမှတ်၊ ကာဂျစ္စတန်အသင်းက သုံးပွဲစလုံးရှုံးကာ အမှတ်မရခဲ့ပေ။ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် နီပေါအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

---

# MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ်(၁၂)တွင် ဇယားထိပ်ပိုင်းအသင်းအများစု နိုင်ပွဲရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်(၁) ပြိုင်ပွဲ ပွဲစဉ်(၁၂)ကို ဖေဖော်ဝါရီ ၂၃ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ ဇယားထိပ်ပိုင်းမှ အသင်းအများစု နိုင်ပွဲရရှိသည်။

ပွဲစဉ်(၁၂)တွင် MIU အသင်းက Generations အသင်းကို ရှစ်ဂိုး-နှစ်ဂိုး၊ MH Dream Team အသင်းက YCDC Marga အသင်းကို ရှစ်ဂိုး-သုံးဂိုး၊ YRG အသင်းက ဖူဆယ်ချစ်သူအသင်းကို ခုနစ်ဂိုး-တစ်ဂိုး၊ SGF အသင်းက Winner Soccer အသင်းကို သုံးဂိုးပြတ် အနိုင်ရရှိပြီး M2K အသင်းနှင့် VUC အသင်း သုံးဂိုးစီသရေကျခဲ့သည်။ ပွဲစဉ်(၁၂)အပြီးတွင် MIU အသင်းက ၃၄ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး MH Dream Team အသင်းက ၂၆ မှတ်၊ YRG အသင်းက ၂၄ မှတ်၊ M2K အသင်းက ၁၉ မှတ်၊ VUC အသင်းနှင့် Generations အသင်းတို့က ၁၅ မှတ်စီ၊ ဖူဆယ်ချစ်သူအသင်းက ၁၁ မှတ်၊ Winner Soccer အသင်းက ကိုးမှတ်၊ YCDC Marga အသင်းက ရှစ်မှတ်၊ SGF အသင်းက ခုနစ်မှတ် ရရှိထားသည်။

**ကိုညီလေး**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန ပစ္စည်းဟောင်းများရောင်းချရန် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ အောက်ပါပစ္စည်းဟောင်း Lot (၅) ခုအား တင်ဒါစနစ်ဖြင့် ရောင်းချခြင်းကို ဆောင်ရွက်မည်ဖြစ်ပါသည်-

| စဉ် | တည်နေရာ | အမျိုးအစား | Lot No |
|---|---|---|---|
| (က) | ဒဂုံမြို့နယ် ဦးဥတ္တမပန်းခြံ ရုံးချုပ်(စတို) | လုပ်ငန်းသုံးစက်ကိရိယာများနှင့် မော်တာ အဟောင်းအပျက်များ | (1) |
| (ခ) | ဒဂုံမြို့နယ် ဦးဥတ္တမပန်းခြံ ရုံးချုပ်(စတို) | ရုံးသုံး၊ စိမ်းလန်းလုပ်ငန်းသုံး ပစ္စည်း၊ လျှပ်စစ်နှင့်ပတ်သက်သည့် ပစ္စည်း အဟောင်းအပျက်များ | (2) |
| (ဂ) | ဒဂုံ/မြောက်မြို့နယ်၊ ဒဂုံသီရိ မော်တော်ယာဉ်ဝင်း | တာယာ၊ ဘက်ထရီ အဟောင်းအပျက်များ | (3) |
| (ဃ) | အင်းစိန်မြို့နယ် မြို့တော် ဂေါက်ကွင်း | နှစ်ယောက်စီး ဘာဂီအဟောင်းအပျက်များ | (4) |
| (င) | အင်းစိန်မြို့နယ် မြို့တော် ဂေါက်ကွင်း | ရုံးသုံး၊ ဂေါက်ကွင်းသုံး ပစ္စည်း အဟောင်းအပျက်များ | (5) |

၂။ ဖော်ပြပါ ပစ္စည်းအဟောင်းအပျက်များ Lot ( ၅ )ခုအား တင်ဒါစနစ်ဖြင့် အငှားချထားခြင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

(က) တင်ဒါကျင်းပမည့် ရက်နေ့၊ အချိန် - (၁၄-၃-၂၀၂၅ )ရက်နေ့ (၁၃:၀၀) နာရီ

(ခ) တင်ဒါ ကျင်းပမည့်နေရာ - မြို့တော်ခန်းမ၊ ခန်းမ(၂) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

(ဂ) တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ - ဒဂုံမြို့နယ်၊ ဦးဥတ္တမပန်းခြံအတွင်းရှိ ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာန(ရုံးချုပ်)

(ဃ) တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် - (၂၄-၂-၂၀၂၅) ရက်နေ့မှ (၁၀-၃-၂၀၂၅) ရက်နေ့ထိ

(င) တင်ဒါလျှောက်လွှာ တင်သွင်းရမည့် နောက်ဆုံးရက် - (၁၁-၃-၂၀၂၅) ရက်နေ့ (၁၆:၃၀) နာရီ

၃။ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ ဖုန်းနံပါတ်- ၀၉-၅၀၄၉၀၇၁၊ ၀၉-၂၅၆၃၇၇၀၆၅ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့နယ်၊ ကြာထုံးကျေးရွာနေ (ဘ) ဦးသန်းဦး [၁၂/ခရန(နိုင်)၁၀၀၇၁၇]၊ အမိ ဒေါ်သန်းဦး [၁၂/ခရန(နိုင်)၀၃၄၈၆၉] တို့၏သားဖြစ်သူ မောင်တိုးဝင်းကျော် [၁၂/ခရန(နိုင်)၁၁၆၇၁၆]သည် မိဘများ၏ဆိုဆုံးမခြင်းကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ယနေ့စ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသန်းဦး[၁၂/ခရန(နိုင်) ၁၀၀၇၁၇]**

## " ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း "

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၀)၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ(၀.၁၉၁)ဧက၊ (အလျား ၃၈ ပေx အနံ ၁၁၇ ပေ)ရှိ [သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၄)ဟုခေါ်တွင်သော] မြေကွက်ပေါ်တွင် ဆောက်လုပ်ပြီးစီးသည့် အခါ ဖြစ်ပေါ်လာမည့် (၂)ခန်းတွဲ (၆)ထပ်တိုက်အနက်မှ (၃-လွှာ)၊ (ဒုတိယထပ်)၊ မျက်နှာမူလျှင်(လက်ဝဲဘက်)၊ (အလျား ၁၇ ပေ x အနံ ၇၇ ပေ) အကျယ်ရှိမည့် တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ဆက်စပ်လျက်ရှိမည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေပိုင်ရှင်ဖြစ်သူ ဒေါ်ဇင်မာဦး [၁၂/သဃက(နိုင်)၂၀၃၆၃၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှကြည်[၆/မမန(နိုင်)၁၁၆၁၅၈]နှင့် ဒေါ်ခင်ချိုချိုထွန်း [၁၂/သဃက(နိုင်)၁၇၀၅၂၉] တို့က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ များရှိပါက စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာမင်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၆၅၁)**
**အမှတ်(၁၁၇)၊ ၄-လွှာ၊ အောင်မင်္ဂလာပတ်လမ်း၊**
**ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၃၁၃၅၂**

**မိဘမေတ္တာ**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း၊ ရွှေပေါက်ကံမြို့သစ်များ ဈေးကောင်းပေးဝယ်လိုပါသည်။
09 - 407080736

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာ၊ ၆၁/၂-ရပ်ကွက်၊ ရတနာလမ်း၊ တိုက်အမှတ်-5B၊ အခန်းအမှတ်-၁၄၀၇၊ အထပ်-Level-14၊ ဧရိယာ-၆၀၀ စတုရန်းပေအကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် သွယ်တန်းတပ်ဆင်ထားသည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၏ အခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် ဦးသက်ကျော်မြင့် [၁၂/ကတတ(နိုင်)၀၂၅၃၇၅] အမည်ဖြင့် မှတ်သားတည်ရှိပြီး အရှုပ်အရှင်း အမွေဆိုင်တို့ကင်းရှင်းပါကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသဖြင့်ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သွယ်သွယ်စိုး [၈/ရစက(နိုင်)၁၉၂၄၀၁]က အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေများ) ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ကြည်ထွေး တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၀၀)**
**အမှတ်-၁၆(ခ)၊ ရန်ကုန်လမ်း၊ ၆/၉-ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၅၈၅၅၃၊ ၀၉-၇၉၉၄၆၆၉၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

